

# လေရူးသည် စာမတတ်ပါ

## တက္ကသိုလ် ဘုန်းနိုင်

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဇွန်လ၊ ၁၉၉၅ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
ဒုတိယအကြိမ် - ဧပြီလ၊ ၂၀၁၃ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - မျိုးမြင့်
တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅.၈၃
ဘုန်းနိုင်၊ တက္ကသိုလ်။
လေရှူးသည် စာမတတ်ပါ / တက္ကသိုလ်ဘုန်းနိုင်။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ်။
စာမျက်နှာ- ၁၆၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) လေရှူးသည် စာမတတ်ပါ

## လေရူးသည့် စာမတတ်ပါ

# တက္ကသိုလ်ဘုန်းနိုင်


ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၀၀၊ ၀၉-၅၁၂၇၄၉၃
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

**စကားသစ္စာ**

မှန်သောစကား
ဩဇာလေးနက်
ပေါ်ဆိုတက်၍
နှယ်ဖြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။

*ရှင်မဟာသီလဝံသ*

**သစ္စာ**

ငါ့စာဖတ်၍၊ မဖြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းမြေနှစ်ခြိုက်
တွေးနှယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေလျှော့ကျွန်
ငါ့ဝတ်မွန်ပြီ၊ ငါမွန်အမြတ်
ငါ့အတတ်ဟူ၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

*တက္ကသိုလ်ဘုန်းနိုင်*

# အခန်း - ၁

အတိတ်နှင့် ပစ္စုပ္ပန်··· ပစ္စုပ္ပန်နှင့် အတိတ်၊ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်း၊ ပြီးတော့ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း။

ဤသည်က စိတ်၊ မိမိ၏စိတ်။ အာရုံတွေကို အာရုံအဖြစ် မထားနိုင်သေးဘဲ ပစ္စုပ္ပန်ဆတ်ဆတ်ပေါ် အတိတ်ရိပ်တွေ၊ အနာဂတ်ရိပ်တွေ အဖုံးခံ၊ အလွှမ်းခံ၊ အပြုပြင်ခံနေသည့် မိမိ၏ စိတ်။

မြို့ကြီးကတော့ လှပနေသည်။ ယခင်ကထက် ပိုလှပနေသည်။

"ဟောကောင် မြတ်ထန်၊ အဲလေ··· မြတ်မောင်၊ တက်တော့၊ တခြားကားတွေ ထွက်ကုန်ပြီ၊ ဘာငေးကြည့်နေတာလဲ"

"သူတို့က တစ်နေရာ သွားမှာပဲ၊ သွားနှင့်ပါစေပေါ့၊ တို့ အေးအေးဆေးဆေးပဲ သွားကြမယ်"

"မင်း အများကြီး ပြောင်းသွားတယ်"

"တကယ်လား မြင့်အောင်"

"ကဲ··· နောက်မှ ပြော၊ အင်း··· တို့ ပြောစရာတွေ အများကြီး ရှိတယ်"

မြင့်အောင်က ကားဦးမှ ပတ်ပြီး ဒရိုင်ဘာထိုင်ခုံတွင် ဝင်ထိုင်ရာ သူ့ဘေး ရှေ့ခုံတွင် ဝင်ထိုင်၍ မြတ်ထန်က ကားတံခါးကို ပိတ်လိုက်သည်။

သန့်ရှင်းကျယ်ပြန့်လှပနေသည့် ကမ်းနားလမ်းမကြီးပေါ်မှ ဆန်နီ ပစ်ကပ် ကားဝါလေးက ဘီးလိမ့်ထွက်လာခဲ့သည်။

"ကဲ… ပြော၊ ငါ ဘာတွေ အများကြီး ပြောင်းလဲနေသလဲ"

"မင်းက ခံ့ပြီး ပိုချောလာတယ်၊ ဂုဏ်ခြေကလည်း အင်း… ကြီးနေသလိုပဲ၊ ပြီးတော့ မင်း မျက်နှာမှာ ငယ်ငယ်တုန်းက မာန်ရိပ်တွေ၊ ထန်ရိပ်တွေ မရှိတော့ဘူး၊ အင်းလေ… မင်း အခု နာမည်ကလည်း မြတ်မောင်၊ ဒါထက် မင်းကို မြတ်ထန်လို့ ငါ ခေါ်တာ ကြိုက်ရဲ့လား၊ ငါက နှုတ်ကျိုးနေတဲ့ကောင်"

"ကြိုက်သလို ခေါ်ပါ၊ ပြီးတော့ အခု ဘယ်လို ခေါ်ခေါ် ရပြီပဲ၊ မထူးတော့ပါဘူး"

"အဲဒါ ဘာပြောတာလဲ"

"သြော်… အားလုံး ပြီးသွားပြီ"

စတီယာရင်ကို ထိန်းမောင်းရင်းက မြင့်အောင်သည် မျက်မှောင်ကုတ်၍ မြတ်ထန်ဘက် တစ်ချက် ငဲ့ကြည့်သည်။

ပြီးမှ ရှေ့သို့ ပြန်ကြည့်ပြီး အေးချမ်းစွာ ဆို၏။

"အေး… အားလုံး ပြီးသွားပြီ၊ အင်းလေ… မင်း တို့မြို့ကိုတောင် ပြန်လာပြီပဲ"

မြတ်ထန်က ဘာမျှ ပြန်မပြောဘဲ ငြိမ်နေ၏။

"ခွဲစိတ်ခန်းသစ်ကြီး ဖွင့်ပွဲကို ရန်ကုန်က ပါရဂူတွေ လာတက်မယ်ဆိုတော့ ပထမ မင်းတော့ ပါမယ် ငါ မထင်ဘူး၊ နောက် မင်းဆီက ဖုန်းလာမှ"

"ဒါကတော့ ကိရိယာသစ်တွေ ကိုင်တွယ် အသုံးပြုတာ ပြဖို့ ဒီက ဖိတ်တာကိုး"

"အေးလေ… ဘာပဲဖြစ်ဖြစ် တို့မြို့ဆီ မင်း ပြန်လာပြီပဲ၊ ပြီးတော့ ငါ့အိမ်မှာ တည်းမယ်ဆိုလို့ ငါ ဂုဏ်ယူတယ်"

"ဒီလောက်တောင်ပဲလားကွာ၊ မင်းလည်း တက္ကသိုလ်က ကထိက ကြီး တစ်ဦးပဲဟာ"

ခေတ္တ တွေတွေနေပြီးမှ မြင့်အောင် ဟီးခနဲ ရယ်၏။

"အေး… အဟေး၊ တို့ ချောင်းရေထဲ ကုန်းကြောင်းလျှောက်ကြတဲ့ ကောင်လေး နှစ်ကောင် မဟုတ်တော့ဘူး၊ ဘာတဲ့ မင်း ပြောတာ၊ ပရီမက်တစ်(ဗ်) အား(ဂျ်)၊ ဟား ဟား"

"မင်း မှတ်မိသေးသားပဲ"

"ဟ… မှတ်မိသေးတာပေါ့၊ ဘာလဲ… မင်းက အားလုံးကို မေ့ပစ် လိုက်ပြီလား"

မြတ်ထန်က မသိမသာလေး သက်ပြင်းရှိုက်၏။

"အဲဒီလို ငါ့စိတ်ကိုငါ မလှည့်စားပါဘူး၊ ပြီးတာတွေ ပြီးပြီ၊ ဒါပေမဲ့ ရင်ထဲမှာ ကျန်နေတာက ကျန်နေတယ်၊ အဲဒီအချက်ကို တည့်တည့်လက်ခံပြီး ဘဝမှာ တည့်တည့်နေရမယ်"

"မင်း အဲဒီလို နေလို့ ရပြီပေါ့"

"ရပြီလေ၊ ရပြီ ဆိုပါတော့၊ မင်း ပြောသလိုပဲ၊ ငါ ဒီမြို့ကို ပြန် လာပြီ၊ ပြန်လာဝံ့ပြီ"

"အား… ဒီစကား ကြားရလို့ ငါ ဝမ်းသာတယ်"

ကားက တောင်ဗိုင်းလမ်းတစ်လျှောက် စပြေးသည်။

တောင်ဗိုင်းလမ်း၊ အမှတ်သညာက ပြောနေခြင်းပါ။ ရှုခင်းတွေက ရှေးကနှင့် မတူ။

"မင်း ဘာငြိမ်သွားတာလဲ"

"ရှုခင်း"

"ဘာဖြစ်သလဲ"

"ဗိုရှင်း… ဗိုလှ… ဗိုသာယာသလိုပဲ"

"ဟုတ်တာပေါ့၊ မြို့အလှကို ဖျက်ဆီးနေတာကြီးမှ မရှိတော့ဘဲဟာ"

"အာ… ဟုတ်ပါရဲ့"

တောင်တန်းမှ ပြေပြေ လျှောကျနေသည့် သဘာဝ ကုန်းစောင်း မြက်ခင်းနှင့် ဥယျာဉ်ကို မြတ်ထန်က သမင်လည်ပြန် ကြည့်၏။

"မင်း ရှေ့ကျ ကွမ်းရေကန်ကို လှမ်းကြည့်၊ သာအံ့သြဦးမယ်"

ဟုတ်သည်။ အံ့သြရသည်။

ယခင်က သည်နေရာက လှမ်းကြည့်လျှင် မြင်ရသည်။ မှိုင်းမှိုင်းညှို့ညှို့ အိုအို မွှန်မွှန် အနိဋ္ဌာရုံ။

ယခုတော့ လမ်းဆုံမှနေ၍ အရှေ့ဘက်သို့ ပြေးသော လမ်းမကြီးက ပြည်လမ်းမကြီးကဲ့သို့ သစ်သစ်လွင်လွင်၊ ကျယ်ကျယ်ပြန့်ပြန့်၊ ခမ်းခမ်းနားနား။ လမ်းဆုံအဝိုင်းမှာက မျက်စိပသာဒ လှလှသည့် ကျောက်တိုင် အဆောင်အယောင် မြို့ပြတန်ဆာ။

"အသာယာဆုံး နေရာကို ဝင်တဲ့ထိပ်က အလှဖျက်နေတဲ့ဟာကြီး လည်း မရှိတော့ဘူး၊ ခု ဘယ်လောက် ကျက်သရေရှိလဲ"

လမ်းဆုံ ရောက်အပြီးတွင် မြင့်အောင်က ကားကို လက်ဝဲဘက်ရှိ ကျိုက်မရောလမ်းခွဲအတိုင်း မောင်းသည်။

"မင်း အိမ်က တက္ကသိုလ်ဝင်းထဲမှာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ မင်းကို ပြစရာတွေ ရှိတယ်၊ အရင်တုန်းက မရှိတဲ့ လမ်းတွေ၊ ဟိုးကျရင် ဗိုလ်ချုပ်လမ်းမကြီးကနေ ပြန်ကွေ့ဝင်ပြီး ငါ့အိမ် ကို သွားမယ်"

လက်ဝဲဘက် အဝေးမှာက စိမ်းပြာသော ကျိုက်သလ္လံတောင်တန်း။ ပြီးတော့ နွေဦးမှာ ဖြစ်သောကြောင့် ရွှေညိုရောင် ရိုးပြတ် အကျန်အကြွင်းနှင့် လယ်ကွင်းများ၊ စိမ့်ရေ ရှိသောကြောင့် ဟိုမှာ သည်မှာ စိမ်းမြနေသည့် မြက်ခင်း နှင့် စိုက်ခင်းများ။

လက်ယာဘက်မှာက တောရိပ် တောင်ရိပ်မှ အိမ်သစ်၊ တိုက်သစ်၊ ရပ်ကွက်သစ်များ။

လမ်း၏ လက်ယာဘက် တစ်နေရာတွင် မြင့်အောင်က ကားကို ထိုးရပ်လိုက်၏။

"ဘာလုပ်တာလဲ"

"မင်း စိတ်ဝင်စားမှာပါ"

"ဘာလဲ"

"မမှတ်မိတော့ဘူးလား၊ ပန်းမခူးရတဲ့ ပိတောက်ရိပ်သာလေ"

မှတ်မိသည်။ မှတ်မိရုံမက ရင်က မသိမသာလေး ခုန်လာသည်။

သူက မြင့်အောင်နှင့်အတူ ကားပေါ်မှ ဆင်းလိုက်၏။

"မင်း ပြောတယ်၊ ရင်ထဲမှာ ကျန်နေတာက ကျန်နေတယ်၊ ဒါပေမဲ့ အဲဒါကို တည့်တည့် လက်ခံပြီး ဘဝမှာ တည့်တည့် နေတယ်၊ ကောင်းတယ်၊

ဘဝကို တည့်တည့် ကြည့်ကြမယ်၊ အဲ… မရှိတော့တာကိုလည်း ဘဝရဲ့ အစိတ်အပိုင်း တစ်ခုလို့ ယူရင်ပေါ့"

"မင်း ဘာလုပ်တယ် ဆိုတာ ငါ နားလည်တယ် မြင့်အောင်၊ စကား မရှည်နဲ့၊ သွားမှာသာသွား"

"အတိတ်ကို…"

"စကားမရှည်နဲ့လို့"

"ပြောသာ ပြောတယ်၊ နေရာဟောင်းကို မှတ်မိပါ့မလား မသိဘူး၊ ရှာကြည့်ကြတာပေါ့"

အဓိပ္ပာယ်ရှိပါသလား မသိ။

သို့ရာတွင် စိတ်ဝင်စားမှု တစ်ခုက ထူးထူးဆန်းဆန်းလေး လှုံ့ဆော် တိုက်တွန်းနေသည်။

ကုန်းရိုးလေး၊ အပြစ်ကင်း သန့်စင်နေသော ကုန်းရိုးလေး။

သစ်ပင်ပုလေးများသာ ပေါသည်။ ဟိုတစ်စု သည်တစ်စု သစ်ပင် အုပ်ကွက်ကွက်များတော့ ကျန်နေသေးသည်။

ပတ်ဝန်းကျင် တောတို့က နွေဦးမှာ သစ်လွင်စိမ်းမြနေ၏။

သြော်… သည်လိုတော့လည်း သဘာဝသည် သဘာဝပါတကား။

ကောင်းကင်ပြာက တိမ်ဖြူဖြူ ပါးပါးနှင့် လှနေသည်။ နေရောင်က လည်း ကြည်လင်၍ လင်းနေသည်။

နွေဦး၏ လေရူးလေးပင် သဘာဝအတိုင်း တိုက်ခတ်လာနေပါကလား။

မြင့်အောင်က ရှေ့မှ သွားရင်း ဆို၏။

"သာယာတယ်နော်၊ ဒီနေရာကိုလည်း ကျက်သရေရှိရှိနဲ့ တင့်တင့် တယ်တယ် ဖြစ်အောင် သုံးဖို့ လျာထားကြတယ်"

စကားပြောရင်း လျှောက်သော်လည်း မြင့်အောင်၏ မျက်လုံးများက ဟိုကြည့် သည်ကြည့် လုပ်လာသည်။

ခဏ၌မူ သူက အော်၏။

"ဟော… ဟောဟိုမှာ၊ အဲဒီနေရာ မဟုတ်လား"

သူ ညွှန်ပြသည်က သီးသီးခြားခြား တည်နေသော သစ်ပင်အုပ်လေး တစ်ခု။

အတန်လေး ကြီးနေသော ပိတောက်ပင်က သုံးပင်ခန့်။ စိန်ပန်းတစ်ပင် နှင့် ငုဝါတစ်ပင်လည်း ရှိသေးသည်။

သူငယ်ချင်း နှစ်ဦးက သစ်ပင်ရိပ်များ အောက်တွင် ရပ်လိုက်ကြသည်။

မြင့်အောင်က ပိတောက်ပင် တစ်ပင်၏ ပင်စည်ကို လက်ညှိုးထိုးပြသည်။

ပင်စည်မှာက သံချေးတက်နေသော သံစာစ်ချောင်း ရှိနေသည်။

မြတ်ထန်က မြေပြင်ကို ကြည့်သည်။

ဘာမျှမရှိ။ ဘာမျှ မရှိတော့။

စိန်ပန်းပွင့်ကြွေများသာ မြေမှာ နီနီရဲနေသည်။ ငုပွင့်ကြွေများကလည်း ရွှေရွှေဝါဝါ။

ပိတောက်တွေကသာ မပွင့်သေး။ အဖူးစိမ်းငုံ လုံးလုံး သေးသေးများတော့ ရှိနေကြသည်။

လေရူးကြောင့် သစ်ကိုင်း သစ်ရွက်တွေက ညင်ညင်သာသာ လှုပ်ယိမ်းနေကြသည်။

ဪ... သည်လေရူးနှင့် ပိတောက်တွေ ပွင့်ပါလျှင်လည်း...

သူ့ရင်က ပြည့်လျှမ်းလာသည်။

ပွင့်ကြွေတို့မှတစ်ပါး အခြား ဘာဆိုဘာမှ မရှိသော မြေပြင်ကို မြတ်ထန်က ငြိမ်လျက် စိုက်ကြည့်နေသည်။

နားတွင်းမှာတော့ တေးသံတစ်ခုက ပေါ်လာနေသည်။

*'သွားတော့... သွားတော့... လေလွင့်လေရာ...*

*မထောက်ချင့် မငဲ့ညှာတတ်တဲ့ ကမ္ဘာတွာ။*

*အ,သည... အ,ဗျာပါ...*

*လေရူးဟာ စာမတတ်ပါ။'*

ဍ

# အခန်း – ၂

အစသည် ဘယ်ဟာနည်း။ အဆုံး ဟူသည်ကကော ဘာပါနည်း။

အစ ဟူသည် အဆုံးသဘောမှ ကင်းပါ၏လော။ အဆုံး ဟူသည်ကို လည်း အစနှင့် ကင်းပြီး ဘယ်သို့ နားလည်ပါရမည်နည်း။

တကယ်တော့ အစ ဆိုတာတွေသည် **အစအစစ်** ဟုတ်ပါ၏လော။ အဆုံး ဆိုတာတွေကလည်း တကယ်ပင် ဆုံးသွားသည့် **အဆုံးစစ်စစ်** ဟုတ်ပါ၏လော။

လူ့ဘဝတွင်တော့ သေခြင်းကို အဆုံးဟု ပြောနေကြသည်။ သင်္ချိုင်းကုန်းကို ဤကမ္ဘာမြေမှ အဆုံးသဘော၏ သင်္ကေတ နိမိတ်ပုံအဖြစ် မြင်ကြသည်။

မြင်ကြသည်။ တကယ်ကော မြင်ကြပါသလော။

အသစ်ဖြစ်သော အစတစ်ခု၏ နယ်နိမိတ် တံခါးဝ တစ်ခု။ ဤသို့ကော မမြင်ကြဘူးလော။

တိတ်တိတ်လေးတော့ ကျိတ်မြင်ကြပုံရသည်။

သေသူကိုလည်း ဆုံးသွားပြီဟု စိတ်တွင်းက သိပ်လက်ခံကြပုံမရ။

နို့မဟုတ်လျှင် ဟောသည် အသုဘ အစီအရင်တွေနှင့် ဟောသည် သင်္ချိုင်းကုန်း၏ အဆင်အပြင်တွေက ဘာအဓိပ္ပာယ် ရှိပါသနည်း။

သင်္ချိုင်းကုန်း အပြင်ဘက်ရှိ လမ်းမကြီး ဘေးမှာက ကားတွေ တန်းစီနေသည်။ အငှားဘတ်(စ်)ကားကြီးတွေရော၊ ကိုယ်ပိုင်ကား လှလှ သစ်သစ်တွေရော။

ဂူသွင်းရာတစ်ပိုက်မှာက စုရုံးစုရုံးနှင့် လူတွေ စည်နေသည်။ အဝတ်အစားတွေကလည်း သစ်သစ်လွင်လွင်။ ရောင်စုံ။ အို… နှုတ်ခမ်းနီ ပါးနီ၊ အိုင်းရှဲဒိုးတွေနှင့် လှလှပပ ပြင်ထားသူတွေလည်း အများ ပါကြသည်။

ဩော… အဟင်း… သင်္ချိုင်းကုန်းကပင် ဘယ်လို ပြောရပါ့။ အဲ… အရုပ်မဆိုး။ တချို့နေရာတွေက သစ်သစ်လွင်လွင်နှင့် လှချင်နေသည်။

မြတ်ထန်က လှသည်ဟု ဆိုနိုင်သော ဂူတစ်လုံးဘေးမှနေ၍ ဟိုကြည့် သည်ကြည့်နှင့် တွေး၍ ကောင်းနေသည်။

နွေဦး ဖြစ်သောကြောင့် ရာသီကပင် လှပနေသည်။

လမ်းမကြီးဘေးမှ ရွှေဝါရောင် ရိုးပြတ်ငုတ်တွေ ဖုံးသော လယ်ကွင်းကို ကျော်လျက် အဝေးဆီ၌ ကျိုက်သလ္လံတောင်တန်းကို မြင်ရသည်။

တောင်တန်းက မြူရိပ်ကြောင့် မှုန်မှုန်ပြာပြာ ရှိသည်။

ကောင်းကင်က ပြာဖြူဖြူ။ လေဟာနယ်တစ်ခုလုံးက ပြာဝေဝေ။

ရွက်ဝါတွေ အားရပါးရ ကြွေခဲ့ပြီးပြီမို့ ပင်တိုင်းလိုလို ရွက်နုတွေနှင့် စိုသစ်နေသည်။ ဟိုအပင် သည်အပင်တွေမှာ အသက်ပြင်းသော ရွက်အို ရွက်ဟောင်း အချို့က ကျန်နေသေးသည်။

"ရင့်မြရွှေကျန်၊ ရွက်မပွန်တည့်"

ဟု နတ်သျှင်နောင် စပ်ခဲ့သည်မှာ သည်လို အရွက်မျိုးတွေ ဖြစ်ဟန် ရှိသည်။

မြရောင်စိုစိုမှာ ဟိုတစ်ပြောက် သည်တစ်ပြောက် ကျန်နေသော ရွှေဝါရွက်တွေက လှတော့လည်း လှပေသည်။

မြတ်ထန်က သင်္ချိုင်းကုန်းတွင် နတ်သျှင်နောင်၏ ရတုကို အမှတ်ရသည့် မိမိကိုယ်မိမိ ပြုံးမိသည်။

သို့ရာတွင် ဂူသွင်းနေသော နေရာဆီမှ စူးစူးရှရှ ပေါ်ထွက်လာသော ငိုသံတစ်ခုကြောင့် မြတ်ထန် သူ့အပြုံးကို အမြန်ရုပ်ပစ်လိုက်ရ၏။

ဝှသွင်းနေရာအနီး စုဝေးနေသော လူအချို့က ကားများဆီသို့ ပြန်နေကြသည်ကို လှမ်းတွေ့ရသည်။ ကားများဆီသို့ ပြန်ကြသူများတွင် မိမိတို့ဒေသကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ မပါကြသေး။

လူငယ်တစ်ဦးက ကားများဆီသို့ မသွားဘဲ မြတ်ထန် ရှိရာသို့ လျှောက်လာသည်။

"မြတ်ထန်… မင်းက ဒီနား ရောက်နေတာကိုး၊ အေး… ကောင်းတယ်၊ အမိန့်စာပြန်တာ မကြားရဘူးပေါ့၊ ကွာ… ငါ့ရင်ထဲ ဆို့သွားတာပဲ၊ သူ့အမေ အော်ငိုသံ မင်း မကြားဘူးလား၊ အမိန့်ပြန်တဲ့ ဆရာကြီးလည်း အသံတွေ တုန်လို့ကွ"

"အေးကွာ… အလကား ဒုက္ခရှာကြတယ်"

"ဘာပြောတယ်"

"ဒီအမိန့်စာပြန်တဲ့ အလုပ်က ဘယ်တုန်းက ဘယ်သူ စ,ထားတာလဲ မသိဘူး၊ တို့ဖေဖေကတော့ ပြောတယ်၊ သေတဲ့လူဟာ သေတဲ့ခဏမှာ ကံအလျောက် တခြားဘဝ တခြားဘုံကို ရောက်သွားပြီတဲ့၊ သေခါနီး မရဏာသန္နစောစိတ်မှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဆိုတဲ့ နိမိတ်အာရုံ တစ်ပါးပါးကို အာရုံပြုထင်မြင်ပြီး သေသွားတယ်၊ အဲဒီ စုတိစိတ် အခြားမဲ့မှာ စုတိစိတ်က အာရုံပြုတဲ့ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုပဲ အာရုံပြုပြီး ပဋိသန္ဓေစိတ်နဲ့ ဘဝသစ်တစ်ခုမှာ ပဋိသန္ဓေ ဖြစ်နေပြီတဲ့၊ ဘယ်မှာလာ သင်္ချိုင်းကုန်း ရောက်တဲ့အထိ စောင့်ပြီး အမိန့်ပြန်တာတွေ ဘာတွေ နားထောင်နေဦးမှာလဲ"

"အေး… မင်းလောက်တော့ ငါ မပြောတတ်ဘူး၊ ဒီသဘောပဲ လူကြီးတချို့ ပြောတာ ငါ ကြားဖူးတယ်၊ ဒါပေမဲ့ ထုံးစံ ဖြစ်နေပြီ မဟုတ်လား၊ အမယ်… အမိန့်ပြန်တာ ရေးတဲ့ ခဲတံကိုပါ ချိုးပြီး အမိန့်စာနဲ့အတူ ခေါင်းထဲထည့်ပေးလိုက်တာကွ၊ တစ်မျိုးကြီးပဲကွာ၊ ရင်ထဲဆို့ပြီး ငိုချင်လာတယ်"

"အဲဒါကြောင့် အလကား ဒုက္ခရှာတယ်လို့ ငါ ပြောတာ မြင့်အောင်"

"ဟ… အသုဘရှင်တွေကိုက အမိန့်ပြန်ခိုင်းတာ၊ မကျွတ်မှာစိုးလို့တဲ့"

"အေးလေ… အဲ့ပေါ့၊ ဟောဒီဝှလည်း ကြည့်လေ"

လှပသော ဝှလေးပေါ်တွင် ကွယ်လွန်သူသည် ဘွဲ့ရတစ်ဦးဟု ဖော်ပြထားသည်။ စာနှင့်သာ ဖော်ပြထားရုံမက ဘွဲ့လက်မှတ် စာရွက်လိပ်လေးနှင့်

ဘွဲ့ယူစဉ် ဆောင်းသော လေးထောင့် ဦးထုပ်လေးကို ပုံဖော်ပြီး ဆေးခြယ်ထားသည်။

"သေခဲ့တာ ကြာပြီ၊ ဒါပေမဲ့ ဂူလေးက သစ်သစ်လွင်လွင် လှလှပပ ပဲ၊ ခြယ်ထားတဲ့ ဆေးတွေကလည်း သစ်သစ်လွင်လွင်ပဲ"

"အဲဒါက သူတို့က တစ်နှစ် တစ်ခါ လာကြတာကိုး၊ ချုံတွေ ရှင်းတယ်၊ အမှိုက်တွေ ရှင်းတယ်၊ ပျက်တာတွေကို ပြင်တယ်၊ ဆေးသစ် သုတ်တယ်၊ အဲ... မုန့်တွေ အစာတွေလည်း ကျွေးကြသေးတယ်"

"အေးလေ... ကိုယ့်ထုံးစံနဲ့ ကိုယ်ပေါ့၊ သင်္ချိုင်းကုန်းက ရှုပ်မနေဘဲ သစ်လွင် လှပနေတာကတော့ ဟိုသင်း ကြည့်လို့ ကောင်းသားပဲ"

မြင့်အောင်က သင်္ချိုင်းကုန်းတစ်ခွင်ကို မျက်လုံး ဝိုက်ကြည့်လိုက်ပြီးနောက် 'အဟီး'ဟု ရုတ်တရက် ရယ်သည်။

"မင်း ဘာရယ်တာလဲ"

"ကြည့်လို့ကောင်းတယ် ဆိုလို့ပါ၊ မင်း သင်္ချိုင်းထဲက ပိတောက်ရိပ်သာကို မြင်ရင် သာသဘောကျဦးမယ်"

"သင်္ချိုင်းထဲက ပိတောက်ရိပ်သာ"

"အေး... တို့က ဒီလိုပဲ နာမည်ပေးထားတယ်၊ လာ လာ... ငါပြမယ်"

"ဟောကောင်... ကားတွေ ပြန်ကုန်ဦးမယ်"

"မပြန်သေးပါဘူး၊ ရောက်တုန်းရောက်ခိုက် ဆွေမျိုးဂူတွေ အသိဂူတွေ လျှောက်ကြည့်တဲ့လူတွေ ရှိတယ်"

မြတ်ထန်က မြင့်အောင် ခေါ်ရာ လိုက်လာခဲ့သည်။

မြင့်အောင် ပြောသကဲ့သို့ပင် သင်္ချိုင်းဂူတွေကြားတွင် ဟိုလျှောက်ကြည့်၊ သည်လျှောက်ကြည့် ကြည့်နေကြသူများ ရှိနေကြသည်။

"ဒီနေရာက သူဌေးမြို့၊ အဲလေ... သူဌေး သင်္ချိုင်းကွက်၊ မြေဈေးကြီးတယ် ပြောတယ်၊ ဂူတွေကလည်း ပထမတန်းစားချည်းပဲ၊ ရှေးဂူကြီးတွေဆိုရင် နှစ်ခန်းတွဲတွေ၊ လင်နဲ့ မယား အရင်သေတဲ့လူက တစ်ခန်း၊ နောက်သေတဲ့လူ သွင်းဖို့ ဟိုသင်း၊ စယ်ယာအခန်း တစ်ခန်း ကြိုတင်လုပ်ထားတာ"

"ကြံကြံဖန်ဖန်ကွာ"

"ဟ… သေအတူ ရှင်မကွဲလို့ ပြောကြတယ် မဟုတ်လား"

အိတ်ဘာလုံ ကျောက်ပြား ရောင်စုံကပ်လျက် တန်ဆာဆင်ထားသော ဂူပုံစံအမျိုးမျိုးကို ဖြတ်၍ မြင့်အောင်နှင့် မြတ်ထန်တို့က လျှောက်လာကြသည်။

"မြင်လား ဟိုမှာ"

မြတ်ထန်က မြင့်အောင် ပြရာကို ကြည့်သည်။

နှစ်ခန်းတွဲ ရှေးပုံစံ ဂူကြီးတစ်လုံးကို အရင် တွေ့ရသည်။ ယင်းထက် စာလျှင် အတန် မော်ဒန်ဖြစ်သော ဂူနှစ်လုံးလည်း ရှိသေး၏။ ဂူတို့ ရှိရာ၌ မြေလွတ် ရှိနေသေးသည်။ ဂူတို့နှင့် မြေလွတ်ကို ပတ်ကာ စတုရန်းပုံ ဖြစ်နေသော သစ်ပင်များကို တွေ့ရသည်။

ပိတောက်ပင်ပျိုတွေက အများစု ဖြစ်သည်။ သို့ရာတွင် စိန်ပန်းပင်နှင့် ငုဝါပင်တွေကလည်း ရှိသည်။

ပိတောက်ပင်တွေမှာက အပွင့် မရှိသေး။ စိန်ပန်းတွေက နီနီရဲရဲနေသည်။ ငုဝါတွေက ဂူတွေထက် တွဲလဲကျနေသည်။ မြေပြင်မှာက စိန်ပန်းပွင့်ကြွေများ ရှိနေသည်။

ဩော်… သင်္ချိုင်းမြေမှန်း မသိလျှင်၊ ဂူတွေလည်း မရှိလျှင် အပွင့်ပွင့်သော သစ်ပင်စု တစ်စု။

သစ်ပင် သုံးပင်တွင် ကပ်ရိုက်ထားသော ပျဉ်ချပ်လေးတွေ ရှိသည်။ ပျဉ်ချပ်ပေါ်မှ စာတန်းကို မြတ်ထန်က ဖတ်မိ၏။

**'ပန်းမခူးရ'**

မျက်မှောင်ကုတ်လျက် ကြည့်နေပြီးမှ မြတ်ထန်က အသံထွက်လျက် လိုက်လိုက်လှဲလှဲ ရယ်သည်။

"ဟော့ကောင် သင်္ချိုင်းကုန်းထဲ ဒီလောက် ရယ်ရသလား"

"အေး အဟေး… ဆောရီးပဲ၊ ဒါပေမဲ့ ကြံကြံဖန်ဖန် သင်္ချိုင်းကုန်းထဲမှာ ပန်းမခူးရတဲ့၊ ဟား ဟား မြင့်အောင်၊ သင်္ချိုင်းကုန်းထဲမှာ ပန်းမခူးရတဲ့၊ တကယ့် ဟာသပဲ"

မြင့်အောင်ကလည်း လိုက်ရယ်ပြီးမှ မှတ်ချက်ချ၏။

"မင်း ပြောတာ ဦးတိမ်မင်းကြီး ကြားရင် လာရိုက်လိမ့်မယ်"

"ဦးတိမ်မင်း… သူက ဘယ်သူလဲ"

"သူက ဟောဒီ မော်လမြိုင်မှာ ရသမျှ မြေကြီးတွေ ဝယ်ပြီး ပိုင်ထားတဲ့ လူကြီး၊ မော်လမြိုင်တင်မကဘူး၊ ရန်ကုန်မှာရော၊ မန္တလေးမှာရော၊ တောင်ကြီးမှာရော မြေကြီးတွေ ဝယ်ပြီး ပိုင်ထားတဲ့လူ"

"အဲဒါနဲ့ ငါ ပြောတာ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ ဒီ… အဲ… သချိုင်းထဲက ပိတောက်ရိပ်သာကလည်း သူ ပိုင်တာပဲ"

"သချိုင်းထဲက ပိတောက်ရိပ်သာ"

"အေးလေ… အစကတည်းက ဒီနာမည် ငါ ပြောထားသားပဲ၊ ဒီမြေကိုလည်း သူ အပိုင်ဝယ်ထားတာ၊ ဟောဟို နဂါးရုပ်ကြီးနဲ့ ရေးဂူကြီးက သူ့အဖေနဲ့ သူ့အမေ ဂူတဲ့၊ နည်းနည်း အဲ… ခေတ်ဆန်တဲ့ ဂူနှစ်လုံးက သူ့သားကြီးနဲ့ သမီးတစ်ယောက်ရဲ့ ဂူတဲ့၊ ကျန်တဲ့ မြေတွေက သူနဲ့ သူ့မိသားစု တစ်နေ့ သေရင် မြှုပ်ဖို့ ကြိုဝယ်ထားတာတဲ့၊ မိသားစု သချိုင်းပေါ့၊ ဟိုသင်း… သေအတူ ရှင်မကွဲ ရိုးမြေကျတိုင် အဟီး… သူများက သီချင်း၊ သူကတော့ လက်တွေ့… အဟီး ဟီး"

"ဒီအပင်တွေကလည်း သူ စိုက်ထားတာလား"

"ဒါပေါ့၊ သူ အခု နေတဲ့ ခြံကြီးနဲ့ တူအောင်လေ"

"ဘာရယ်"

"သူ နေတဲ့ ခြံကြီး နာမည်က မနောမယတဲ့၊ သူ့တိုက်ကြီး နာမည်က စိတြတဲ့၊ မော်လမြိုင်မှာတော့ အလှဆုံးနဲ့ ခေတ်အမီဆုံး တိုက်ကြီးပဲ၊ တချို့က ပြောတယ်၊ မြန်မာတစ်ပြည်လုံးမှာတောင် အလှဆုံး တိုက်ကြီးတဲ့၊ ခြံကြီးထဲမှာလည်း သစ်ပင်တွေ စုံနေတာပဲ၊ ပိတောက်ပင်တွေ၊ ငုပင်တွေ၊ စိန်ပန်းပင်တွေ၊ အမယ်… ရှားရှားပါးပါး စိန်ပန်းပြာပင်တွေတောင် ရှိတယ်၊ ပြောကြတာကတော့ ချယ်ရီပင်တောင် သူ စိုက်ကြည့်သေးသတဲ့၊ မပွင့်လို့တဲ့"

"အဲဒီလူကြီးက ပန်းတွေကို ချစ်တတ်သလား"

"ပုံစံကြီးကတော့ နည်းနည်းမှ ကဗျာမဆန်ပါဘူး၊ ဒါပေမဲ့ သူ့ကြည့်ရတာ သူများ မခံစားနိုင်တာ ခံစားပြီး သူများ မလုပ်နိုင်တာကို လုပ်ရတာ သိပ်ဂုဏ်ယူတယ်နဲ့ တူတယ်"

"အာ အာ… နားလည်ပြီ၊ ရသနဲ့ မာန"

"ဘာရယ်"

"တို့ဖေဖေ ပြောပြတာလေ၊ တချို့ လူတွေက ရိုးရိုးသားသားပဲ ရသကို ခံစားကြတယ်၊ ရသကို ခံစားတတ်လို့ အလှကို မြတ်နိုးကြတယ်၊ တချို့ကတော့ အလှ ဆိုတာကို ဘာမှန်း ညာမှန်း မသိဘူး၊ ရသ ခံစားတတ်ဖို့ ကတော့ ဝေးရော၊ ဒါပေမဲ့ လူအထင်ကြီးကြတဲ့ အလှ ဆိုတာတွေနဲ့ သူ့ပတ်ဝန်းကျင် ကို တန်ဆာဆင်ထားကြတယ်၊ ဘယ်လောက် ကုန်ကျခံရတယ် ဆိုတာလည်း ကြွားတတ်ကြတယ်၊ အဲဒါကတော့ မာန၊ အလှချစ်သယောင်ယောင်နဲ့ မာန အဆောင်အယောင် တန်ဆာတွေ ဈေးကြီးပေး ဆင်ထားကြတာ"

"မင်း ဖေဖေက ကဗျာဆရာကြီး ဆိုတော့ သူ ပြောတာ မှန်နိုင်တာ ပေါ့၊ ငါ ပြောပြီးပါကောလား၊ ဦးတိမ်မင်းပုံစံကြီးက နည်းနည်းမှ ကဗျာမဆန် ပါဘူးလို့၊ အင်း... အဟီး... ဒါပေမဲ့ သူ့သမီးက ကဗျာဆန်တယ်"

"သူ့သမီး..."

"သူ့မှာ သမီးနှစ်ယောက် ရှိတယ်၊ တစ်ယောက်ကတော့ ဆုံးသွား ပြီ၊ ငါ ခု ပြောတာက အငယ်မ၊ အပျို၊ တက္ကသိုလ်က ဘွဲ့တော့ ရပြီးပြီ၊ သိပ်ချောတယ်၊ နာမည်က တစ်လုံးတည်း၊ သန့် တဲ့"

"သန့်..."

"အေး... သန့်၊ မမသန့်"

"အလို... မမသန့်"

"ငါတို့ထက် ကြီးတာကိုး၊ မမသန့်ပဲ ခေါ်ရတာပေါ့၊ မင်းလည်း မမသန့်ပဲ ခေါ်ရမှာပဲ"

"အလို... ငါက ဘာလို့ ခေါ်ရမှာလဲ"

"မခေါ်ဘဲ မနေနိုင်လို့"

"ဘယ်လို ဘယ်လို"

"သန့်... တဲ့၊ တစ်လုံးတည်းနဲ့ ဒီစကားလေးက လှတယ်၊ မမသန့် ဆိုတော့ ကဗျာလေးတစ်ပိုဒ် ဖြစ်သွားတယ်၊ ဖြူပြီး နုပြီး ကြည်သန့်နေတဲ့ မမသန့် မျက်နှာလေးကို ကြည့်ပြီး မမသန့်လို့ ခေါ်လိုက်ရတာဟာလေ တကယ် ပဲ ကဗျာတစ်ပိုဒ် ရွတ်လိုက်ရသလိုပဲ၊ အဟုတ်... မင်း ကြုံဖူးမှ သိမယ်"

"တလိုက်တဲ့ဆို၊ ဘာလဲ... ဟောကောင် မြင့်အောင်၊ မင်းက အဲဒီ မမသန့် ဆိုတာကို စိတ်ထဲက ကျိတ်ပြစ်မှားနေသလား"

"မင့်စကားကြီးက ရက်စက်လိုက်တာ မြတ်ထန်ရယ်၊ မမသန့်ကို ငါ မပြစ်မှားဘူး၊ နေဦး၊ စောစောက မင်း ပြောခဲ့တဲ့ စကားတွေ၊ အလှနဲ့ ရသ၊ အေး... မမသန့်က အလှ၊ ငါ့ရင်ထဲက ပေါ်လာတာက ရသ၊ အဲဒီထက် မပိုဘူး၊ ပိုလို့လည်း မဖြစ်ဘူး"

"ဘာဖြစ်လို့"

"ပန်းမခူးရတဲ့"

"ဘာ"

"ဦးတိမ်မင်းကြီးရဲ့ ခြံက သစ်ပင်တွေမှာလည်း ဒီလိုပဲ ပန်းမခူးရ ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေ တပ်ထားတယ်၊ သူ စိုက်ပျိုးထားတဲ့ အဝိဇ္ဇာဏ က အပင်တွေက ပန်းတောင် မခူးရ ဆိုတော့ သူ့သမီး မဥ္ဇူသကတွေကို ခူးမယ် ကြံရင် အဟင်း... ယက္ခတွေ၊ ကုမ္ဘဏ်တွေနဲ့ တွေ့သွားမယ်"

"ဘာတွေနဲ့"

မြင့်အောင်က နှုတ်ဖြင့် ပြန်မဖြေဘဲ ပိတောက်ရိပ်သာဟု သူ ခေါ်သော သချိုင်းမြေကွက်မှ ဂူသစ်သစ် နှစ်လုံးကို ညွှန်ပြသည်။

"ဟောဒီဘက်က ဂူက ဦးတိမ်မင်းရဲ့ သားကြီးဂူ၊ သူကတော့ သွေးရိုးသားရိုးနဲ့ ငယ်ငယ်က သေသွားတာ၊ ဒီဘက်က ဂူကတော့ သူ့သမီးကြီးရဲ့ ဂူ၊ နာမည်ကလည်း မဥ္ဇူတဲ့၊ မမဥ္ဇူ သေတော့ တက္ကသိုလ်က နောက်ဆုံးနှစ် ကျောင်းသူ၊ ဘွဲ့မရသေးဘူး၊ ချောချောလှလှ ငယ်ငယ်ရွယ်ရွယ်နဲ့ သေလို့ လူတွေက ဝမ်းနည်းပမ်းနည်း ပြောကြတယ်"

"ဘာတွေ ပြောကြသလဲ"

"စုံလို့ပေါ့ကွာ၊ ဟိုသင်း... မော်လမြိုင်က ရိုမီယိုနဲ့ ဂျူးလိယက် ဇာတ်လမ်း"

"မော်လမြိုင်က ရိုမီယိုနဲ့ ဂျူးလိယက် ဇာတ်လမ်း"

"အေး... မဥ္ဇူက တက္ကသိုလ်မှာ ချစ်သူ ရှိခဲ့တယ် ဆိုတယ်၊ သူ့ ချစ်သူက ထားဝယ်ကတဲ့၊ ရန်ကုန်တက္ကသိုလ်မှာ တွေ့ကြတာ ဆိုတယ်၊ ဦးတိမ်မင်းကြီး သိတော့ မဥ္ဇူကို ကျောင်းနုတ်ပြီး အိမ်ပြန်ခေါ်လာသတဲ့"

မြင့်အောင်က စကားမဆက်ဘဲ ရပ်ထား၏။

"ဟောကောင်... ဆက်ပြောလေ"

“ဟိုသင်းကွာ၊ ကျန်တာတွေက ဘယ်လို ပြောရမလဲ၊ သူပြောငါပြောတွေ၊ ခန့်မှန်းချက်တွေ”

“စိတ်ဝင်စားအောင် လုပ်ပြီးမှ တန်းလန်းကြီး မထားနဲ့၊ ခန့်မှန်းချက်တွေပဲ ဖြစ်ဖြစ် ဆက်ပြော”

“ပြောပါ့မယ်၊ အဲ… မဥ္ဇူ ချစ်သူဟာ သေသွားတယ်”

“ဟင်… သေသွားတယ်”

“ရိုးရိုးသေတာ မဟုတ်ဘူး၊ ထားဝယ်က ရန်ကုန်ကို သင်္ဘောနဲ့အလာ သင်္ဘောပေါ်က ရေထဲကျ သေသွားတာ”

“အို… အဲဒီတော့”

“အဲဒီတော့ ရိုမီယိုရဲ့ ဇာတ်လမ်းက အဲဒီမှာပဲ ဆုံးသွားတယ်၊ ဒါပေမဲ့ ဂျူးလိယက်ရဲ့ ဇာတ်လမ်းက ကျန်သေးတယ်”

“ဂျူးလိယက်”

“မဥ္ဇူလေ၊ မကြာခင် မဥ္ဇူလည်း သေသွားတယ်၊ တချို့ ရင်မွေ့နှန်းလို ရင်ကွဲနာကျ သေတာတဲ့၊ တချို့ကတော့ မဟုတ်ဘူးတဲ့၊ ဂျူးလိယက်သေသလို သေတာတဲ့၊ ဘယ်ဟာ မှန်သလဲတော့ ငါ မသိဘူး”

မြတ်ထန် ရင်ထဲတွင် ဆို့ဆို့ ညို့ညို့ ဖြစ်သွားသည်။ သချိုင်းကုန်းကိုလည်း သချိုင်းကုန်းအဖြစ် သိသိသာသာ အမှတ်ပြုမိသည်။

သူက သစ်ပင်များမှ ဆိုင်းဘုတ်ကလေးတွေကို ကြည့်မိ၏။

“ဒါပေမဲ့ ဒီနေရာမှာ ဒီဆိုင်းဘုတ် တင်ထားတာကတော့ လွန်တာပေါ့၊ သချိုင်းကုန်းက ပန်းကို ဘယ်သူက ခူးမှာလဲ၊ ခူးတော့ကော ဘယ်သူလာမြင်မှာလဲ”

“သုဘရာဇာတွေ မြင်တာပေါ့”

“မြင်တော့ကော ဘာဖြစ်သလဲ”

“သူ့သချိုင်းကုန်းက ပိတောက်ရိပ်သာကို စောင့်ရှောက်ဖို့ ဦးတိမ်မင်းကြီးက သုဘရာဇာတွေကို ပိုက်ဆံပေးထားတာ၊ သူတို့က လက်ပိုက်ကြည့်နေမယ် ထင်သလား”

“မင်း ဆိုလိုတာက ဦးတိမ်မင်းကြီးဟာ သချိုင်းကုန်းနဲ့ သုဘရာဇာတွေအပေါ်တောင် ဩဇာရှိတယ်၊ ဒီလိုလား”

"အေး… အဲဒီလို"

ကားကြီးများဆီမှ ဟွန်းသံတွေ ပေါ်လာသည်။ ကျောင်းသူ၊ ကျောင်းသားများ ကားကြီးတွေဆီ ပြန်တက်နေကြသည်ကို မြင်ရ၏။

မြတ်ထန်နှင့် မြင့်အောင်တို့လည်း ကားကြီးတွေဆီ လျှောက်ခဲ့ကြ၏။

သချိုင်းကုန်းမှ ပီတောက်ရိပ်သာဆီ သမင်လည်ပြန်လှည့်ကြည့်ပြီး မြတ်ထန်က ဆို၏။

"ညှို့လိုက်ကြတာ"

"ဘယ်သူတွေလဲ"

"မဥ္ဇူနဲ့ သူ့ချစ်သူ"

"ဘာဖြစ်လို့"

"ဦးတိမ်မင်းမကလို့ ဘာကြီး ဖြစ်နေနေ ဒါ နှစ်ဆယ်ရာစုနှစ်ကွ၊ ရိုမီယိုနဲ့ ဂျူးလီယက်ခေတ် မဟုတ်ဘူး"

"အလို… ဒါဖြင့် မင်းသာ ရိုမီယို ဆိုရင် ဘာလုပ်မလဲ"

"ဂျူးလီယက်ကို ရအောင် ယူပြမယ်"

"အဲ… အဟင်း… မင့်ဂျူးလီယက်က ဘယ်သူလဲ"

"မသိဘူး၊ မသိသေးဘူး"

မြင့်အောင်က ရယ်သော်လည်း မြတ်ထန်က လိုက်မရယ်။

သူက မျက်နှာကို တင်း၍ မျက်မှောင်ကို ကုတ်ထားသည်။

အလို… သို့ရာတွင်…

နားထဲတွင်တော့ အသံတစ်သံကို ကြားနေရသည် ထင်၏။

ကဗျာတစ်ပိုဒ်။

သန်း… မမသန်း…

မြတ်စွာဘုရား…

၅

## အခန်း - ၃

ဘာ့ကြောင့် . . .

လမ်းလျှောက်ရင်း ကိုယ့်ကိုယ်ကိုယ် မေးခွန်း ပြန်ထုတ်နေမိသည်။

ဘာ့ကြောင့် သည်ဘက်ကို လျှောက်လာမိရသနည်း။

မြတ်ထန်က မိမိကိုယ်ကိုယ် မကျေနပ်လှ။

သူငယ်ချင်းချင်း မိမိက အခွင့်ကြုံလျှင် ကြီးကြီးကျယ်ကျယ်လေး ပြောတတ်၏။

"ဘဝ ဆိုတာ အဓိပ္ပာယ် ရှိရမယ်၊ ဘဝမှာ ဘာလုပ်လုပ် အဓိပ္ပာယ် ရှိရမယ်၊ အသေးအဖွဲလေးက အစ အဓိပ္ပာယ်ရှိရမယ်၊ တို့ဖေဖေက ပြောဖူးတယ်၊ အမှတ်မထင် အမူအရာလေးတွေ၊ ဘာကြောင့် လုပ်မိမှန်းမသိ လုပ်မိတဲ့ အပြုအမူလေးတွေ၊ လွှတ်ခနဲ ထွက်မိတဲ့ စကားလုံးလေးတွေ၊ အဲဒါတွေမှာတောင် အဓိပ္ပာယ်ရှိသတဲ့၊ မသိစိတ်ရဲ့ စေဆော်မှု၊ အင်္ဂလိပ်လို အန်ကွန်းရှက်စ်မိုတီဗေးရှင်း (Unconscious Motivation) လို့ ခေါ်တယ်"

အမှန်က ဖေဖေ့ကြောင့် လူတကာ မသိသော စကားတွေ၊ သဘောတွေ တော်တော်များများကို မြတ်ထန် သိထားသည်။ ကျကျနနကြီး နားလည်လှ

သည်တော့ မဟုတ်။ မသိစိတ်၏ စေ့ဆော်ခြင်း ဟူသည်မှာလည်း ဤကဲ့သို့သော သဘောတစ်ခု ဖြစ်သည်။ ရေးရေး သဘောပေါက်သလိုလိုတော့ ရှိသည်။ တိတိကျကျ ဘာ ဟူ၍တော့ မသိလှ။ အင်း… မှတ်တော့ ထားသည်။

ယခု ဤစကားက ခေါင်းတွင်း ဝင်လာသည်။

နံနက်က ပိတောက်တွေ ပွင့်သည်ကို တွေ့ရသည်။

သကြိန်က ပြီးသွားပြီ။ သကြိန်ကျော်မှ မိုးတစ်ဖြိုက် ကျပြီး ပိတောက်တွေ ထပွင့်သည်။

မြတ်ထန်က ပိတောက်ရူး မဟုတ်။ ပိတောက်မှ မဟုတ်။ ဘာကိစ္စ၌မှ မရူး။ အင်း… မရူးဘူး ထင်သည်။ ဘဝမှာ အဓိပ္ပာယ် ရှိရမည်ဟု ယုံထားသူသည် ဘယ်မှာ လာရူးနိုင်ပါမည်နည်း။

သို့ရာတွင် ဘာ့ကြောင့်… ။

မနောမယ ခြံကြီး ရှိရာသို့ လျှောက်လာမိစဉ် ဤမေးခွန်းက ထပ်ကာ ထပ်ကာ ပေါ်လာနေသည်။

ပိတောက်တွေ ပွင့်သည်ကို မြင်တော့ ဟိုသချိုင်းထဲက ပိတောက်ရိပ်သာကို ကြံကြံဖန်ဖန် သတိရသည်။

မနောမယခြံ၊ စိတြ မည်သော တိုက်ကြီး၊ ပိတောက်ပင်များ၊ ငုပင်များ၊ စိန်ပန်းပင်များ။

မြင့်အောင်က ပြောပြခဲ့သည်။ သချိုင်းကုန်းတွင် ပြောပြခဲ့သည်။

အဲ… အဲသည် အချက်ကပင် ရင်ထဲမှာ တစ်မျိုးကြီး။

မနောမယတို့၊ စိတြတို့ ဆိုသည့် အမည်တွေနှင့် သချိုင်းကုန်းက ဘာဆိုင်သနည်း။ ပိတောက်ပင်တွေ၊ ငုပင်တွေ၊ စိန်ပန်းပင်တွေ။ အဲဒါတွေနှင့် သချိုင်းကုန်းကကော ဘာဆိုင်သနည်း။

သန့်… မမသန့်…

သည်အသံက ရင်တွင်းမှ လာသည်။ ရင်တွင်း ဟိုးအဝေးဆုံး၊ အနက်ဆုံးမှ လာသည်။

အို အို အို… သည်နာမည်ကကော ဘာဆိုင်၍နည်း။

မြတ်ထန် တုန်လှုပ်သွားသည်။

မသိစိတ်။ မသိစိတ်၏ စေ့ဆော်မှုလော။

မသိစိတ်၏ စေခိုင်းမှု ဆိုသည်မှာ မကောင်းဟု မြတ်ထန် ယေဘုယျ နားလည်ထားသည်။

လူဆိုသည်က ကိုယ့်စိတ်ကို ကိုယ်နားလည်ရမည်။ ကိုယ့်ကိုယ်ကိုယ် လည်း နားလည်ရမည်။ လုပ်သမျှ ကိုင်သမျှတွေတိုင်းမှာ အဓိပ္ပာယ်ရှိရမည်။

မြတ်ထန်က လမ်းလျှောက်ခြင်းကို ရပ်လိုက်၏။

ဆက်မလျှောက်ဘဲ လာလမ်းအတိုင်း ပြန်လှည့်မည် စိတ်ကူး၏။

အဓိပ္ပာယ်မရှိသော အလုပ်ကို ဘာကြောင့် လုပ်ရမည်နည်း။

မိမိ၏ နာမည်က မြတ်ထန်။ မြတ်သည်၊ ထန်သည်။ ယောက်ျား ဆန်သော နာမည်ဟု မိမိဘာသာ ယုံကြည်ထားသည်။

မြတ်ထန် ဆိုသော မိမိက ဘာကြောင့် အဓိပ္ပာယ်မရှိသော အလုပ်ကို လုပ်ရမည်နည်း။

မြေနီလမ်း မကျဉ်းမကျယ်၏ အလယ်ဗဟိုတွင် ရပ်ရင်း မြတ်ထန်က မျက်မှောင်ကုတ်မိသည်။

တစ်စုံတစ်ရာက မိမိ၏စိတ်ကို ဆွဲဆောင်ညှို့ငင် ခေါ်ယူနေသည်။

အဲဒါ မသိစိတ်လား။

မြတ်ထန်က မကျေနပ်။

သိသည်လေ… သိသည်။

မနောမယ… စိတြ… ဤနာမည်တွေက မဆန်းဘူးလော။

ဦးတိမ်မင်း… ဤလူကြီးကကော မဆန်းဘူးလား။

သချိုင်းကုန်းတွင် ပိတောက်ရိပ်သာ လာလုပ်ထားသော သည်လူကြီး က ဆန်းသည်။ အင်း… အဟင်း… သချိုင်းကုန်းက သစ်ပင်တွေမှာပင် ပန်းမခူးရဟု ဆိုင်းဘုတ်တပ်ထားသူ။ ဘယ်လို လူစားနည်း။

သူ့အိမ်ကြီးက ခေတ်မီပြီး 'ပျံ'နေသည် ဆို၏။ သူ့ခြံတွင်းမှာလည်း ပိတောက်ပင်တွေ၊ ငုပင်တွေ၊ စိန်ပန်းပင်တွေ စုံနေသည် ဆိုသေး၏။

ဩော်… သူ့သမီးတစ်ယောက်။ ပိတောက်ရိပ်သာတွင်းက ဝှထဲမှာ ရောက်နေသည်။ နာမည်က မဥ္ဇူ။

မော်လမြိုင်က ရှိမီယိုနှင့် ဂျူးလိယက် ဇာတ်လမ်း။

သချိုင်းကုန်းက ဝူတွေ ဘေးတွင် ကြားခဲ့ရသော မှိုင်းညို့ညို့ 'ပုံပြင်'။

စိတ်ဝင်စားမှုကို နှိုးဆွသော ဤခြံကြီးနှင့် ဤအိမ်ကြီးဘက်သို့ စူးစမ်းလိုစိတ်နှင့် လာရန် အကြောင်း အလုံအလောက် ရှိသည်။

အမှန်က မြင့်အောင်ထံမှ ပုံပြင်ပမာတွေကို ကြားပြီးကတည်းက ဤခြံကြီးကို လာကြည့်ချင်မိသည်။ မိမိ နေသော နေရာနှင့်ကလည်း မဝေးလှ။

သည်ကြားထဲက မိမိ မလာ။ တစ်စုံတစ်ရာက ထိန်းချုပ်ထားသည်။

လိပ်ပြာ မလုံသလိုလို ဘာလိုလို။

မြတ်စွာဘုရား… အဲဒါကမှ မသိစိတ်။ မသိစိတ် မဟုတ်ဘူးလား။

သန့်… မမသန့်… ကဗျာတစ်ပိုဒ်။

အလို… ဘာဆိုင်၍နည်း။ ဘာမျှ မဆိုင်။

သိချင်သည်။ မြင်ဖူးချင်သည်။ ထို့ကြောင့် လာခဲ့သည်။ ဘာဖြစ်သနည်း။ ဘာဖြစ်ရမည်နည်း။

မြတ်ထန်က ခြေစရွေ့သည်။

နားထဲတွင် အသံလိုလိုတွေ ကြားသည်။

ဒေါသတကြီး စူးစူးရှရှ တီးလိုက်သော ကားဟွန်းသံကြောင့် မြတ်ထန်က နောက်သို့ လှည့်ကြည့်မိ၏။

ပုံသစ်ပုံဆန်း ဆီဒင်ကား ညိုညိုကြီး တစ်စီးက စက်မသတ်ဘဲ လမ်းပေါ်၌ ထိုးရပ်လျက် ရှိသည်။

ကားနောက်ခန်းတံခါး တစ်ဖက် ပွင့်လာပြီး အရပ်ရှည်ရှည်နှင့် လူကြီးတစ်ဦးက ဆင်းလာသည်။

သူက မြတ်ထန်၏ အနီးသို့ ကပ်လာ၏။

သူ့အရပ်ကြီးက ရှည်ပြီး မြတ်ထန်၏အပေါ်တွင် စီးမိုးနေသည်။ မျက်နှာသွယ်ကြီးက ချောသည်ဟု ခေါ်နိုင်သော်လည်း တင်းတင်း တည်တည်ကြီး ဖြစ်၏။

ထူးကဲသည်က သူ့မျက်ခုံးနှင့် သူ့မျက်လုံးများ။

သူ့မျက်ခုံးများက မျက်လုံးရိုးများအထက်သို့ အနည်းငယ် စောင်းလျက် ပျံတက်နေသည်။ မျက်လုံးများက မကျဉ်းမကျယ် ဖြစ်သော်လည်း အေးစက် စူးရှသည်။

သူက မားမားကြီး ရပ်ပြီး မေး၏။

"ဒီမှာ သူငယ်၊ မင်း ဒါမျိုးလုပ်တာ ကြာပြီလား"

"ခင်ဗျာ"

"ကားလာတာကို ရှောင်မပေးဘဲ မထီမဲ့မြင် ပြုတာ"

သူ့စကားကြောင့် မခံချင်မှုနှင့် အံ့ဩစိတ် ရောပြီး မြတ်ထန်က ရုတ်တရက် စကားမပြန်နိုင်။

"ဒီမှာ သူငယ်၊ ငါ မေးနေတယ်"

မြတ်ထန်က ယခုမှ ကောင်းကောင်းသတိပြုမိသည်။ မိမိက မြေနီလမ်းလေး၏ အလယ်မှာ ရပ်နေမိသည်။ လမ်းကလည်း ကားတစ်စီး သွားသာရုံသာ ကျယ်သည်။

"ကျွန်တော် မကြားမိလို့ပါ"

လူကြီးက သရော်တော်တော် ပြုး၏။

"ဖြေနေကျ လက်သုံး ဆင်ခြေပဲ၊ မင်းတို့လို ကောင်လေးမျိုးတွေဟာ ကားလာရင် လမ်းလယ်ကောင်က တမင် ဖယ်မပေးဘဲ စော်ကားမော်ကား လုပ်ချင်တယ်၊ မခံချင်တဲ့ လူနဲ့ တွေ့တော့ မင်းတို့က အုပ်ကောင်းရင် အုပ်နဲ့ မိုက်ပြမယ်၊ မနိုင်ဘူးလို့ ထင်ရင်တော့ မကြားလို့ပါလို့ ဆင်ခြေပေးမယ်၊ ဒီမှာ ငါ သတိပေးခဲ့မယ်၊ ကျုန်တဲ့နေရာမှာ လုပ်၊ ဒီလမ်းပေါ်မှာ လာမလုပ်နဲ့၊ ဒါ အများသူငါလမ်း မဟုတ်ဘူး၊ ပုဂ္ဂလိကပိုင်လမ်း၊ ငါပိုင်လမ်း၊ ကြားလား၊ မလောက်လေးမလောက်စား အရွယ်မို့ သတိပေးခဲ့တယ်၊ မှတ်ထား"

သူက ခြေလှမ်းကျဲကြီးများဖြင့် ကားဆီ ပြန်လျှောက်တက်သွား၏။

ရှေ့ခန်းမှ ကားဒရိုင်ဘာကလည်း မိမိကို စိုက်ကြည့်နေကြောင်း မြတ်ထန် သတိပြုမိသည်။ ဒရိုင်ဘာ၏ မျက်နှာပေါက်ကလည်း ဆိုး၏။

ဒရိုင်ဘာက ကားစက်ကို တမင်မြည်အောင် မြှင့်ပြီးမှ ကားထွက်သည်။

လမ်းဘေး ဆင်းရပ်ပြီး ဖြစ်နေသော မြတ်ထန်က ကားကို စိုက်ကြည့်သည်။ မိမိ၏ မျက်လုံးများမှ မခံချင်မှုနှင့် ဒေါသကို သူတို့ မြင်ကြလိမ့်မည် ထင်သည်။

အမှန်က မြတ်ထန်က မခံချင်စိတ်ကို မနည်း ချုပ်တည်းထားရသည်။

မိမိက မှားမိသည်ကိုး။

သူတို့ကား ဟွန်းပေးသည် ဆိုခြင်းမှာ ဖြစ်နိုင်သည်။ မိမိကသာ အတွေးတွေ လွန်ပြီး မကြားမိခဲ့။ ပြီးတော့ မိမိက လမ်းလယ်ကောင်မှာ။

သို့ရာတွင် လူကြီးက လွန်သည်။ သူ့စွပ်စွဲချက်က တစ်ဖက်သတ်ကျသည်။ ပြောဟန် ဆိုဟန်က မောက်မာသည်။

မြတ်ထန်၏ ဒေါသက မိမိဘက် မိမိ ပြန်လှည့်လာသည်။

ဘာကြောင့် သည်လူကြီး၏ မောက်မာမှုကို မိမိက ငုံခံလိုက်ရသနည်း။

မိမိက မှားမိသည်။ ထားတော့၊ သို့ရာတွင် သူက ဤမျှ နင့်နင့်သီးသီး ပြောသင့်ပါသလော။

မိမိက မကြားမိကြောင်း ပြောခဲ့ပြီးပြီ။ ဤသည်က တောင်းပန်စကား။

သူ ကျေနပ်သင့်သည်။ သို့ရာတွင် သူက တောင်းပန်စကားကိုပင် တောင်းပန်စကားအဖြစ် လက်မခံဘဲ စွပ်စွဲ စော်ကား ခြိမ်းခြောက်သွားသည်။

မမိုက်ရိုင်းချင်ပါ။ သို့ရာတွင် မဟုတ်လျှင် မခံမှန်း သိအောင်တော့ မိမိ ပြန်ပြောသင့်သည်။ ယခုတော့ မိမိ၏ ပါးစပ်က အာစေးထည့်ထားသကဲ့သို့ ဖြစ်ပြီး ဘာမျှ ပြန်မပြောမိ။

သူ့အရပ်ကြီးက ရှည်သည်။ သူ့သဏ္ဌာန် တစ်ခုလုံးက ကြီးကြီးစိုးစိုး၊ လွှမ်းလွှမ်းမိုးမိုး ရှိသည်။

အရှိန်… အင်း… အရှိန်။ သူ့မှာ အရှိန်တစ်မျိုးတော့ ရှိသည်။

အဲသည်အရှိန်ကို မိမိ ကြောက်သွားသလော။

အိုး… မကြောက်၊ မကြောက်သည်မှ မကြောက်သေး။

မိမိကိုယ်ကိုယ် ဒေါပွ အပြစ်တင်ရင်း မြတ်ထန်က ရှေ့ဆက်လျှောက်လာသည်။

"အား…"

မြတ်ထန်က စိတ်တွင်းမှ အော်မိသည်။

မနောမယ ခြံကြီး… စိတ္တဂေဟာကြီး… ။

ခြံကြီး၏ ပတ်လည်တွင် အုတ်ရိုး အခြေခံလျက် သံလုံး အချွန်တိုင်များ ကာထားသည်။

ခြံစည်းရိုးတစ်လျှောက် တန်းစီပြီး စိုက်ထားသည်က သစ်ပင်များ။

စိန်ပန်းတွေက ရဲရဲနီနေသည်။ ငုဝါတွေက အဆိုင်းဆိုင်း။ ပိတောက်တွေက ထိန်ထိန်တောက်နေသည်။

အပင်တွေ၏ အမြင့်က ညီညာသည်။

သည်တော့ အပွင့်ရောင်တွေ တန်းနေသည်ကလည်း ညီညာသည်။

ပတ္တမြားတံတိုင်း၊ ရွှေတံတိုင်း။ ဪ... အရွက်စိမ်းတွေပါ ထည့်လိုက်... မြတံတိုင်း။

ရောင်စုံပန်းချီတံတိုင်း။

ရောင်စုံပန်းချီတံတိုင်း အလယ်မှာက ခေတ်မီပုံစံ နှစ်ထပ်တိုက်ကြီး။

တိုက်ကြီး၏ အချိုးတွေ၊ ထောင့်တွေက လှပသည်။ ပြတင်းတံခါးမှန်တွေက ကြည်လင်ပြီး သံပန်းအကာတွေက ယဉ်သော အရောင်တွေနှင့် တင့်တယ်သည်။ တိုက်တစ်ခုလုံးက မီးခိုးနုရောင် ဖြစ်သော်လည်း ပန်းနုရောင်၊ အစိမ်းနုရောင်၊ အပြာနုရောင် အကွက် အပြောက်များကို အရောင်ချင်း ရန်မဖြစ်စေဘဲ အနုပညာမြောက်မြောက် နေရာချ ခြယ်သထားသည်။

စိတြဂေဟာ...

မှန်ပေသည်။ ပန်းချီပင် တံတိုင်းအလယ်မှ ပန်းချီဆန်သော အိမ်ကြီး။

အိမ်ကြီး၏ အလှကို ငေးမောကြည့်နေရာမှ ဆင်ဝင်အောက်ရှိ ကားကြီးကို မြတ်ထန် မြင်သွားသည်။

ကားအညိုကြီး၊ စောစောက ဆီဒင်ကားအညိုကြီး။

မြတ်ထန် မျက်မှောင်ကုတ်သွား၏။

ဦးတိမ်မင်း... စောစောက မိမိ ရင်ဆိုင်ခဲ့ရသူမှာ ဦးတိမ်မင်း... ဦးတိမ်မင်းသာ ဖြစ်ရမည်။

အင်း... အဟင်း... တွေ့ချင်သေးပါဘိ။ ထပ်တွေ့ချင်သေးပါ၏။ ထိုအခိုက်တွင် အုပ်အုပ်ဟိန်းသံ ပါသော ခွေးဟောင်သံ သုံး လေးခါ ကြားလိုက်ရ၏။

ကလေးများ၏ ကြောက်လန့်တကြား အော်သံနှင့် ပြေးလွှားလာသံကိုလည်း ကြားရသည်။

အိမ်ကြီးက အရှေ့ဘက်သို့ မျက်နှာလှည့်ထားပြီး ခြံဝင်း တံခါးကြီးကလည်း ထိုဘက်တွင် ရှိသည်။

အိမ်ကြီး၏ တောင်ဘက်ဘေး ခြံစည်းရိုး၏ အပြင်ဘက်တွင် လူနှစ်ယောက် ယှဉ်သွားသာရုံ မြေနီ ခြေသွားလမ်းကြားလေး ရှိသည်။ ထိုလမ်းကြားလေးတွင်းမှ ကလေး သုံးယောက် ပြေးထွက်လာကြသည်။ ရှစ်နှစ်သားအရွယ်ခန့် ကလေးနှစ်ဦး၏ လက်တွင်း၌ ပိတောက်ပန်းခက်များ ပါလာသည်။

ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ် ကလေးတစ်ဦး၏ လက်တွင်းမှာက တံချူ တစ်ချောင်း။

တံချူ ကိုင်ထားသော ကလေးက နောက်ဆုံးမှ ဖြစ်သည်။

သူက ဖြောင့်ဖြောင့် ပြေးလာသည် မဟုတ်။ တံချူကို လက်နက်ပမာ သုံး၍ ကာကွယ်ရင်း နောက်ဆုတ် နောက်ဆုတ်နှင့်။

ဩော်… သူ့ကို ခြိမ်းခြောက်လျက် နောက်မှ လိုက်လာနေသည်က…

အယ်(လ်)ဖေးရှင်း ခွေးကြီးတစ်ကောင်။

အတွင်းပိုင်း တစ်နေရာဆီမှ ယောက်ျားသံ တစ်သံ ပေါ်လာ၏။

"လီယို… ကမ်းဘက်(ခ်)"

ခွေးကြီးက ခေတ္တရပ်နေပြီးမှ နောက်ပြန် လှည့်ပြေးသွား၏။

လမ်းကျဉ်းလေး ထိပ်တွင်လည်း ကလေး သုံးဦးက ရပ်လိုက်ကြ၏။

မြတ်ထန်က ကလေးတို့ဆီ ကပ်သွားသည်။

"ဘာဖြစ်လို့လဲဟော့"

အငယ်ကောင်လေး တစ်ကောင်က မျက်လုံးလေး ဝိုင်းလျက်က ဖြေသည်။

"ပန်းခူးတာ ခွေးနဲ့ ရှူးတိုက်လို့"

အကြီးဆုံးကောင်က ပြင်ဆင်ချက်ပေး၏။

"ရှူးတိုက်တာ မဟုတ်ဘူး၊ ခိုင်းတာ၊ ခွေးကြီးတွေက လူစကား နားလည်တယ်"

အတွင်းပိုင်းဆီသို့ မြတ်ထန်က လှမ်းကြည့်၏။

အသားဖြူနီနီ၊ ဂင်တိုတို၊ ခေါင်းတုံး ဆံတောက်နှင့် လူတစ်ဦးက ခြံတွင်းမှနေ၍ မိမိတို့ကို ပြုံးပြုံး ပြောင်ပြောင်နှင့် ကြည့်နေသည်။ ခြံစည်းရိုး၌ လူတစ်ကိုယ် ဝင်နိုင်သော မလွယ်ပေါက်တစ်ခု၏ သံတံခါးကလည်း အတွင်း ဘက်သို့ ပွင့်လျက်နေ၏။ လီယိုဟု ခေါ်သော ခွေးကြီးက မလွယ်ပေါက်မှ ခြံတွင်းသို့ ခုန်ဝင်သွား၏။

ဩော်… သည်လိုလား။ မြတ်ထန်က-

"ပေးစမ်း၊ မင်း တံချူ"

ဟု ဆိုပြီး ကောင်လေး၏ လက်တွင်းမှ တံချူကို ဆွဲယူလိုက်၏။ ခြံစည်းရိုးတစ်လျှောက်၌ ပိတောက်ပင်တွေက အများကြီး။ သို့ရာတွင် မြတ်ထန်

က တမင်ဖင် အတွင်းပိုင်းသို့ ဝင်ပြီး မလွယ်ပေါက် တံခါးအနီးရှိ ဝိတောက်ပင် တစ်ပင် အောက်၌ ရပ်သည်။

ဝိတောက်ပင်က ပင်ပျို ဖြစ်သည်။ အကိုင်းစိုက် မဟုတ်တဲ့ အစေ့စိုက် ဖြစ်ဟန်တူသည်။

အပင်သဏ္ဍာန်က ပန်းချီတွင်းမှ စံပြအပင်ကဲ့သို့ အချိုးအစား ကျနလှပသည်။

ပွင့်နေလိုက်ကြသည်မှာလည်း ခဲနေသည်။ ရွှေဆုပ်၊ ရွှေနိုင်၊ ရွှေလှိုင်း၊ ရွှေလွှာ…။

သည်လောက်တောင် လှရသည်လော။

သည်လောက်တောင် လှပြန်တော့ ခူးပါလှည့်၊ ဆွတ်ပါလှည့်ဟု ဖိတ်ခေါ်နေသယောင်ယောင်။

ဩော်… ကလေးတွေ ခူးချင်ကြသည်မှာ မဆန်း။

မြတ်ထန်က အသားဖြူနီနီနှင့် လူဆီ ကြည့်၏။

သူက မျက်နှာထားတင်းတင်းနှင့် ခါးထောက်ပြီး မိမိထံ ကြည့်နေသည်။

မြတ်ထန်က သူ့ကို ရှုံ့ရှာသွားသည်။

ကလေးလေးတွေကို ခွေးနှင့် တိုက်ရက်သည့်သူ။

ကဲ… ကိုယ့်ဆရာကြီး၊ ခင်ဗျား ဘာလုပ်ချင်သလဲ၊ လုပ်။

မြတ်ထန်က တံချူကို မြှောက်လိုက်သည်။

ထိုအခါကျမှ သစ်ပင်တွေ၌ သုံး လေးပင် ခြားပြီး ရိုက်ကပ်ထားသော ဆိုင်းဘုတ်လေးများကို သတိပြုမိသည်။

'ပန်းမခူးရ'

မြတ်ထန်၏ သိစိတ်က ဝင်လာသည်။

မှားပြန်ပြီ။ မိမိ မှားပြန်ပြီ။ ဘာကြောင့် သူပိုင်ပန်းကို ခူးရမည်နည်း။

ပြီးတော့ ဖေဖေ သိလျှင် ဘာပြောမည်နည်း။

မိမိက ယနေ့ ဘာကြောင့် အဓိပ္ပာယ် မရှိတာတွေကို လုပ်မိနေသနည်း။

တံချူကို ပြန်နှိမ့်ချလိုက်သည့် ခဏတွင်ပင် ကြားလိုက်ရသည်။

''လီယို… ချား(ဂျ်)''

အသားဖြူနီနီနှင့် လူ၏ အသံပင်တည်း။

အယ်(လ်)ဖေးရှင်းခွေးကြီးက ပြေးထွက်လာသည်။

မြတ်ထန်က လျင်မြန်စွာဖြင့် တံချူအရင်းကို မြေမှာ ထောက်၍ ယိုင်ယိုင်ထားပြီး ဖနောင့်နှင့် ဆတ်ဆတ်ပေါက်လိုက်၏။

ဝါးလုံးက ဖြောင်းခနဲ ကျိုးသွားသည်။ တစ်လံခန့်ရှိသော ဝါးလုံးပိုင်းကို လက်နှစ်ဖက်ဖြင့် ရှေ့သို့ ဆန့်ထုတ်ကိုင်ထားပြီး ကိုယ်နှင့် ခြေထောက်တို့ကို အနေအထား မှန်စွာထားလျက် မြတ်ထန်က ခွေးကြီးကို စောင့်သည်။

ကောင်းသည်။ သခင် အားကိုးနှင့် စွာချင်သော ခွေးကြီးကို မှတ်လောက်အောင် ဆုံးမခဲ့မည်။ ခွေးကို မကြောက်သော လူတွေ ဤလောကမှ ရှိကြောင်းလည်း ပြခဲ့မည်။

ဤခွေးကြီး၏ တန်ဖိုး မည်မျှ ရှိမည်နည်း။ သူ့ကျောရိုးကကော မည်မျှ သန်မာသနည်း။ မိမိ၏ ခြေဖျားများနှင့် လက်ဝါးစောင်းများကလည်း မည်မျှ ပြင်းမည်နည်း။

ကြိုက်ပြီ ဦးတိမ်မင်းရေ… ခုမှ အဓိပ္ပာယ်ရှိသော အလုပ်ကို လုပ်ရတော့မည်။ ကျေးဇူးပဲဗျို့။

ထိုးအုပ်တော့မည်ကဲ့သို့ ဟန်နှင့် ပန်နှင့် ခွေးကြီးက ပြေးလာသည်။ သို့ရာတွင် လက်ဆန့်တန်းလျက် ရှေ့ထုတ်ကာ ထားသော ဝါးလုံးစည်း၏ ရှေ့တစ်လံကွာ၌ ရပ်သွားသည်။

မြေသို့ လျှောကျနေသည့် အမြီးကြီးက မသိမသာ လှုပ်ယမ်းနေသည်။ နားရွက်ကြီးများက စွင့်ထောင်နေသည်။ မျက်လုံး တောက်တောက်ကြီးများက ဝါးလုံးဆီ စူးစိုက်ကြည့်နေသည်။ ကိုယ် အနေအထား နောက်သို့ နိမ့်၊ အားယူထားသည်။

သြော်… ခွေးကြီးကလည်း သတိနှင့်ပါတကား။

မြတ်ထန်က မလှုပ်မယှက် ငြိမ်ပြီး ခွေးကြီးကို သတိနှင့် ကြည့်နေသည်။

ခုန်အုပ်လေကွာ… လည်ပင်းကို… လည်ပင်းကို။

စိတ်တွင်းမှ မြတ်ထန်က ပြောသည်။

တစ်လောကလုံးက တိတ်ဆိတ်နေသည်။ သို့မဟုတ် မြတ်ထန်၏ စိတ်ထဲတွင် တိတ်ဆိတ်နေသည်ဟု ထင်၏။

ထိုတိတ်ဆိတ်နေခြင်းတွင်းမှာ အသံတစ်သံက ပေါ်လာသည်။

ကြည်လင်သည်။

"လီယို... စတော့(ပ်)"

ခွေးကြီး၏ အနေအထားနှင့် တင်းအားတွေ လျော့ကျသွားဟန်ကို တွေ့ရသည်။

အသံကို ထပ်ကြားရသည်။

ကြည်လင်ရှုံမက သာယာသည်။

"လီယို... ကမ်းဘက်(ခ်)၊ ကွစ်(ခ်)"

ဤတစ်ကြိမ်တွင်တော့ ခွေးကြီးက ပြန်လှည့်ပြေးသည်။ မြန်မြန်လေး ပြေးသည်။

မြတ်ထန်ကလည်း ကာကွယ်မှု အနေအထားကို ဖျက်လိုက်ပြီး ခြံတွင်းဆီ ကြည့်သည်။

ကြည့်လိုက်စဉ်က ရည်ရွယ်ချက် တစ်မျိုးနှင့် ဖြစ်သည်။ စိတ်တွင်း၌လည်း မာန်တွေ၊ ဒေါသတွေ မကုန်သေး။

သို့ရာတွင် ယခုတော့ ရေဖျန်းခံရသည့် မီးပမာ မာန်တွေ၊ ဒေါသတွေ ကျသွားပြီး ရင်က သိသိသာသာ အေးသွားသည်။

မျက်လုံးများကလည်း လွှဲဖယ်၍မရ။ လွှဲဖယ်၍မရသည့်ပြင် သာယာအေးမြမှု တစ်မျိုးကို မျက်လုံးများနှင့် ခံစားရသည်။

အင်္ကျီ လက်ရှည်က ဆွတ်ဆွတ်ဖြူသည်။ ထဘီက ပြာပြာနုနု၊ အသားရောင်ကလည်း ဖြူဖြူသန့်သန့်၊ ဆံပင်အုပ် ကောင်းကောင်းကလည်း ပြာလဲ့ နက်မှောင်သည်။

အားလုံး ခြုံတော့...

ရင်မှာ အေးမြသာယာသည်။ မထန် မမာသော်လည်း တည်ကြည်သည့် အပြစ်တင်သံကို ကြားရသည်။

"ကိုဘဒင်၊ ဘာလို့ ကလေးတွေကို လီယိုနဲ့ လိုက်ခိုင်းရသလဲ"

"ပြောမနိုင် ဆိုမရတွေ သန့်ရဲ့"

"ကြောက်ရုံ လန့်ရုံ ခြောက်ဆို တော်ရောပေါ့"

"လီယိုကို ချား(ဂျ်)သာ လုပ်ခိုင်းတာ၊ အတက်(ခ်) လုပ်မခိုင်းပါဘူး"

"ဒါပေမဲ့ ကလေးတွေ လန့်ကုန်မယ်"

"လန့်အောင် လုပ်ရမယ်လို့ ဆရာကြီးက ခိုင်းထားတာ"

"ဖေဖေ နိုင်းတိုင်း လုပ်ရသလား ရှင်"

"မလုပ်ရင် ကျွန်တော် ပြုတ်မှာပေါ့"

အိမ်အပေါ်ထပ် ပြတင်းတစ်ခုနှဲ့ ဦးတိမ်မင်းကြီး ပေါ်လာသည်။ သို့ရာတွင် ခဏခြင်ပင် ပြတင်းမှ ခွာသွား၏။

ကိုဘခင် ဆိုသူကမူ မြတ်ထန်ဆီ လှမ်းကြည့်ပြီး မကျေမချမ်းဟန်နှင့် ပြော၏။

"ပြီးတော့ အဲဒီကောင်က ကလေးလား၊ ကလေးတွေ ပြေးပြီးမှ သူက ဝင်ဟီးရိုးလုပ်တာ၊ ခုကြည့်... မသွားသေးဘူး"

သန့်... အဲ... မမသန့်က မိမိဆီ လှမ်းကြည့်ကြောင်း မြတ်ထန် တွေ့ရသည်။

သန့်က မလွယ်ပေါက်ဆီသို့ လျှောက်လာပြီး ခြံပြင် ထွက်ခဲ့၏။

သူ့နောက်မှ လီယိုက သဘောမနောကောင်းသည့် ဟန်ဖြင့် လိုက်ပါလာသည်။

မြတ်ထန်က လက်တွင်းမှ ဝါးလုံးပိုင်းကို လွှင့်ပစ်လိုက်ပြီး တည်ငြိမ်စွာ ရပ်နေလိုက်သည်။

သန့်ကို ယဉ်ကျေးသော လူငယ်တစ်ဦးအဖြစ် တွေ့ဆုံလိုသည်။

ယခုအချိန်အထိ သန့်က မိမိကို မည်ကဲ့သို့ ထင်နေမည်နည်း မသိ။

ရင်ထဲတွင် မောနေသည်။ အမယ်မင်း... သည်တစ်ညနေအတွင်း ခံစားမှုမျိုးတွေက စုလှသည်။

သန့်က မိမိနှင့် မနီးမဝေးလေးတွင် ရပ်လိုက်သည်။

နှုတ်ဆက်ဟန်လည်း ပြုံးပြသည်။

သန့်၏ သွားလေးတွေက ညီလည်း ညီသည်၊ ရှည်လည်း ရှည်သည်။ ဖြူလိုက်သည်မှာလည်း ဖွေးလို့။

ပြီးတော့ သွားလေးတွေက လှသည်၊ လက်သည်။

ဪ... အပြုံးလက်သည် ဟူသော စကားကို စာတွေ့မှာ တွေ့ဖူးသည်။ အပြုံးက မည်သို့ လက်မည်နည်း။ သွားလေးတွေ လှလှပပ ပြုံးပြုံး ပြက်ပြက် လက်သည်ကို ဆိုလိုဟန် ရှိသည်။ ဟင့်အင်း... မျက်လုံးပြာပြာကြီး များကလည်း လက်သည်။ အား... မျက်နှာတစ်ခုလုံးကလည်း လက်သည်။ အဲ... ဝင်းပသည်။

"ဒီကမောင်က ပီတောက်ပန်း ချစ်သလား"

"ခင်ဗျာ"

"ပီတောက်ပန်း ခူးတာ ပီတောက်ကို ချစ်လို့လား"

မြတ်ထန်က ခေါင်းကို လေးလေးခါပြ၏။

"မချစ်ဘူး၊ နို… ဘာလို့ ခူးရသလဲ"

မြတ်ထန်က တွေနေပြီးမှ စကားပြန်၏။

"ကျွန်တော် အမှန်ဖြေရမလား"

"ဖြေပါကွယ်"

"မခံချင်လို့"

"ဘယ်လို"

"မခံချင်လို့၊ ကလေးလေးတွေကို ခွေးနဲ့ လိုက်ခိုင်းတာကို မခံချင်လို့"

"မင်း သိပ်သတ္တိကောင်းတယ်"

"ခင်ဗျာ"

"ဒီလို ခွေးကြီးမျိုးကို ရင်ဆိုင်ရဲတာ"

"ဒါပေမဲ့ မ·· မ·· မမသန့်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"ဘယ်လို ခေါ်လိုက်တယ်"

မြတ်ထန် ဘာဖြေရမှန်း မသိ။ အလိုလေး… ဘာကြောင့်ကော အဲသည်လို မိမိက ခေါ်လိုက်မိပါသနည်း။

သန့်က မိမိ၏ အခက်အခဲကို ရိပ်မိဟန်ဖြင့် ပြုံး၏။

"ခေါ်ပါ၊ မမသန့် မကန့်ကွက်ပါဘူး၊ ပြီးတော့…"

သန့်က ဆက်မပြောဘဲ မိမိ၏ မျက်နှာကို စူးစမ်းဟန်နှင့် ကြည့်နေသည်။

မမသန့်ပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်…

အပျို… အပျိုချော…

အပျိုချော တစ်ဦးက စူးစူးစိုက်စိုက် ကြည့်တော့ မြတ်ထန် မနေတတ်။ မျက်လုံးများကို မြေကြီးဆီ ပို့ပစ်သည်။

"ဒီက မောင့်ကို မမသန့် မြင်ဖူးသလိုပဲ"

"ခင်ဗျာ"

"ထားပါတော့လေ၊ လူတူမရှား မဟုတ်လား"

"ဒီက မောင့်ကို မမသန့် တစ်ခုတော့ ပြောချင်တယ်"

မြတ်ထန်က သန့်၏ မျက်နှာလေးကို မျက်လွှာပင့်၍ ကြည့်သည်။

"ပြောပါ မမသန့်"

"မမသန့်တို့ ဖေဖေက သူ စိုက်ထားတဲ့ အပင်က ပန်းတွေ ခူးတာ မကြိုက်ဘူး၊ မမသန့်ကတော့လေ ဘယ်သူ့အပင်မှုရယ် မဟုတ်ဘူး၊ ဘယ်အပင်က ပန်းကိုမှ မခူးကြစေချင်ဘူး၊ ပန်းတွေ အပင်တွေက လောကကို အလှဆင်တယ်ကွယ်၊ လူဆိုတာ အလှတရားကို မဖျက်ဆီးရဘူး"

သြော်… မမသန့်က ပညာပေးနေပါပြီပကော။ ပညာပေးချင်၍ မိမိထံ လာခဲ့သည် ထင်၏။

မြတ်ထန်က ဝမ်းနည်းသွားသည်။ သန့်က မိမိကို အလှဖျက်ဆီးတတ်သူဟု ထင်နေပြီကိုး။

ဦးတိမ်မင်းကြီး မလှမ်းပေါက်မှ ထွက်လာသည်ကို မြတ်ထန် တွေ့ရသည်။

သည်လူကြီးကိုတော့ နောက်ထပ် မတွေ့ချင်တော့ပါ။

သို့ရာတွင် သန့်က မိမိကို အထင်လွဲနေခြင်းကိုလည်း မခံချင်။

"ကျွန်တော်က အလှကို မကိုးကွယ်တတ်သေးဘူး၊ ဒါပေမဲ့ ကျွန်တော့် ဖေဖေ သင်ထားတာ တစ်ခု ရှိတယ်၊ ကျွန်တော်က အဲဒါကို မှတ်ထားပါတယ်"

"မင့်ဖေဖေက ဘာသင်ထားသလဲ"

"အင်မိုင်ရင်မယ်တယ်လစ်ဖင်း"

"အလို… ဘာရယ်"

"ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး"

သန့်က ကြားရသည်ကို မယုံဟန်ဖြင့် မိမိကို မျက်လုံးလေး ပြူး၍ ကြည့်နေသည်။

"သမီး… ဒီကောင်လေးနဲ့ ဘာတွေ ပြောနေရတာလဲ"

အသံက မာသည်။ စကား အနက်အဓိပ္ပာယ်ကလည်း မာသည်။

ဦးတိမ်မင်းကြီးက သန့်အနီး၌ ရပ်လိုက်သည်။

လီယိုက သန့်အနီးမှ ခွာပြီး ဦးတိမ်မင်းကြီး အနီးသို့ ကပ်သွားသည်။ စောစောက သဘောမနောကောင်းဟန် ပြနေသော လီယိုလည်း မဟုတ်တော့။

လီယိုက ယခု တောင့်တောင့်စွင့်စွင့် ဖြစ်နေသည်။

ဦးတိမ်မင်းက သန့်ကို မေးသည် ဖြစ်သော်လည်း အေးစက်မာကျောသော မျက်လုံးများကမူ မိမိကို စိုက်ကြည့်နေကြောင်း မြတ်ထန် သတိထားမိသည်။

"သူ လူကောင်းလေးပါ ဖေဖေ"

"ဘာ… လူကောင်းလေး"

"ဟုတ်ပါတယ် ဖေဖေ၊ သူ အဆင့်မြင့်တဲ့ စကားတွေလည်း ပြောတတ်တယ်၊ အခု အင်မိုင်ရင်မင်တယ်လစ်ဇင်းကို ပြောပြနေတယ်"

"ဘာရယ်"

"ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ ဒါထက် ငါ့မောင်ရဲ့ ဖေဖေက ဘယ်သူလဲ"

"ဦးသက်မွန်ပါ"

"ဦးသက်မွန်… ဘာလုပ်သလဲကွယ်"

"ကထိကပါ၊ အင်္ဂလိပ်စာပေကထိကပါ"

"အို… ဆရာဦးသက်မွန်၊ ကဗျာဆရာကြီးလည်း မဟုတ်လား"

"ဟုတ်ပါတယ် မမသန့်"

"ဆရာက ရန်ကုန်မှာ မဟုတ်လား"

"အခု မော်လမြိုင်ကောလိပ်ကို ပြောင်းလာတာ၊ မကြာသေးဘူး"

"အို… ဝမ်းသာစရာကြီး၊ မမသန့် မသိသေးဘူး"

"မမသန့်က ဖေဖေ့ကို သိသလား"

"သိတာပေါ့ကွယ်၊ မမသန့်ရဲ့ ဆရာ ဖြစ်ခဲ့ဖူးတယ်၊ သြော်… ဒါကြောင့် ငါ့မောင်ကို မြင်ဖူးတယ် အောက်မေ့တာ၊ ဆရာနဲ့ တူတာကိုး"

ဦးတိမ်မင်းက မြတ်ထန်ကို မျက်မှောင်ကုတ်၍ ကြည့်နေသည်။

"မင်းက သက်မွန် သား၊ ဟုတ်လား"

မြတ်ထန်၏ နားတွင် တစ်မျိုး ဖြစ်သွား၏။ ရင်ထဲမှာလည်း အောင့်တောင့်တောင့်။

ဖေဖေ့ကို လူတကာက ရှေ့မှ ဆရာ တပ်၍ ခေါ်သံကိုသာ ကြားနေကျ။ ယခုတော့ သက်မွန် တဲ့။

"ဟုတ်ပါတယ်၊ ကျွန်တော် ဆရာဦးသက်မွန် သားပါ"

ဦးတိမ်မင်း၏ မျက်လုံးများက စိမ်းလဲ့လဲ့ တစ်ချက် တောက်သွား၏။

သို့ရာတွင် ချက်ချင်းပင် ရယ်ချလိုက်၏။

"ကျောင်းတုန်းက မင်းအဖေက လူပျော် လူအေးပဲ၊ ဒါထက် မင်း နာမည် ဘယ့်နှယ် ခေါ်သလဲ"

"မြတ်ထန်"

ဦးတိမ်မင်း မျက်မှောင်ကုတ်သွားပြန်၏။

"မင်းအဖေက မှည့်မှ မှည့်တတ်ပလေ"

"ဖေဖေ မှည့်တာ မဟုတ်ဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် မှည့်တာ"

ဦးတိမ်မင်းက မရယ် မပြုံးဘဲ မြတ်ထန်ကို စိုက်ကြည့်၏။

မြတ်ထန်က သန့်ကို ကြည့်သည်။

သန့်၏ မျက်နှာလေးက အားတုံ့အားနာဟန် ပေါ်နေသည်။ သို့ရာတွင် သူ့အဖေကို သူ ကန့်ကွက်ဟန်တားဝံ့ပုံ မပေါ်။

သည်နေရာတွင် ဆက်နေ၍ မကောင်းတော့ဟု မြတ်ထန် ထင်သည်။ ထို့ကြောင့် သန့်ကို နှုတ်ဆက်၏။

"မမသန့်… ကျွန်တော် ပြန်မယ်"

သန့်က ပြုံးတော့ ပြုံးရှာသည်။ သို့ရာတွင် အပြုံးလေးက စောစောကလောက် မလက်လှ။

မြတ်ထန်က ချာခနဲ လှည့်ထွက်မည် ကြံ၏။ သို့ရာတွင် ဤမျှ သူ မရိုင်းချင်။

"ကျွန်တော် ပြန်ပါဦးမယ် ဘဘ"

ဦးတိမ်မင်း၏ မျက်နှာ၌ အပြုံးငွေ့ငွေ့လေး ပေါ်လာသည်။

"အေး အေး၊ ကောင်းပြီ၊ လမ်းမှာ ကောင်းကောင်းလျှောက်ပြန်"

လှမ်းတော့မည် လုပ်သော ခြေထောက်ကို မြတ်ထန်က ရပ်ထားလိုက်သည်။

သူက ဦးတိမ်မင်းကို စေ့စေ့ ရဲရဲကြည့်သည်။ ပါးစပ်မှလည်း စကားတစ်လုံး ထွက်လုလု။

သန့်က မျက်လုံးလေး ဝိုင်းလျက် မိမိကို ကြည့်နေသည်။

စိုးရိမ်သော မျက်လုံးများ။

မိမိ၏ အမူအရာနှင့် မျက်နှာထားတွင် သန့် ဘာမြင်သွားသနည်း။

မြတ်ထန်က သက်ပြင်းရှူလိုက်၏။

သူက စိတ်ကို ထိန်းချုပ်ပြီး ပြောရ၏။

"စောစောက ဖြစ်ခဲ့တာကို ဘဘက အထင်လွဲတုန်း ထင်တယ်၊ ကျွန်တော် ထပ်တောင်းပန်ပါတယ်၊ ဘဘ ထင်သလို ကျွန်တော် တမင်လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခွင့်လွှတ်ပါ၊ ဘဘ ပြောသလိုပဲ နောင်ကို ကျွန်တော် လမ်းပေါ် ကောင်းကောင်းလျှောက်ပါ့မယ်၊ ဘဘ ကျေနပ်ပါ"

ဦးတိမ်မင်းက ပြုံးလာသည်။ သို့ရာတွင် ဤအပြုံးက ခွင့်လွှတ်တတ်သူ၏ အပြုံးမျိုး မဟုတ်ဟု မြတ်ထန် ထင်သည်။ အောင်နိုင်သူ၏ ကျေနပ်ပြုံးမျိုး။

သန့်၏ မျက်နှာလေးကလည်း ပြုံးလာသည်။

ဩော်… စတွေ့စဉ်က မြင်ရသည့် လက်သော အပြုံး။

တော်ပါပြီ၊ လုံလောက်ပါပြီ။

မြေနီလမ်းအတိုင်း ပြန်လာခဲ့သော မြတ်ထန်က သတိ တမင်ပြုပြီး လမ်းဘေးမှ လျှောက်လာသည်။

လျှောက်ရမည်။

ရင်မှာက တွေးစရာတွေ တစ်လုံး ပါလာသည်။ သည်တော့ လမ်းဘေးမှ လျှောက်သည်က အကောင်းဆုံး။

⌛

# အခန်း – ၄

အိမ်ခေါင်းရင်းဘက် မြေအမြင့်မှာက အစေ့မှ စိုက်ထားသော ပိတောက်ပင်ပျို လှလှကြီး တစ်ပင် ရှိသည်။ ပိတောက်ပင်၏ ဖြောင့်သော အကိုင်းတစ်ကိုင်းမှာ သဲအိတ်ကြီး တစ်အိတ်လို တွဲလောင်းချ ဆွဲထား၏။

ကရာတေး ဝတ်စုံဖြူကို ဝတ်ပြီး မြတ်ထန်က သဲအိတ်ကြီးကို လက်သီးနှင့် ထိုးကျင့်နေသည်။

သဲအိတ်တစ်လုံးကို လက်သီးနှင့် ထိုးရသည်မှာ ဘာမျှ မခက်ပါ။ ထိအောင်တော့ ကလေးပင် ထိုးနိုင်သည်။

သတိစိုက်ပြီး ပညာနှင့် ထိုးရသောအခါ ဘေးမှ ရှုနေသူတွေ ထင်သမျှ မလွယ်။

ကွင်းထရိုးရီးလီး(စ်) အော့(ဖ်) အင်နာဂျီ (Controlled Release of Energy) စွမ်းအားကို အထိန်းအချုပ်ဖြင့် လွှတ်ခြင်း၊ ချူကလီးယား ရူပဗေဒမှ ကြိုးပမ်းအောင်မြင်မှုကြီး တစ်ခု။

အဲသည်သဘောနှင့် တိုက်ရိုက် တူချင်မှ တူမည်။ သို့ရာတွင် မိမိတို့ကလည်း အင်အားကို လိုသလို လွှတ်ထုတ်တတ်ရမည်။

သဲအိတ်ကြီးက လေထဲတွင် လွဲယမ်းနေသည်။ နေရာနှင့် အဟုန်က အစဉ်မပြတ် ပြောင်းလဲနေသည်။ ဘယ်နေရာမှာ ဘယ်အဟုန်နှင့်ရှိရှိ ထိုးလိုက်၍ ထိုးမိချိန်တွင် အားက အမြင့်ဆုံး ထိရောက်မှု အကျိုး ရှိနေရမည်။

လိုချင်သော အကျိုး၊ သည်အကျိုးကို ရဖို့က လေ့ကျင့်ရမည်။ ခန္ဓာကိုယ်နှင့်ချည်း လေ့ကျင့်၍မရ။ စိတ်ကို ထိန်းချုပ် စေခိုင်းပြီး လေ့ကျင့်ရသည်။ သတိ၊ ပညာဉာဏ်နှင့် လိုအပ်သော ကာယကံမှု အကျိုး။

ငယ်စဉ် ကလေးဘဝကမူ ဘာမှန်း မသိ။ သူများ ကစား၍ ဝင်ကစားသည်၊ စိတ်ဝင်စားပြီး ပျော်သောကြောင့် ကစားသည်။

ယခုတော့ အမြင်တွေ ပြောင်းလာခဲ့သည်။

သူတစ်ပါးကို မနိုင်ချင်ပါ။ မတရားလည်း မလုပ်ချင်ပါ။ ကိုယ့်ကိုယ်ကိုယ်သာ နိုင်လိုသည်။ ကာယကံမှု၊ ဝစီကံမှု အားလုံးအပေါ်မှာ သတိ၊ ပညာတို့နှင့် နိုင်လိုသည်။

လေ့ကျင့်မှုမှ ခေတ္တအနားယူပြီး မြတ်ထန်က စဉ်းစား၏။

ဩော်… မိမိ၌ သတိတရားက မည်မျှ စိုးစိုးမိုးမိုး ရှိပါသနည်း။

မနေ့မယ ခြံကြီးဘေးမှ ဗိတောက်ပန်းတွေကို မြင်ယောင်လာသည်။ တံချူဖြင့် စိတ်လိုက်မာန်ပါ ချူတော့မည့် မိမိသဏ္ဌာန်ကိုလည်း မြင်ယောင်လာသည်။

'ပန်းမခူးရ'

ဤဆိုင်းဘုတ်ကလေးကလည်း မျက်လုံးတွင် ပေါ်လာသည်။

မိမိက တံချူကို မြေသို့ ပြန်နှိမ့်ချခဲ့သည်။

သည်လိုတော့လည်း သတိတရားက မိမိပေါ်မှာ စိုးမိုးနေလေသား။

သို့ရာတွင် မြေနီလမ်းကျဉ်းကလေး အလယ်ကောင်တွင် ကားဟွန်းသံကို မကြားမိအောင် အတွေးလွန်၍ လျှောက်မိချိန်က မိမိ၏ သတိ ဆိုသည်က ဘယ်ရောက်လေသနည်း။

ကလေးတွေကို ချေးလိုက်သောအခါ သူတို့ တံချူလေးကို ယူပြီး ဒေါသဖြင့် အနှံ့ရာယ်ကို သွား၍ ဖိတ်ခေါ်ချိန်မှာကော မိမိ၏ သတိက ဘယ်ဆီမှာနည်း။

မိမိသည် ထင်သလောက် မိမိကိုယ်ကိုယ် မနိုင်သေးပါတကား။

မကျေနပ်စိတ်လေး အပါအဝင် တွေးနေသမျှတွေကို ဖျောက်ပစ်ပြီး မြတ်ထန်က ဝင်လေ၊ ထွက်လေ လေ့ကျင့်ခန်းကို စလုပ်သည်။

အသက်ကို ဖြည်းဖြည်း ညင်ညင် ရှူသွင်းသည်။ အသက်ရှူသွင်းစဉ် ခန္ဓာကိုယ်မှာ ရှိသည့် အကြောတွေ ကြွက်သားတွေ အားလုံးကို လျှော့ပစ်ရသည်။ အသက်ရှူထုတ်စဉ်မှာတော့ အားလုံးကို တင်းပစ်ရသည်။

စိတ်ကို တည်ငြိမ်စွာ ထားပြီး လေ့ကျင့်ခန်းကို အာရုံစူးစိုက်လျက် လုပ်နေ၍ အတန်အကြာတွင် နား၌ ခြေသံလိုလို ကြားရသည်။

မြတ်ထန်က အသံလာရာဘက်သို့ ကြည့်သည်။

အမှန်က ကြွက်သားတွေကို လျှော့ပြီး လေကို ရှူသွင်းသည့် အလှည့်နိုက်၌ ဖြစ်သည်။

သို့ရာတွင် အသက်ရှူက ရပ်သွားသည်။ တစ်ကိုယ်လုံးမှာလည်း တောင့်တင်းသွားသည်။

သန့်… ဘယ်လိုမှ မမျှော်လင့်ထားသော သန့်။

အမိပတိလမ်းမကြီးက ကောလိပ်မြေ၏ ဗဟိုကို ဖြတ်ဖောက်ထားသည်။ ထိုလမ်းမကြီး၏ တစ်ဖက်တစ်ချက်၌ ကထိကများ၏ သစ်သားအိမ်များ ရှိသည်။

မြတ်ထန်တို့၏ အိမ်မှာ လမ်းမကြီး၏ အရှေ့ဘက်ခြမ်း၌ ရှိသည်။ ထိုနေရာတွင် လမ်းမကြီးက နိမ့်ပြီး အိမ်တို့ တည်ရာ မြေက အနည်းငယ် မြင့်သည်။ ခြံတွင်း ဝင်ရာ မြေနီလမ်းလေးကလည်း မော့မော့လေး။

မြတ်ထန် လေ့ကျင့်နေရာသည် အမြင့်ဆုံးနေရာ ဖြစ်သောကြောင့် ခြံအဝင်အဝကို စီးမြင်နေရသည်။

ခြံတွင်းသို့ဝင်လာရာမှ မိမိကို မြင်သွား၍ ထင်သည်၊ သန့်က ခေတ္တလေး ရပ်နေသည်။

ဩော်… လောကို လင်းစေ၍ ရပ်နေသည်ဟု ဆိုနိုင်မလား။

ခြံစည်းရိုးတစ်လျှောက်မှာက အဖြူရောင်နှင့် ခရမ်းနုရောင် စက္ကူပန်းပင်များ ရှိသည်။ ပန်းပွင့်တွေက အဆုပ်ဆုပ် တစ်ခဲနက် ပွင့်နေကြသည်။

အဲသည် ပန်းရုံနောက်ခံနှင့် သန့်။

လှသည်။ လင်းသည်။

ဩော်… ကျက်သရေရှိစွ။

သန့်က ပြုံးပြသည်။

ဘာကြောင့် တောက်ပအောင် ပြုံးနိုင်ရသနည်း။

ဝိတောက်ပင်အောက်မှ နေ၍ ပြန်ပြုံးလိုက်ရသော်လည်း မြတ်ထန်က အံ့ဩခြင်း မပြေ။

သန့်က ကုန်းဖော့လေးကို တက်လာပြီး မြတ်ထန်အနီး၌ လာရပ်သည်။

သန့်၏ ခေါင်းလေးက မိမိ၏ မေးဆီသာ ရောက်ကြောင်း မြန်ထန်သတိပြုမိ၏။

မမသန့်၊ ဘယ်… ဘယ်လာတာလဲ''

''ဩော် မြတ်မောင်တို့အိမ် တမင်လာတာပေါ့''

''ကျွန်တော့် နာမည် မြတ်မောင် မဟုတ်ဘူး၊ မြတ်ထန်''

''မြတ်မောင်လို့ ခေါ်တာ မကြိုက်ဘူးလား၊ အဲဒီလိုဆို ခုခေတ်ခေါ်ကြသလို မြတ်လို့ တစ်လုံးတည်း ခေါ်ရမလား''

''အို… အဲဒီလိုဆို ကျွန်တော် မိန်းကလေး ဖြစ်သွားမှာပေါ့''

''မင်းက ယောက်ျား၊ သတ္တိရှိတဲ့ ယောက်ျား၊ ဟုတ်လား''

မြတ်ထန်က ဘာပြန်ဖြေရမှန်း မသိ။

''ဒါပေမဲ့ မင်း မျက်နှာလေးက နုနု ချောချောလေး၊ မင်းအရပ်မင်း ဗလကြီးနဲ့တောင် မလိုက်ဘူး''

''ကျွန်တော့် ဗလကြီးက တိုက်ဂေါပေါ့၊ ဟုတ်လား''

''ဘာပြောလိုက်တယ်''

''ခု ကောင်မလေးတွေက ကျွန်တော်တို့လို ပုံစံကို တိုက်ဂေါလို့ခေါ်ကြတယ်''

''ရှေးကတော့ ယောက်ျားပီသတဲ့ လူကိုမှ စာဖွဲ့တယ်၊ **ကျိုင်းမြည်သြရောင်၊ ညီများနောင်လျှင်တဲ့၊ သည်တွင်ဘဝ၊ နောင်ကျိုင်းမြသည်** တဲ့''

''အာ အာ… နတ်သျှင်နောင်''

''ဩော် ဩော်… မင်းလည်း ကဗျာတွေ သိတယ်ပေါ့''

''ဟိုသင်းလေ၊ ကျွန်တော်က ဖေဖေ့သားကိုး''

သန့်က ရယ်နေသည်။

မြတ်ထန်က မိမိ၏ လက်မောင်းကြွက်သားများနှင့် ရင်ဘတ်မှ ကြွက်သားကြီးများကို ပြန်ကြည့်သည်။ ရှက်သယောင်ယောင် ရှိသောကြောင့် ကရာတေးအင်္ကျီကို ရင်ဘတ် ဖုံးအောင် ဆွဲစေ့လိုက်သည်။

''မမသန့်က ကျွန်တော်တို့ အိမ်ကို တမင်လာတာ၊ ဟုတ်လား''

"အင်း… ဆရာနဲ့လည်း တွေ့ရအောင်၊ ပြီးတော့ မင်းနဲ့လည်း တွေ့ရအောင်"

"ကျွန်တော်နဲ့လည်း တွေ့ရအောင်"

"ဟိုနေ့က အဖြစ်ကို မမသန့် မမေ့ဘူး၊ မြတ်မောင်က သတ္တိကောင်းတယ်၊ ပြီးတော့ ကိုယ့်စိတ်ကို ကိုယ် ထိန်းနိုင်တယ်၊ အဲဒါကို မမသန့် ပို သဘောကျတယ်"

မြတ်မောင်ဟု ခေါ်ပြန်လေပြီ။ မြတ်စွာဘုရား… သည်အခေါ်လေးကို စိတ်တွင်းမှ ကြိုက်ချင်သလိုလို ဖြစ်လာသည်။

သန့်က အေးချမ်း ဖြူစင်သော မျက်လုံးများနှင့် မိမိကို စိုက်ကြည့်နေကြောင်း မြတ်ထန် သတိပြုမိသည်။

"ကိုယ့်စိတ်ကို ထိန်းနိုင်တာဟာ ကောင်းတယ် မြတ်မောင်၊ မင်း ဟိုနေ့က ဖေဖေ့ကို နောက်ဆုံး ပြောသွားတဲ့ စကားလေ၊ အဲဒီစကားကို ဖေဖေတောင် သဘောကျသွားတယ်"

ဪ… ဦးတိမ်မင်းကြီးက မိမိကို သဘောကျသွားသည်။ 'ဖေဖေတောင်' ဟူသော သန့်၏ စကားကိုလည်း သတိပြုမိသည်။ ဦးတိမ်မင်း ဆိုသည့် လူကြီးက ဘာမို့ပါနည်း။

"မမသန့် သိပ်ကံကောင်းသွားတယ်"

"ခင်ဗျာ"

"မမသန့်က ဆရာနဲ့ သိပ်တွေ့ချင်တယ်၊ ဆရာ့ဆီမှာ မမသန့် လိုချင်တဲ့ ပညာတွေ ရှိတယ်၊ ဒါပေမဲ့ ဖေဖေက လူတစ်မျိုး၊ မြတ်မောင်ကို သူ သဘောမကျရင် ဆရာ့ဆီ မမသန့် လာရမှာ မဟုတ်ဘူး၊ အခုတော့ အဆင်ပြေသွားတယ်၊ ဒါကြောင့်မို့ မမသန့် ကံကောင်းတယ်လို့ ပြောတာ"

"အခု မမသန့် တစ်ယောက်တည်း လာတာလား"

"မဟုတ်ဘူး၊ ဖေဖေလည်း ပါတယ်၊ ဆရာ့ဆီကို ဖေဖေက လိုက်အပ်ပေးတာ၊ ဆရာနဲ့ ဖေဖေက ကျောင်းသားတုန်းက တကောင်းကျောင်းဆောင်မှာ အခန်းချင်းကပ် နေဖူးကြသတဲ့၊ အခု ဆရာ့ဌာနမှာ တခြား မိတ်ဆွေတွေနဲ့ပါ တွေ့လို့ စကားကောင်းနေကြတယ်၊ မမသန့်က ကောလိပ်မြေထဲ လမ်းလျှောက်ချင်တာနဲ့ ထွက်လာရင်း ဒီကို ဆက်လာခဲ့တာ"

"သူတို့ မမသန့်ကို မတွေ့တော့ ဘယ်လိုလုပ်မလဲ"

"ဒရိုင်ဘာကို မှာခဲ့ပါတယ်"

"မမသန့်က ကောလိပ်မြေထဲ လမ်းလျှောက်ချင်တယ် ဟုတ်လား"

"တက္ကသိုလ် ကောလိပ်မြေမှာ ခြေချဖူးရင် ဒီမြေကို သံယောဇဉ် တစ်မျိုး တွယ်တတ်သကွဲ့"

"မမသန့်က ကျောင်းပြီးသွားပြီပေါ့"

ဘာကြောင့် မသိ၊ သန့်က တစ်မျိုးလေး ပြုံးသည်။

"မမသန့် ကျောင်းဆက်မတက်ရတော့တာပါ"

"ဒါပေမဲ့ မမသန့် ဘွဲ့ရပြီးပြီ မဟုတ်လား"

"ပထမဘွဲ့ ရပြီးတာနဲ့ ကျောင်းပြီးကောလား၊ မမသန့်က မဟာဝိဇ္ဇာ တန်း ဆက်တက်ချင်တာ"

"ဘာဖြစ်လို့ ဆက်မတက်တာလဲ"

မမေးအပ်သော မေးခွန်းကို မေးမိသွားသောကြောင့် မြတ်ထန်က မေးပြီးမှ သန့်ကို အားနာသွားသည်။

သန့်ကမူ တစ်မျိုးလေး ဖြစ်သော လေသံနှင့် ဖြေ၏။

"ကျန်းမာရေးကြောင့် တစ်ကြောင်း ဆိုပါတော့ကွယ်"

သန့်သည် မပြောချင်သော အကြောင်းကို ပြောနေသည် ထင်သော ကြောင့် မြတ်ထန်က စကားလွှဲပြီး မေးရ၏။

"ဖေဖေ့ဆီက မမသန့် ပညာတွေ လိုချင်တာ ရှိတယ်လို့ ပြောတယ်၊ ဘာပညာတွေလဲ ဟင်"

"ကဗျာပညာပေါ့ မြတ်မောင်"

"ကဗျာပညာ"

"မမသန့်က ကဗျာ ဝါသနာပါတယ်၊ ကဗျာနဲ့ နေနေတယ် ဆိုပါတော့"

သန့်က သူ ဆိုလိုသည်ကို နားလည်ပါ၏လောဟု မေးဟန်လေးနှင့် ကြည့်သည်။ နားလည်ကြောင်း မြတ်ထန်က ခေါင်းညိတ်ပြ၏။

"မမသန့် အနောက်တိုင်း ကဗျာတွေလည်း လေ့လာတယ်၊ အဲဒီမှာ နားမလည်နိုင်တာ အများကြီးပဲ၊ သူတို့ ကဗျာစနစ်၊ သူတို့ ကဗျာသဘောတရား၊ သူတို့ ငြင်းခုံနေကြတဲ့ ကဗျာပြဿနာ၊ အဲဒါတွေကို မမသန့် သိချင်တယ်၊ ဆရာကတော့ အဲဒါတွေ ပြောပြနိုင်တယ်၊ ဆရာ ဒီကို ပြောင်းလာတယ် ဆိုတော့ မမသန့်အတွက် ထိပေါက်သွားလိုပဲ"

"ဗဲရ်လီးဗာရ် (Verslibre) တို့၊ အင်မဂ်ဂျစ်ဇင်း (Imagism) တို့၊ ပေါ်လီဖွန်းနစ် (Polyphonic) တို့၊ အဲဒါတွေ သိချင်တာလား"

"အလို… မြတ်မောင်၊ မင်းက အဲဒါတွေကို သိနေသလား"

"ဟင့်အင်း၊ နားရည်ဝနေတာ"

မြတ်ထန်ကို စိုက်ကြည့်ပြီးမှ သန့်က ရယ်၏။

"နားရည်ဝနေတာ၊ မြတ်မောင်က ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ပြောတယ်နဲ့ တူတယ်၊ ဒါထက် မင်း ဘယ်နှတန်း ရောက်ပြီလဲ"

"ကျွန်တော် ဒေသကောလိပ် ဒုတိယနှစ်မှာပါ"

"ပြီးရင် ဘယ်ဘက် လိုက်မလဲ"

"မသိဘူး"

"မသိဘူး၊ မင်း ဘာဝါသနာပါလဲ"

"အဲဒါ ခက်တာပေါ့၊ ကျွန်တော် ဝါသနာပါတာက အများကြီး"

"အို"

"ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဘာလုပ်လုပ် အဓိပ္ပာယ် ရှိရမယ် ဆိုတဲ့ အသိတစ်ခုတော့ ကျွန်တော့်မှာ ရှိတယ်၊ အချိန်တန်ရင် အဲဒီအသိက ကျွန်တော့်ကို လမ်းညွှန်မှာပါ"

သန့်က မြတ်ထန်ကို တွေတွေလေး စိုက်ကြည့်၏။ အတန်ကြာအောင် ကြည့်၏။ ပြီးမှ ပြုံးသည်။

"ဒီလိုတော့လည်း မင်းနာမည်နဲ့ မင်းကိုက်သား"

"ဗျာ"

"မင်း ပြောတဲ့ စကားမှာက ကိုယ့်ကိုယ်ကိုယ် စိတ်ချတဲ့ မာန် ရှိတယ်၊ မာန်ရှိတော့ ထန်ချင်တဲ့အခါ ထန်နိုင်တာပေါ့၊ ဒါပေမဲ့ ထန်တာကိုတော့ မမသန့် ကြောက်တယ်၊ ပြီးတော့ မင့်မျက်နှာ နုနုချောချောလေးနဲ့က မလိုက်ဘူး၊ ဒါကြောင့် မမသန့်က မြတ်မောင်လို့ တမင်ခေါ်တာ"

သန့်က နာမည်တွေက ဆောင်ထားသော အဓိပ္ပာယ်ကို ဖွင့်ဆိုနေသည်။ အဲသည်လိုဆိုလျှင် မိမိကရော မဖွင့်ဆိုရဘူးလော။

"ပညတ်သွားရာ ဓာတ်သက်ပါ၊ မမသန့်က အဲဒီလို ပြောချင်တာလား"

"မြတ်စွာဘုရား၊ အဲ… အဟင်း… ဟုတ်… ဟုတ်တယ်"

"ဘာဖြစ်လို့ မြတ်စွာဘုရားကို တ တာလဲ"

ဤတစ်ကြိမ်တွင်မူ သန့်က လှိုက်လှိုက်လှဲလှဲ ရယ်သည်။ အတန်လေး ကြာအောင် ရယ်သည်။

"ကြိုက်ပြီ မြတ်မောင်ရေ၊ မင်း အမေးကို မမသန့် ဖြေပါ့မယ်၊ ပညတ်သွားရာ ဓာတ်သက်ပါ၊ မင်း စကားက ဆီလျော်ပါတယ်၊ ဒါပေမဲ့ အဲ... နည်းနည်းကြီးကျယ် ခမ်းနားတာမို့ ဘုရား တ လိုက်မိတာ"

မြတ်ထန်က သန့်ကို စူးစမ်းစိတ်နှင့် စိုက်ကြည့်သည်။ မိမိကို သရော် နေသလော၊ အကောင်းပြောနေသလော။

သန့်၏ မျက်နှာလေးက အပြစ်ကင်း ဖြူစင်နေသည်ဟု သူ ယုံကြည် သည်။

"အဲဒီလိုဆိုရင် ကျွန်တော် ဆက်ပြောမယ်"

"ပြောပါ မောင်ရယ်၊ ပြောပါ"

"ကျွန်တော့်ကို မမသန့် ခေါ်ချင်သလို ခေါ်ပါ၊ ကျွန်တော် ကြိုက်ပါတယ်၊ မမသန့်ကို မမသန့်လို့ ကျွန်တော် ခေါ်ရတာကို ကြိုက်သလို ကြိုက်ပါတယ်"

"ဘယ်လို မောင်၊ မင်း ပဟေဠိဝှက်လိုက်ပြန်ပြီ"

"ကျွန်တော် စဉ်းစားကြည့်တယ်၊ မမသန့်ကို မမသန့်လို့ကလွဲပြီး ကျွန်တော် တခြား ခေါ်စရာ မတွေ့ဘူး"

မျက်မှောင်လေး ကုတ်ပြီးမှ သန့်က မေးသည်။

"ဘာဖြုလို့လဲ"

"မသိဘူး"

သန့်၏ မျက်နှာမှ အပြုံးလေး ပျောက်မသွား။ မျက်တောင်ကော့ များကို စင်းမှေးပြီး နူးနူးညံ့ညံ့လေး မြတ်ထန်ကို ကြည့်နေသည်။

"မမသန့်လည်း ပြောမယ်နော်"

"အင်း"

"မင်း အဲဒီလို ခေါ်သံကို မမသန့်လည်း ကြိုက်တယ်၊ ဘာဖြုလို့လဲ သိလား"

"ဘာဖြုလို့လဲ"

"မသိဘူး"

ဤတစ်ကြိမ်တွင် နှစ်ဦးလုံး ပြိုင်တူ ရယ်မိကြသည်။

သန့်တော့ မသိ။ မြတ်ထန်ကမူ တစ်သက်နှင့် တစ်ခါ အကြည်နူးဆုံး ရယ်ခြင်းဟု သိနေသည်။

ခြံတွင်းသို့ ကားအညိုကြီး ဝင်လာသည်။

မြတ်ထန်နှင့် သန့်က ပိတောက်ပင်အောက်မှ ရပ်ပြီး ကြည့်နေကြသည်။

ကားနောက်ခန်းမှ ဦးတိမ်မင်းနှင့် ဦးသက်မွန်တို့ ထွက်လာကြ၏။

ဦးတိမ်မင်းက မြတ်ထန်တို့ထံ လှမ်းကြည့်ပြီး ဆို၏။

"သြော်… ကရာတေးဆရာကြီးပါလား"

"မင်း ပြောတာ မှန်တယ် ချာလီ၊ ငါ့သားက ခါးပတ်နက် ရပြီးပြီ"

"ကဗျာဆရာက သားကို ဒါမျိုးတွေ သင်ခွင့်ပြုရသလား"

"မင်း မေ့နေပြီ၊ ငါ ငယ်ငယ်က ကျောင်းဆောင်မှာ ဆရာကြီး သထုံဆရာပွားရဲ့ မြန်မာ့ရိုးရာသိုင်း သင်ပြပေးဖူးတယ်"

"မင်းတို့ သိုင်းတို့ ဘာတို့ ဆိုတာက မော်ဒန်ခေတ် ကျည်ဆန်တို့၊ ဗုံးတို့ကို ကာကွယ်နိုင်သလား"

"ဒီစကား မင်း ပြောပြန်ပြီ၊ အေး ငါကလည်း အရင်တုန်းက အဖြေပဲ ပေးမယ်၊ ကောင်းပေ့ ဆိုတဲ့ ဆေးဝါးတွေက သေခြင်းတရားကို အကြွင်းမဲ့ နိုင်သလား"

ဘာကြောင့် မသိ၊ ဦးတိမ်မင်းကြီး ဆတ်ခနဲ ဖြစ်သွားသည်ကို မြတ်ထန် တွေ့ရ၏။

ဦးတိမ်မင်း၏ အရပ်က ရှည်ရှည်မိုးမိုး၊ ဖေဖေ့အရပ်က ပျပ်ပျပ်။ သို့ရာတွင် ဖေဖေ ပြောနေဟန်ကား သူက ဦးတိမ်မင်းထက် အရပ်ရှည် သယောင်ယောင်၊ အင်း… ဖေဖေမှာလည်း သူ့အရှိန် ရှိနေသည်။

ဦးတိမ်မင်းက ရယ်ချလိုက်၏။

"အေးပါ အေးပါ… ဒီအပြောမျိုးတွေ မကြားရတာ ကြာပြီ"

သန့်က မြတ်ထန်ကို နှုတ်ဆက်ပြီး သူ့ဖခင်တို့ ရှိရာသို့ လျှောက်သွား၏။

သူတို့သုံးဦးလုံး အိမ်ပေါ် တက်သွားခါမှ မြတ်ထန်က အိမ်နောက်မှ တက်ပြီး ရေအမြန်ချိုးသည်။ ခေါင်းအမြန်ဖြီးပြီး အဝတ်အစားလည်း အမြန် လဲ၏။

မြတ်ထန်၏ အခန်းမှာ ညှော်ခန်းနှင့် မဝေးသောကြောင့် စကားသံများကို ကြားနေရ၏။

ရှေးဦးစွာ ကြားရသည်က ဖေဖေ့အသံ။

"သမီးက ဘာဖြစ်လို့ နိုင်ငံခြားကဗျာတွေကို စနစ်တကျ နားလည်ချင်ရတာလဲ"

"အမှန်ပြောရရင် သမီးမှာ အချိန်တွေက အားနေတယ် ဆရာ၊ အချိန်ဆိုတာကြီးက ကုန်ကုန်၊ ပြောင်းပြောင်းသွားတယ်၊ အဲဒီထဲမှာ သမီးက ကမ္ဘာကြီး ပတ်နေသလို ကမ္ဘာကြီးပေါ်က ကျောက်ခဲလေး တစ်လုံးလို စီးမျော လိုက်ပါသွားနေရမှာလား၊ အဲဒီလိုဆိုရင် ဘဝကြီးဟာ ပျင်းစရာကြီး၊ ပျင်းစရာ ဆိုတာထက် အဓိပ္ပာယ် မရှိဘူး၊ ဘာမှ အဓိပ္ပာယ် မရှိဘူး"

"အား… ဝါဒ်စ်ဝတ်သ်"

"ရှင်"

"သမီးရဲ့ ရည်ရွယ်ချက် အဓိပ္ပာယ်ကို ပြောတာ မဟုတ်ဘူး၊ အချိန်ဆိုတာကြီးကို သမီး ပြောလိုက်ပုံကို ပြောတာပါ၊ နားထောင်ကြည့်စမ်း၊

No motion has she now, no force,
She neither hears nor sees;
Rolled round in earth's diurnal course,
With rocks, and stones, and trees."

ဖေဖေ၏ စကားက ခေတ္တလေး ရပ်သွား၏။ သို့ရာတွင် ဖေဖေ ရွတ်သွားဟန်မှ အသံစီးမျောမှု၏ အလှက မြတ်ထန်၏ ရင်မှာ ကျန်နေရစ်၏။

"ဆရာကတော့ ဟောဒီလို ဘာသာပြန်ဖူးတယ်…

*လှုပ်ရှားမှုနှင့် စွမ်းအင်*
*ဘဝင်ပါတော။ ။*
*အကြားအမြင် ခဲပြီးနို့*
*ကျောက်ခဲကျောက်ဆောင်နှင့်*
*တောတောင် ရေမြေများ*
*ရဟတ်ချား တစ်နေ့ရှည်မျှ*
*ကမ္ဘာလည် ထိုရေးမှာ*
*(ကွယ်) စီးလိုက်ပါမျော။ ။*

အဲဒီထဲက 'ရှီ' ဆိုတာက လူစီ ဆိုတဲ့ မိန်းမပျိုလေးကို ပြောတာ၊ ဒီကဗျာစပ်တဲ့အချိန်မှာ လူစီက မရှိတော့ဘူး၊ သမီးက လူစီလို မဖြစ်ချင်ဘူး၊ ဟုတ်လား"

သန့်၏ ရယ်သံလေး ထွက်ပေါ်လာသည်။

"ဆရာ ပြောမှ ရှင်းရော၊ ဟုတ်တယ်၊ သမီး လူစီ မဖြစ်ချင်ပါဘူး၊ သမီးက ဘဝင်္ဂပါတောလည်း မဖြစ်သေးဘူး၊ အကြားအမြင်လည်း မစဲသေးဘူး၊ သမီး… သမီး အသက်ရှင်လျက်ပါ"

"ဟော့ကောင် ချာလီ၊ ကြားလား"

ဦးတိမ်မင်း၏ မကျေနပ်သံကြီး ပေါ်လာ၏။

"သက်မွန်… ငါ့ကို တိမ်မင်းလို့ ခေါ်ကွာ၊ ဒီချာလီကြီး မလုပ်စမ်းပါနဲ့၊ လူရှေ့သူရှေ့မှာ မင်းနာမည်ရှေ့ ဦး တပ်ခေါ် ဆိုရင်လည်း ခေါ်ပါ့မယ်"

ဖေဖေ၏ ရယ်သံ ပေါ်လာသည်။

"နှုတ်ကျိုးနေလို့ပါ သူငယ်ချင်းရယ်၊ မင်း မကြိုက်ရင် မခေါ်တော့ပါဘူး၊ ငါ့နာမည်ရှေ့မှာ မင်း ဦး ထည့်ခေါ်ဖို့လည်း မလိုပါဘူး၊ သက်မွန်ဟာ သက်မွန်ပဲပေါ့၊ ကြိုက်သလို ခေါ်"

ခေတ္တမျှ တိတ်ဆိတ်သွား၏။ သို့ရာတွင် ခဏအတွင်း ဦးတိမ်မင်းကြီး လှိုက်လှိုက်လှဲလှဲ ရယ်သံ ပေါ်လာသည်။

"ဖိုးသက်မွန်ရေ… ပြောသာ ပြောရတယ်၊ ငယ်သူငယ်ချင်းချင်း ခုလို အားမနာပါးမနာ ပြောရတာ အရသာရှိသား၊ အဲ… မင်းတူမနဲ့ ဆက်ပြောဦး၊ အမှန်က မင်းတို့နှစ်ယောက် ပြောကြတာ တစ်လုံးမှလည်း ငါ နားမလည်ဘူး"

ဖေဖေ့အသံ ပြန်ပေါ်လာ၏။

မြတ်ထန်က ဖေဖေ၏ အသံအမျိုးမျိုးနှင့် ရင်းနှီးနေခဲ့ပြီ။ ဤအသံက တည်ငြိမ်အေးချမ်းသော်လည်း စူးစမ်းစစ်ဆေးသည့် အသံ။ မဟာဝိဇ္ဇာကျမ်းပြု ဆရာမလေးများ ကြောက်ကြသည် ဆိုသည့် အသံ။

"သမီးမှာ အချိန်တွေ အားနေတယ်၊ ဒါကြောင့်မို့ ကဗျာပညာကို လေ့လာလိုက်စားချင်တယ်၊ ဟုတ်လား"

မြတ်ထန် ထိတ်လန့်သွားသည်။ သန့် မည်ကဲ့သို့ ဖြေမည်နည်း။

အတန်လေးကြာမှ သန့်၏ ဖြေသံ ပေါ်ထွက်လာသည်။

"အဲဒီလိုတော့ မဟုတ်ပါဘူး ဆရာ၊ သန့် ပြောတာ နည်းနည်း လောကြီးသွားတယ်၊ ကဗျာ ဆိုတာဟာ အပျင်းဖြေ အချိန်ဖြုန်းမှု ကိစ္စမှာ သုံးဖို့ မဟုတ်ဘူး၊ ကဗျာဟာ ပညာကြီးတစ်ရပ်၊ အမှန်တရားကို သူ့နည်း သူ့ဟန်နဲ့ ချဉ်းကပ်တဲ့ ပညာကြီးတစ်ရပ်၊ အဲဒီလောက်တော့ သန့် သိတယ်၊ အဲဒီထက် သန့် ပိုသိချင်တယ်၊ ကဗျာ ဆိုတာဟာ ဟောဒါပဲလို့ အလွယ်တကူ ကိုက်ပြီး၊ ချုပ်ပြီး ပုံစံထုတ်ပြီး ဈေးကွက်ဝင် ရောင်းတမ်း အဓိပ္ပာယ်မျိုးထက် ပိုသိချင်လာတယ်"

"အဲဒါကြောင့် နိုင်ငံခြား ကဗျာတွေကို လေ့လာချင်တာလား"

မြတ်ထန် မျက်လုံးပြူးမိပြန်၏။ ကြောက်စရာ မေးခွန်း။ ဖေဖေ၏ ကြောက်စရာ မေးခွန်း။

"အဲ… အဲဒီလိုလည်း မဟုတ်ဘူး ဆရာ"

ဖေဖေ့ထံမှ ဘာအသံမျှ ပေါ်မလာ။ သန့်ကို မျက်လုံးများနှင့် စိုက်ကြည့်နေမည် ထင်သည်။

စဉ်းစဉ်းစားစားဟန်ဖြင့် ဖြေဆိုသော သန့်၏ အသံလေး ပြန်ပေါ်လာ၏။

"သန့်… မြန်မာကဗျာတွေကို ချစ်မြတ်နိုးတယ်၊ ချစ်မြတ်နိုးတာမှလေ သန့်ရင်တစ်ခုလုံးမှာ မြန်မာကဗျာတွေ လွှမ်းနေတယ်"

ဖေဖေ့ထံမှ ဘာအသံမျှ ပေါ်မလာ။

ဦးတိမ်မင်းကြီး၏ ရယ်သံသာ ထွက်လာ၏။

သန့်က စကားမဆက်တော့ဘဲ ငြိမ်နေမှ ဖေဖေ၏ တိုက်တွန်းသံ ပေါ်လာ၏။

"ဆက်ပြောလေ သမီး၊ သမီး စကား မဆုံးသေးဘူး"

"မြန်မာကဗျာကို ချစ်တော့ တခြား ကဗျာတွေကိုလည်း လေးစားရမှန်း သိလာတယ်၊ ယှဉ်လေ့လာကြည့်တော့ တူတာတွေလည်း တွေ့တယ်၊ မတူတာတွေလည်း တွေ့တယ်၊ စကားတန်ဆာတွေ၊ ဥပမာ ဥပမေယျ၊ နိမိတ်ပုံတွေ၊ ခံစားမှုတွေ၊ အဲဒါတွေလောက်ကို ပြောတာ မဟုတ်ဘူး၊ အဲဒါတွေထက် လွန်တယ်၊ သမီး ဆိုလိုတာက ဘယ်လို ပြောရမှန်း မသိဘူး၊ ဟိုသင်းလေ၊ လောကကို ချဉ်းကပ်ပုံ၊ သိမြင်မှုရအောင် အားထုတ်ကြပုံ၊ အဲ… အဲဒါတွေမှာ အားထုတ်မှု တူနေကြတယ်လို့ ထင်တယ်"

သန့်၏ စကားအဆုံး၌ ဖေဖေ၏ ရယ်သံ ပေါ်လာသည်။ ဤရယ်သံ က ကျေနပ်သော ရယ်သံ။

"စောစောက ဝါ့ဒ်စ်ဝတ်သ်ရဲ့ ကဗျာတစ်ပိုဒ်ကို ဆရာ ရွတ်ပြခဲ့တယ်၊ အခု နောက်တစ်ပိုဒ် ရွတ်ကြမယ်…

***Our birth is but a sleep and a forgetting;***
***The soul that rises with us, our life's star,***
***Hath had elsewhere its setting,***
***And comth from afar.***

အဓိပ္ပာယ်က…

*ငါတို့ရဲ့ မွေးဖွားခြင်း ဆိုတာဟာ*
*ငါတို့ရဲ့ အိပ်ပျော်ခြင်းနှင့်*
*ငါတို့ရဲ့ သတိမေ့ခြင်းသာပါ။*
*ငါတို့နှင့်အတူ*
*နိုးထပေါ်သစ်လာတဲ့ ဝိညာဉ်ဦး*
*ဘဝကြယ် သောက်ရှူးဟာလည်း*
*တစ်နေရာမှာ ဝင်ပျောက်ပြီးမှ*
*အဝေးက စု ရောက်လာတာပါ…*

တဲ့၊ သမီး ဒီကဗျာကို တွေ့ဖူးလား"

"အား… နေဦးနော် ဆရာ၊ သမီး မှတ်မိပြီ၊ ဟိုသင်း အင်တမေးရှင်း အော့ဖ် အင်မော်တဲလက်တီ (Intimation of Immortality) ကဗျာအရှည်ကြီး လေ"

"အဲဒီ ကဗျာအရှည်ကြီးကို သမီး ဖတ်တယ်"

"ဖတ်ပါတယ်၊ ဘာပြုလို့လဲ ဆရာ"

"သာမန်လူတွေဆို ကျော်သွားမယ့် ကဗျာပဲ၊ သမီး ဘာလို့ ဖတ် သလဲ"

သန့်၏ မရဲတရဲနှင့် နူးညံ့သော ရယ်သံလေး ပေါ်လာသည်။ ထို့နောက် မရဲတရဲနှင့် နူးညံ့သော ဖြေသံလေးလည်း ပေါ်လာ၏။

"သန့် အဲဒီကဗျာကို ဖတ်ရရင် တည်ငြိမ်တဲ့ အင်အားတစ်မျိုးကို ရသလိုပဲ၊ သန့်စကား မပုတ်ဘူး၊ ဝါ့ဒ်စ်ဝတ်သ်ရဲ့ ကဗျာတွေနဲ့ ပတ်သက်ပြီး

တင်နဆင် ပြောတဲ့ စကားကို သတိရတယ်၊ ဝါဒ်စ်ဝတ်သ်ရဲ့ လူတွေအတွက် ပြောင်းရွေ့ခြင်း အစဉ်အတွင်း နေလျက်က တည်မြဲနိုင်ကျည်မှုကို ရစေသတဲ့"

"ဪ... သမီး တော်တော် လေ့လာထားသားပဲ"

"ရှင်..."

"ထားတော့၊ စောစောက ဆရာ ရွတ်ပြတဲ့ အပိုဒ်ကို ဘယ်လို နားလည်သလဲ"

"အဟင်း... နားလည်သလိုလို နားမလည်သလိုလိုပဲ၊ တည်မြဲခြင်း တစ်ခုကို ပြောပြသလိုပဲ"

ဖေဖေ၏ ဒုတိယအကြိမ်မြောက် ကျေနပ်သော ရယ်သံကို ကြားရပြန်၏။

"ဒီလောက် ပြောပြနိုင်တာကို ဆရာ ချီးမွမ်းပါတယ်၊ ဆရာ ရွတ်ပြခဲ့တဲ့ ကဗျာပိုဒ်က နည်းနည်းနားလည်ဖို့ ခက်ပါတယ်၊ ကဗျာပညာရှင်တွေက ဒီအပိုဒ်ကို 'ကဗျာ၏ အများနှင့်ဆိုင်သော ဂုဏ်လက္ခဏာအကြောင်း' ဆွေးနွေးတဲ့အခါမှာ ကိုးကားတတ်ကြတယ်"

"ကဗျာ၏ အများနှင့်ဆိုင်သော ဂုဏ်လက္ခဏာ၊ အဲဒါ ဘာပြောတာလဲ ဆရာ"

"ယူနဲဗာဆယ်လ်လတီအော့ဖ်ပိုးအက်ထရီ (Universality of Poetry) ကို ပြောတာ၊ သက္ကတက ပရမာတ္ထတို့၊ မဂဓေ သာမညလက္ခဏာတို့ ဆိုတဲ့ စကားတွေကို သုံးချင်တယ်၊ ဒါပေမဲ့ ပိုရှုပ်ကုန်မှာစိုးတယ်၊ အမှန်ကလည်း နက်နဲတဲ့ သဘောတစ်ခုကို စကားတစ်လုံး၊ နာမည်တစ်ခုတည်းနဲ့ ပြည့်စုံအောင် အဓိပ္ပာယ်ပေးလို့ မရပါဘူး၊ အနီးစပ်ဆုံး မြန်မာလို ပြောတာပဲ ကောင်းတယ် ထင်တယ်၊ အကျယ် အဓိပ္ပာယ်ကိုတော့ ထပ်ဆင့်ဖွင့်ရမယ်"

"အကျယ်အဓိပ္ပာယ်က ဘယ်လိုပါလဲ ဆရာ"

"ပြောင်းလဲနေတဲ့အထဲက ထပ်ကာထပ်ကာ ဖြစ်မှုနဲ့ မပြောင်းလဲသော သဘာဝလက္ခဏာပြတဲ့ ဒဿန သဘောတစ်ခုကို ပေးထားတဲ့ နာမည်ပါ၊ အရစ္စတိုတယ်လ်က စထောက်ပြခဲ့တာပါ၊ ဘွားဘွားပေါ်နေတဲ့ ခြားနေ၊ ပြားနေကြတဲ့ အရာတွေထဲက သူတို့အားလုံးကို ခြုံငုံ ကိုယ်စားပြု သိမ်းပိုက် ပြောနိုင်တဲ့ တစ်ခုတည်း သဘောတစ်ခုပါ၊ ကဗျာကောင်းတွေမှာ အဲဒီ အများနဲ့ဆိုင်တဲ့ ဂုဏ်လက္ခဏာ ရှိတယ်၊ ဒီသဘောတ နေရာနဲ့ အချိန် ဆိုတဲ့ ကန့်သတ်မှု

ဘောင်တွေကို လွန်တယ်၊ လူတစ်ဦးရဲ့ စိတ်က ထွက်လာသယောင်ယောင် ရှိနေပေမယ့် လူအားလုံးရဲ့ စိတ် ကွန်မွန်းမိုင်းဒ် (common mind) နဲ့ ရင်းနှီးဆက်ဆံတယ်၊ လောင်းဖဲလိုး (Long fellow) ဆိုတဲ့ ကဗျာဆရာကြီးကလည်း ဆိုခဲ့တယ်…

His, and not his, are the lays
He sings; and their fame
is his, and not his;
အဓိပ္ပာယ်က
*သူ(ကဗျာဆရာ) ဆိုတဲ့ ကဗျာတေးတွေဟာ*
*သူပိုင်လည်း ဟုတ်တယ်၊*
*သူပိုင်လည်း မဟုတ်ဘူး၊*
*သည်ကဗျာတေးတွေရဲ့ ဂုဏ်ကျက်သရေဟာ*
*သူပိုင်လည်း ဟုတ်တယ်၊*
*သူပိုင်လည်း မဟုတ်ဘူး* တဲ့။

အလွန်စွန့်ပြီး အလွယ်ပြောရရင် ကဗျာဆိုတာဟာ လူသားတိုင်းနဲ့ဆိုင်တဲ့ လူသားအားလုံးရဲ့ အမွေတစ်မျိုး၊ ပြီးတော့ လူသားမှန်သမျှ အမှန်တရားဆီ ချဉ်းကပ် ရှုကြည့်တဲ့ နည်းတစ်နည်း"

ဖေဖေ၏ စကားအဆုံးတွင် သန့်က အသာအယာ ရယ်သည်။

"သမီး သိပ်စိတ်ဝင်စားတာပဲ၊ ဒါပေမဲ့ အဟင်း… ဆရာ အခုပြောသွားတာတွေ သမီး အကုန်လုံး နားမလည်ဘူး"

ဦးတိမ်မင်းကြီး၏ ကျယ်လောင်သော ရယ်သံ ပေါ်လာ၏။

"ဟား ဟား ဟား… တို့ကတော့ တစ်လုံးမှ နားမလည်ဘူး"

"သမီး နားမလည်နိုင်တာကို ဆရာ နားလည်ပါတယ်၊ အခု တော်တော်ရှည်ရှည် ဆရာ ပြောခဲ့တာမှာ ရည်ရွယ်ချက်တစ်ခု ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာ"

"သမီးက နိုင်ငံခြား ကဗျာတွေကို စနစ်တကျ နားလည်ချင်တယ်ဆိုတယ်၊ ဒီလိုပဲ နားလည်ချင်လို့ လေ့လာနေတယ် ဆိုတဲ့ လူငယ်တွေ အများကြီး ရှိတယ်၊ လေ့လာကြပါ၊ ဒါပေမဲ့ ကဗျာရဲ့ အများနဲ့ဆိုင်တဲ့ ဂုဏ်လက္ခဏာကို ရှာဖွေတဲ့ လေ့လာခြင်းမျိုးသာ ဖြစ်သင့်တယ်၊ နို့မို့ဖြစ်ရင် ယူသင့်တာကို

မယူမိ၊ မယူသင့်တာကို ယူမိ၊ တုသင့်တာကို မတုမိ၊ မတုသင့်တာကို တုမိ၊ အထင်မကြီးသင့်တာကို အထင်ကြီး၊ အနှစ်အသားကို မရှာတတ်၊ အပေါ်ယံ အခွံကို အနှစ်အသား ထင်… စတဲ့ စတဲ့ မလိုလားအပ်မှုတွေ ပေါ်တတ်တယ်၊ ဆရာ့ဆီ လာတဲ့ တပည့်တိုင်းကို ဒီလိုပဲ သတိပေးလေ့ရှိတယ်''

''ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ သတိပေးချက်ကို သမီး မှတ်ထားပါ့မယ်''

''ကောင်းပြီ၊ သမီး သိလိုတာတွေ အချိန်မရွေး ဆရာ့ဆီ လာမေးနိုင်တယ်''

မြတ်ထန်က စိတ်သက်သာသော သက်ပြင်းကြီးကို ချသည်။

သန့်ကို ဖေဖေက တပည့်အဖြစ် လက်ခံလိုက်ပြီတည်း။

ဝမ်းသာစိတ်ဖြင့် မြတ်ထန်က မီးဖိုချောင်ခန်းဆီ လာခဲ့သည်။

မေမေက အချိုရည် ဖျော်ပြီး၍ ကြွေရည်သုတ် လင်ပန်းလေးပေါ် ဖန်ခွက်များကို တင်ထားပြီးပြီ။

မြတ်ထန်က လင်ပန်းလေးကို ယူပြီး ရှေ့မှ တက်လာသောအခါ မေမေက နောက်မှ လိုက်လာခဲ့၏။

မေမေက သန့်အနီးရှိ ဆက်တီကုလားထိုင်တွင် ထိုင်သည်။

အချိုရည်ခွက်များ ချပေးပြီးနောက် မြတ်ထန်က အခန်းတစ်ထောင့်ရှိ ရိုးရိုး ကုလားထိုင်တစ်လုံးပေါ်တွင် ဣန္ဒြေရရလေး ထိုင်၏။

ဖေဖေက မိသားစုနှင့် မိတ်ဆက်ပေးပြီးသောအခါ ဦးတိမ်မင်းက ရယ်၍ ပြောသည်။

''ဒေါ်နွယ်နွယ်နဲ့က အခုမှ တွေ့ရတာ၊ ဝမ်းသာပါတယ်၊ ဟောဒီ မင့်သား… ဘယ်သူ၊ အဲ… မြတ်ထန်၊ သူနဲ့တော့ တွေ့ပြီးပါပြီ''

''ငါ့သားနဲ့ တွေ့တုန်းကတော့ မင်း ဝမ်းသာပါတယ်လို့ ပြောရခက်ကြီး အခြေအနေမျိုးမှာပေါ့၊ ဟုတ်လား''

ဖေဖေ၏ စကားမှာ ဦးတိမ်မင်း မည်သို့မျှ မျှော်လင့်မထားသည့် စကား ဖြစ်ဟန်တူသည်။

သူက ခေတ္တ ဖေဖေ့ကို မျက်လုံးပြူး စိုက်ကြည့်နေပြီးမှ မေး၏။

''မင်း ဘာပြောလိုက်တာလဲ သက်မွန်''

''မင်းတို့နဲ့ ကြုံတွေ့ခဲ့ရပုံကို ငါ့သားက အားလုံး ပြန်ပြောပြီးပါပြီ''

"ဟော… ပြန်ပြောပြီးပြီ"

"ဟုတ်တယ်၊ မြတ်ထန်ဟာ သူ ဘာလုပ်ခဲ့ လုပ်ခဲ့၊ ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ငါ့ကို ပြန်တင်ပြတတ်တယ်၊ တို့သားအဖ နှစ်ဦးရဲ့ ဆက်ဆံရေး စည်းကမ်း ဆိုပါတော့"

ဦးတိမ်မင်းက ဖေဖေ့ကို ကြည့်နေသည်။ ဖေဖေကလည်း ဦးတိမ်မင်း ကို ပြန်ကြည့်နေ၏။

"ဟာ… အဲဒါတွေ ထားလိုက်ပါတော့ သက်မွန်၊ ငါ မေ့ပစ်လိုက်ပြီ၊ မင့်သားက ဟိုသင်း… မရိုင်းပါဘူး"

"ဒီစကား ကြားရလို့ ဝမ်းသာပါတယ်၊ နောက်ကို သူ ရိုင်းတာ တွေ့လည်း ပြောပါ၊ ငါ ဆုံးမပါ့မယ်"

ဦးတိမ်မင်း၏ မျက်နှာက ပြုံးလာ၏။

"မင့်သားက မရိုင်းပါဘူး၊ ငါကသာ နည်းနည်းဒေါသကြီးသွား တယ်၊ ဒီမှာဟေ့… မောင်မြတ်ထန်၊ ငါ့တူက သတ္တိတော့ အတော်ကောင်းပုံ ရတယ်၊ ဘာဘက သတ္တိကောင်းတာကိုတော့ ကြိုက်တယ်၊ ဒါပေမဲ့ သတ္တိကို အလွဲသုံးစားတော့ မလုပ်ရဘူးနော်"

"ဟုတ်ကဲ့ ဘာဘ"

မြတ်ထန်က ယဉ်ကျေးစွာ ဖြေလိုက်ရ၏။

ဖေဖေက ရိုင်းသည်ကို မကြိုက်။ မိမိကလည်း မရိုင်းချင်ပါ။

သို့ရာတွင် ယခု ယဉ်ကျေးစွာ ဖြေလိုက်မိသည်မှာ ရင်တွင်း နှလုံးတွင်း မှ တကယ် ပါပါ၏လော။

မြတ်စွာဘုရား… မိမိ နှလုံးသားက ဦးတိမ်မင်းကြီးပေါ် တစ်စုံတစ်ရာ မကျေမနပ် ဖြစ်နေဆဲ၊ မိမိကိုယ်ကိုယ်လည်း တစ်စုံတစ်ရာ မကျေမနပ် ဖြစ်နေဆဲ။

မြတ်ထန်က မျက်လွှာချထားသဖြင့် ဘယ်သူ့ကိုမျှ မမြင်။

သို့ရာတွင် သန့်၏ မျက်နှာလေးကို စိတ်နှင့် မြင်နေသည်။

သည်မျက်နှာလေးက ပြုံးရွှင်နေသည်။ တစ်စုံတစ်ရာလည်း ကျေနပ် နေသည်။

ဪ… သည်လိုဆိုတော့လည်း မိမိ ကျေနပ်ရမည်။

တစ်စုံတစ်ရာကို ကျေနပ်ရမည်။

၁၂

# အခန်း – ၅

သန့်တို့ ပြန်ကြသောအခါ မြတ်ထန်တို့ မိသားစု သုံးဦးလုံးက ကားညိုကြီးအနီး အထိ ဆင်း၍ လိုက်ပို့ကြသည်။

သူတို့ကားကြီး ထွက်သွားသောအခါတွင်လည်း ဖေဖေက ခြံတံခါးဝ အထိ လျှောက်သွားပြီး ကားကြီးကို မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

မြတ်ထန်က ပြောင်းလဲသွားသော အခြေအနေတွေကို အံ့သြနေသည်။

ပိတောက်တွေ မွှင်သော ဟိုတစ်နေ့ကမှ မိမိနှင့် သန့်တို့ သားအဖက သူစိမ်းပြင်ပြင်တွေ။ သြော်··· မိမိနှင့် ဦးတိမ်မင်းကြီး ဆိုလျှင် ဘယ်လို ပြောရပါ့။

ရန်သူပမာ။

စိတ်တွင်း၌ ပေါ်လာသော ဤစကားကို မြတ်ထန် မကြိုက်။

ရန်သူ··· ဤစကားက ကြမ်းတမ်းလွန်းသည်။ ဘာမဟုတ်သည့် အကြောင်းလေးကြောင့် လူလူချင်း ရန်သူဟု သဘောထားရမည်လော။ သြော်··· ဘာအကြောင်းကြောင့် ဖြစ်ဖြစ် လူလူချင်း ရန်သူဟု သဘောထားရမည်လော။

သည်သဘောထားမျိုးကို မြတ်စွာဘုရားက မကြိုက်။ ဖေဖေကလည်း မကြိုက်။

တော်ပါသေး၏။ ဟိုနေ့က မိမိသည် စိတ်ကို ထိန်းနိုင်ခဲ့သည်။

ဟောသည် လောက ဆိုသည်က ကျဉ်းကျဉ်းလေး။ လောကမှာ ဖြစ်လာတတ်သည်တွေက အဆန်းသား။

ယခုအတိုင်းတော့ မိမိတို့ မိသားစု နှစ်စုက ခင်မင်သော မိသားစု ပမာ။ လောက၌ သာမန်အားဖြင့် ရှိနေကြသော ခင်မင်သော မိသားစုပမာ။

ဖေဖေ ပြန်လှည့်ဝင်လာသောအခါ၌ မေမေက မှတ်ချက်ပြုသည်။

"ဒီလိုတော့လည်း မောင်နဲ့ ဦးတိမ်မင်းက တော်တော်ရင်းနှီးကြတာပဲနော်"

ဖေဖေက အဓိပ္ပာယ် ပြောရခက်သော အပြုံးတစ်ခုကို ပြုံး၏။

"ငယ်သူငယ်ချင်းတွေကိုး"

"အင်းလေ... အဲဒါ..."

မေမေက စကားမဆက်။

"ဘာပြောချင်တာလဲ နွယ်"

"ဟိုသင်းလေ... သူ့အကြောင်း မောင် တစ်ခါမှ မပြောဖူးဘူး"

"အဲဒါကတော့ မောင်တို့က တစ်ကမ္ဘာစီ နေကြတာကိုး"

မေမေက လှသည်။ မျက်ခုံးလေး တွန့်ပြီး မျက်တောင်မေး၍ မျက်စောင်းလေး ထိုးဟန် ကြည့်သောအခါ တစ်မျိုး ပိုလှသည်။

ဖေဖေသည် ပိုပိုသည်းသည်း ပြောသောအခါ၊ ကဗျာဆန်ဆန် ပြောသောအခါ၊ ပဟေဠိပမာ ပြောသောအခါ မေမေက သည်လိုပင် ချစ်စနိုးကြည့်တတ်သည်။ ဤအကြည့်က ဖေဖေ့ကို နားလည်သည်၊ သိပ် သိပ်နားလည်ဟူသော စကားကိုလည်း ပြောသည်။

ယခုလည်း ဖေဖေ ပြောသည်ကို နားလည်သွားဟန် တူသည်။

မေမေသည် ဘာမျှ ဆက်မပြောတော့ဘဲ အိမ်ပေါ် တက်သွား၏။

ဖေဖေက အိမ်ပေါ် တက်မလိုက်ဘဲ ခြံတွင်း၌ လမ်းလျှောက်သည်။

လမ်းလျှောက်ပုံမှာလည်း စဉ်းစားရင်း လျှောက်နေသည့်ပုံ။

မြတ်ထန်က ဖေဖေ့အနီး ကပ်ပြီး လိုက်လျှောက်၏။

ဖေဖေ ဘာစဉ်းစားနေကြောင်း သိလိုသည်။

ဖေဖေက ပြုံးပြီး မိမိကို ကြည့်သောအခါကျမှ မြတ်ထန် စကား စပြောသည်။

"ဖေဖေနဲ့ ဦးတိမ်မင်းက ငယ်သူငယ်ချင်းနော်"

"ဟုတ်တယ် သား"

"တက္ကသိုလ်တုန်းက သူငယ်ချင်းလား"

"တက္ကသိုလ်မှာက နောက်ထပ် ပြန်တွေ့ကြတာပါ၊ ဟို ငယ်ငယ်က မြစ်ကြီးနားမှာ ကျောင်းအတူတူတက်ခဲ့ဖူးတယ်၊ ကလေးဘဝကတည်းက သူငယ်ချင်း"

"ဪ ဪ... ဒါကြောင့် ဒီလောက် ရင်းနှီးကြတာကိုး"

ဖေဖေက ရယ်၏။

"ငယ်ငယ်တုန်းက ဖေဖေတို့ နှစ်ယောက် မတည့်ကြဘူး"

"မတည့်ကြဘူး"

"တိမ်မင်းက ငယ်ငယ်ကတည်းက ထွားပြီး ဗလကောင်းတယ်၊ ဖေဖေက အဲဒီကတည်းက ပုပြီး ပိန်တယ်၊ သူ့ထက်သေးတဲ့ ကောင်တွေဆိုရင် တိမ်မင်းက အနိုင်ကျင့် ဗိုလ်ကျတတ်တယ်၊ နားရွက် ဆွဲလိမ်တယ်၊ လက်လိမ် ချိုးတယ်၊ ခြေနဲ့ ကန်တယ်၊ ဒူးနဲ့ တိုက်တယ်၊ ဘောလုံးကန်ရင် ခြေချိတ်ဆွဲ လှဲတတ်တယ်၊ ခြေဖဝါးကို ဆောင့်နင်းတတ်တယ်၊ အင်္ကျီစွန်းအောင် မင်နဲ့ ပက်တတ်တယ်၊ ဘိုင်စကယ်ဘီးကို လေလျှော့တတ်တယ်"

ပြောရင်းက ခေတ္တရပ်ပြီး ဖေဖေက ရယ်သည်။

"အစက ဖေဖေလည်း သူ့ နှိပ်စက်သမျှ ခံခဲ့ရတယ်၊ နောက်တော့မှ သူ့အားနည်းချက် တစ်ခုကို ဖေဖေ သွားတွေ့တယ်"

"ဘာလဲ ဖေဖေ"

"ဒီကောင် အပူသီးပြီး တောက်တီးတောက်တဲ့တွေ ယုံတတ်တယ်၊ အဲ... ဖေဖေကလည်း ကိုရင်တစ်ပါးဆီက အင်းကွက်ချတာတို့၊ အင်းဆန် ထည့်တာတို့ တတ်ထားတယ်"

"ဖေဖေ တကယ်တတ်တယ်"

ဖေဖေက ရယ်ပြန်၏။

"ဘယ်တတ်ရမလဲ သားရယ်၊ အကွက်လေးတွေ ချတာတို့၊ တစ် နှစ် သုံး လေးတွေ ထည့်တာတို့၊ ကကြီး ခခွေးတွေ ထည့်တာတို့၊ မှဆိုး ဒူးထောက်ထိုင်ပြီး ဟန်နဲ့ ပန်နဲ့ ဌာန်နဲ့ မန်းတာ မှတ်တာတို့ အဲဒါတွေ တတ်တာ"

"အဲဒါနဲ့..."

"တစ်နေ့ ချာလီ၊ အဲ... တိမ်မင်းက ဖေဖေ့ကို လာအနိုင်ကျင့်တယ်၊ ဖေဖေက စက္ကူလေးတစ်ရွက်ပေါ်မှာ အင်းကွက်ညီညီလေးတွေ ချတယ်၊ အကွက်လေးတွေထဲ တစ် နှစ် သုံး လေးတွေ ထည့်ချင်တာ လျှောက်ထည့်တယ်၊ အလယ်အကွက်မှာတော့ ခုနစ်ဂဏန်း သူ့ရှေ့တင် ရေးပြလိုက်တယ်၊ ဟော့ကောင် ချာလီ၊ အဲဒါ မင်း မွေးနံ၊ အင်းမှာ မင်းအသက် ငါ သွင်းမယ် ဆိုပြီး သူ ရပ်နေတဲ့ နေရာက မြေကြီးနည်းနည်းယူပြီး အင်းပေါ်တင်၊ နောက် စ သာ ရွေ ကူ အင်း ဝ သု ဆန် ဖြူ တ တင်း ပေးလို့ ဌာန်နဲ့ မာန်နဲ့ မန်းတယ်"

"အဲဒါက ဘာရွတ်တာလဲ"

ဖေဖေက ရယ်ပြန်၏။

"အဲဒါက ဗေဒင်က ရွေးနည်းတစ်ခုပါ၊ အင်းနဲ့ ဘာမှ မဆိုင်ဘူး၊ တိမ်မင်း အထင်ကြီးအောင် ပါးစပ်ထဲ တွေ့တာ ကောက်ရွတ်လိုက်တာ"

မြတ်ထန်လည်း ရယ်၏။

"ပထမတော့ တိမ်မင်းက မယုံ့တယုံနဲ့ ကြည့်နေပြီးမှ မေးတယ်၊ မင်း အဲဒါနဲ့ ဘာလုပ်မလို့လဲတဲ့၊ ဖေဖေက အဲဒီအင်းကို နတ်စင်အောက်မှာ ဖြစ်ဖြစ်၊ သင်္ချိုင်းကုန်းမှာဖြစ်ဖြစ်၊ ညောင်ပင်လေး ပေါက်နေတဲ့ ညောင်ပင်ကြီး အရိပ်မှာ ဖြစ်ဖြစ် မြှုပ်မယ်လို့ ဖြေတယ်၊ တိမ်မင်းက အဲဒီလို လုပ်ရင် ဘာဖြစ် မလဲလို့ မေးတယ်၊ မင်း စောင့်ကြည့်ပေါ့လို့ ဖေဖေက ဖြေတယ်၊ အဲဒီမှာတင် ဘာမပြော ညာမပြောနဲ့ တိမ်မင်းက ဖေဖေ့ လက်ထဲက အင်းစာရွက်လေးကို အတင်း လုယူတော့တာပဲ၊ ဗလချင်းက မတူတော့ ပါသွားတာပေါ့"

"ဟင်..."

"နားထောင်ဦးလေ၊ တိမ်မင်းက မင်း ဘာတတ်နိုင်သေးသလဲ ဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်၊ ဖေဖေကလည်း ပြုံးပြီး ပြောလိုက်တယ်၊ ငါ့မှာ စက္ကူတွေ အများကြီး ရှိသေးတယ်၊ ခဲတံလည်း ရှိတယ်၊ မင်းလည်း နေ့တိုင်း မြေကြီးပေါ် လျှောက်တာပဲ၊ မင်း ခြေမှုန့် ငါ လိုချင်ရင် အချိန်မရွေး ရတယ်လို့"

"ပြီးတော့ကော"

"တိမ်မင်း ထွက်သွားလို့ ခပ်လှမ်းလှမ်း အရောက်မှာ သူ ရပ်နေခဲ့တဲ့ မြေက မြေမှုန့်နုညီးနုညီး ဖေဖေက ယူတယ်၊ မြင်သွားတော့ သူက လှည့်လိုက်တယ်၊ ဒါပေမဲ့ ဖေဖေက ဒီတစ်ကြိမ်မှာတော့ လွတ်အောင် ပြေးနိုင်ခဲ့တယ်၊ ဖေဖေ တစ်ခုလည်း သေသေချာချာ သိခဲ့တယ်၊ အဲဒါက ကိုယ့်ထက် အားငယ်တဲ့ လူတွေပေါ်မှာ ဘယ်လောက် အနိုင်ကျင့်ကျင့် တိမ်မင်းဆိုတဲ့ ကောင်ဟာ ကြောက်တတ်တယ်လို့"

"ဟုတ်ကဲ့"

"တိုက်ဆိုင်ချင်တော့ တစ်နေ့မှာ ဒီကောင် ခွေးကိုက်ခံရတယ်၊ ခွေးကလည်း ခွေးရူးလို့ မသင်္ကာတဲ့ ခွေး ဖြစ်နေတော့ တိမ်မင်းရယ်… ဗိုက်ဆေး အချက်နှစ်ဆယ်ကျော် အထိုးခံရတယ်၊ တိမ်မင်း မျက်နှာလေးဆိုငယ်နေတာပဲ၊ လူလည်း ပိန်ချုံးလို့၊ နောက်ဆုံးတော့ သူ ဖေဖေ့ကို လာရှော့တယ်၊ သူ ခွေးရူးပြန်မှာ သိပ်ကြောက်သတဲ့၊ အင်း ဘယ်မှာ မြှုပ်ထားသလဲတဲ့"

"ဖေဖေက မြှုပ်ထားလို့လား"

"ကြုံကြီးစည်ရာ သားရယ်၊ ဖေဖေ ပြောခဲ့ပါကောလား၊ ဖေဖေ ဘာအင်းပညာမှ မတတ်ဘူး၊ ဒီကောင် ကြောက်အောင် ခြောက်တာ၊ ဒါပေမဲ့ ချော်လဲရောထိုင်ပြီး အေး နောက် ငါ့ကို အနိုင်မကျင့်နဲ့ ကတိတောင်းပြီးမှ နောက်တစ်နေ့မှာ အင်းလေး တစ်ချပ်ဆွဲ၊ မြေကြီးတွေနဲ့ ညစ်ပေအောင် လုပ်ပြီး သူ့ ပေးလိုက်တယ်၊ ရောဝတီမြစ်ထဲ မျှောချလို့၊ ဒီကောင် တကယ်သွားမျှောတယ်၊ ဟဲ ဟဲ ဟဲ"

မြတ်ထန်ကလည်း လိုက်ရယ်၏။

"နောက်တော့ ဒီကောင် ဖေဖေ့ကို အနိုင်မကျင့်တော့ဘူး၊ သူငယ်ချင်းလို ပေါင်းတယ်၊ စစ်ကြီး မဖြစ်ခင်လေး ဖေဖေ့ အဖေက နိုင်ငံ့ဝန်ထမ်းမို့ မြန်မာပြည်တောင်ပိုင်းကို ပြောင်းခဲ့ရလို့ တိမ်မင်းနဲ့ ဖေဖေ ကွဲသွားကြတယ်"

ဖေဖေက စဉ်းစားဟန်ဖြင့် ခေတ္တ စကားရပ်ထား၏။

"စစ်အတွင်း ကျောင်းတွေက မရှိတော့ အချိန်ကို အလဟဿ မကုန်ချင်တာနဲ့ ဖေဖေ စာပေတွေ ကဗျာတွေ လေ့လာတယ်၊ ဩော်… သန့်ကို မေးခွန်းတွေ ထုတ်စစ်လိုက်ရပေမယ့် သူ့ကို ဖေဖေ ကိုယ်ချင်းစာနားလည်တယ်"

ဖေဖေ၏ အသံရော မျက်နှာထားပါ နူးညံ့သိမ်မွေ့နေ၏။

''အဲဒီအချိန်တွင်းမှာပဲ စာပေ ကဗျာအပြင် သိုင်းပညာလည်း ဖေဖေ သင်ယူခဲ့တယ်၊ ပထမတော့ အချိန်ကို တန်ဖိုးရှိအောင် သုံးစွဲတာပါပဲ၊ နောက်တော့ ကဗျာပညာရဲ့ နက်နဲမြင့်မြတ်မှုကို နားလည်လာတယ်၊ ဒီလိုပဲ သိုင်းပညာရဲ့ နက်နဲမြင့်မြတ်မှုကိုလည်း နားလည်လာတယ်၊ ကဗျာဟာ နတာလေးလေးတွေ၊ လှတာလေးတွေ၊ ရင်ခုန်တာလေးတွေရဲ့ ကိစ္စသာ မဟုတ်ဘဲ အမှန်တရားဆီ ချဉ်းကပ်နည်းတစ်ခုလို့ ဖေဖေ နားလည်တယ်၊ သိုင်းပညာကိုလည်း အစက ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခံပညာအဖြစ်သာ နားလည်တယ်၊ နောက်မှ သူလည်း သူ့နည်းနဲ့သူ သတိ၊ သဗ္ဗာ၊ ခန္တီ၊ ထောက်ထားညှာတာမှု စတဲ့ စိတ်အရည်အသွေးကောင်းတွေကို လေ့ကျင့်ပေးတဲ့ ရှေးဟောင်းပညာကြီးတစ်ရပ်အဖြစ် နားလည် လေးစားလာတယ်၊ ဒါကို နားမလည်တဲ့ တိမ်မင်းကြီးက ကဗျာဆရာက သားကို ဒါမျိုးတွေ သင်ခွင့်ပြုရသလားလို့ မေးသွားတယ် မဟုတ်လား''

''သူနဲ့ ဖေဖေ တက္ကသိုလ်မှာ ပြန်တွေ့ကြတယ်ပေါ့''

''ဟုတ်တယ်၊ ထူးဆန်းတဲ့ ကျောင်းသားတစ်ယောက်အဖြစ်''

''ခင်ဗျာ...''

''စစ်ကြီးက ခံထားတော့ တက္ကသိုလ် ရောက်ကြတဲ့အချိန်မှာ ဖေဖေတို့က အသက်ကြီးနေကြပြီ၊ ကျောင်းသား အများစုကတော့ ပညာငတ်ခဲ့ကြတော့ စာ သိပ်ကြိုးစားကြတယ်၊ တိမ်မင်းကတော့ တစ်မျိုး''

''ဘယ်လို တစ်မျိုးလဲ ဖေဖေ''

''ဒီကောင်က စာမကြိုးစားဘူး၊ ကျောင်းလည်း မှန်မှန်မတက်ဘူး၊ မြို့ထဲပဲ ထွက်ထွက်နေတယ်၊ စာမေးပွဲတွေလည်း ကျတယ်၊ ဖေဖေ ဝိဇ္ဇာဂုဏ်ထူးတန်း ရောက်တဲ့အထိ သူ ဥပစာသိပ္ပံလို့ ခေါ်တဲ့ ဒုတိယနှစ် သိပ္ပံတန်းကို မအောင်သေးဘူး''

''တေတယ်ပေါ့၊ ဟုတ်လား ဖေဖေ''

''အဲဒီလိုတော့လည်း မဟုတ်ဘူး''

''ခင်ဗျာ''

''သူ ပြောပြတယ်၊ စစ်အတွင်းက သူ အိန္ဒိယဘက် ပါသွားသတဲ့၊ အဲဒီကျတော့ သူ ရေတပ်ထဲ ဝင်သတဲ့၊ မဒရပ်ဒ်တို့၊ ဘုံဘေတို့၊ ကိုလံဘိုတို့၊

နောက် ဂျပန် လက်နက်ချတော့ စင်ကာပူတို့၊ အဲဒီတွေ သူ အကုန်ရောက်ခဲ့သတဲ့၊ အဲဒီမှာ သူ အမြင်တစ်မျိုး ပြောင်းလာခဲ့သတဲ့၊ ကမ္ဘာကြီးကို ခြယ်လှယ်အုပ်စိုးနေတာဟာ ကုန်သွယ်ရေးနဲ့ စီးပွားရေးတဲ့၊ လောကမှာ တန်ခိုးအကြီးဆုံးက မန်းနီးတဲ့၊ ငွေလို့ သူ မပြောဘူး၊ အင်္ဂလိပ်လို မန်းနီးတဲ့''

''မန်းနီးက ငွေ မဟုတ်ဘူးလား''

''အင်း... ဖေဖေတို့လည်း ဒီလိုပဲ ထင်ခဲ့တာပဲ၊ တိမ်မင်းကတော့ မန်းနီး ဆိုတာ ငွေ မဟုတ်ဘူးတဲ့၊ မန်းနီး ဆိုတာ ပြောင်းလို့ ရတယ်၊ လဲလို့ရတယ်၊ နိုင်းလို့ ရတယ်၊ ရွေ့လို့ ရတယ်၊ ရင်းလို့ ရတယ်၊ တိုးလို့ ရတယ်၊ ပွားလို့ ရတယ်၊ ဉာဏ်ရှိတိုင်း သုံးလို့ရတာဟာ မန်းနီးတဲ့၊ ဉာဏ်ရှိဖို့ကလည်း အတွေ့အကြုံတွေ လိုသတဲ့၊ သူ မြို့ထဲ ထွက်ထွက်နေတာဟာ အတွေ့အကြုံတွေ ရှာနေတာတဲ့၊ အခွင့်အလမ်းတွေ လေ့လာနေတာတဲ့၊ ဖေဖေတို့ကို သူက စိန်ခေါ်သေးတယ်၊ မင်းတို့နဲ့ ငါ ကားပိုင် ဘယ်သူ အရင်စီးမလဲတဲ့''

''အဲဒီမှာတော့ ဖေဖေနဲ့ သူ ရန်မဖြစ်ကြတော့ဘူးပေါ့''

''ကြီးလာကြပြီပဲ၊ သူ့သတ္တိ ကိုယ့်သတ္တိနဲ့ နေကြတာ၊ ဒါတောင်ဖေဖေ့ သူငယ်ချင်းတွေနဲ့ သိုင်းကစားတော့ သူက သရော်လို့ ညနေက ဖေဖေပြောတဲ့စကား ပြောခဲ့ရသေးတယ်''

''အဲ အဲဒီစကားက ဘာဆိုလိုတာလဲ ဟင် ဖေဖေ''

''ဆေးဝါးတွေဟာ ဘယ်လောက် စွမ်းစွမ်း သေခြင်းတရားကိုတော့ အကြွင်းမဲ့ မနိုင်ဘူး၊ ဒါပေမဲ့ သူ့အတိုင်းအတာနဲ့သူ စွမ်းတာမို့ လူတွေဟာ သုံးကြရတာပဲ၊ သေနတ်တို့၊ ဗုံးတို့၊ အမြောက်တို့ကို သိုင်းက မနိုင်ပေမယ့် သူ့အတိုင်းအတာနဲ့ သူ အသုံးဝင်တယ်၊ စကားကတ်တဲ့ သူ့ကို ဖေဖေက အဲ ဟိုသင်း... ပညာပေးတဲ့ သဘောပေါ့၊ ပြီးတော့ ငယ်သူငယ်ချင်းမို့ သူ့အကြောင်း သိလို့ သူ့အားနည်းချက်ကို သိပြီး တမင်ပြောလိုက်တာ''

''သူ့အားနည်းချက်''

''တိမ်မင်းဟာ သူ့အတိုင်းအတာနဲ့ သူ သတ္တိကောင်းပါတယ်၊ ဒါပေမဲ့ သူ သေရမှာ သိပ်ကြောက်တယ်၊ လူမှန်ရင်တော့ သေရမှာ ကြောက်တာချည်းပေါ့၊ ဒါပေမဲ့ တိမ်မင်းဟာ လူတကာထက် ပိုပြီး သေရမှာ ပိုကြောက်တယ်၊ အင်း... သူ ကြောက်တာ တစ်ခု ရှိသေးတယ်''

''ဘာလဲ... ဖေဖေ''

"ချာလီ"

"ခင်ဗျာ"

ဖေဖေက ရယ်၏။

"ချာလီ၊ သူ တက္ကသိုလ် ရောက်တော့ တိမ်မင်းလို့ နာမည်ယူထားတယ်၊ သူ့ကို ချာလီလို့ ခေါ်မှာ သူ သိပ်ကြောက်တယ်"

ဖေဖေက အရယ်ရပ်လိုက်ပြီး ဆက်ပြော၏။

"ဖေဖေက တိမ်မင်းရဲ့ ချို့ယွင်းချက်တွေချည်း လျှောက်ပြောသလို ဖြစ်နေတယ်၊ သူ့မှာ ချီးမွမ်းစရာတွေလည်း ရှိပါတယ်၊ အထူးသဖြင့် သူ လုပ်ချင်တာကို အောင်မြင်အောင် လုပ်တဲ့ စွမ်းရည်၊ ဖေဖေ လက်ထောက်ကထိက ဖြစ်ပြီး ငါးနှစ်အကြာမှာ သူနဲ့ ဗိုလ်ချုပ်ဈေးမှာ ပြန်တွေ့တယ်၊ ဖေဖေက လမ်းပေါ်က၊ သူက ကားပေါ်က"

"ခင်ဗျာ..."

"ဖေဖေက ဘတ်စ်ကား စီးပြီး ခြေကျင် လျှောက်လာတာ၊ သူက အဲဒီခေတ်က လူကြိုက်များတဲ့ ဗီးယက်ကားအသစ်လေး ကိုယ်တိုင် မောင်းလို့၊ သူ့ပန်းဆိုးတန်းက လုပ်ငန်း ရုံးခန်း ခေါ်သွားပြီး ကျွေးမွေးလိုက်ပါသေးတယ်၊ သူက အခု သွင်းကုန် ထုတ်ကုန် လုပ်ငန်းတစ်ခု လုပ်နေတယ်၊ သူက ပြောတယ်၊ သွင်းကုန်လုပ်ငန်းကို သာမညသာ သူ လုပ်တာတဲ့၊ သူက ထွက်ကုန်လုပ်ငန်းကို ဖိလုပ်သတဲ့၊ အဲဒီခေတ်က အများက သွင်းကုန်လုပ်ငန်းတွေကို ဆူလွယ် နပ်လွယ် လုပ်နေကြတာ၊ အများ လုပ်တာ သူ မလုပ်ဘူးတဲ့၊ လူကျပ်ရာမှာ သူ မတိုးဘူးတဲ့၊ လူရှောင်ရာမှာ လူချောင်သတဲ့၊ ပဒေသာပင်လို့ ထင်တာကို ဝိုင်းခူးနေတဲ့အထဲ သူ မပါဘူးတဲ့၊ ရွက်အုပ်သီးကိုသာ သူ ခူးသတဲ့၊ ရွက်အုပ်သီး ရှိတဲ့ နေရာကို သူ သိသတဲ့၊ သူ့ စီးပွားရေးဒဿနတွေလေ၊ ဘယ်တောဘယ်တောင်မှာမဆို ပဒေသာပင်သာ မရှိရမယ်၊ ရွက်အုပ်သီး သီးတဲ့ အပင်တွေကတော့ တစ်ပင်မဟုတ် တစ်ပင် ရှိနေသတဲ့၊ အင်း... အဟင်း... သူ့ဒဿနက မဆိုးဘူး"

"သူက အဲဒီတုန်းက ဘာတွေ ထုတ်ကုန် လုပ်နေတာလဲ"

"သူ ပြောတာတော့ စုံနေတာပဲ၊ အီတလီကို ဆေးပြင်းလိပ် ပို့တာ၊ ဥရောပကို ကျပ်တင်ပြီးသား မြန်မာ့ ဝါးငါးမျှားတံတွေ ပို့တာ၊ ဖေဖေ ဒါလောက်ပဲ မှတ်မိတော့တယ်၊ အဲ... သေသေချာချာ မှတ်မိတာ တစ်ခု ရှိတယ်၊ ကျောင်းသား

တုန်းက မန်းနီးကို သူ အစိမ့်ပွားယ်ဖွင့် ပြောသလို အခုလည်း 'ရီးယဲလ် အက်စတိတ်' (real estate) ဆိုတဲ့ စကားကို သူ ဖွင့်ဆိုပြတယ်''

''အဲဒါက ဘာလဲ ဖေဖေ''

''မြေ၊ မြေပေါ်ရှိ အဆောက်အအုံတွေ စတဲ့ အင်္ဂလိပ်လို အက်ဆက်တ် (asset) လို့ ခေါ်တဲ့ အဖိုးတန်ပစ္စည်းတွေ၊ အဲဒါတွေနဲ့ ပတ်သက်တဲ့ စီးပွားရေး လုပ်ငန်း၊ မြေရောင်း မြေဝယ်တာ၊ အိမ်ဆောက် အိမ်ငှားတာလောက်တင်မက ဘူး၊ မြေကို တန်ဖိုးတက်အောင် ပြုပြင်မွမ်းမံတာ၊ အဆောက်အအုံနဲ့တကွ မြေတွင်း မြေပေါ်မှာ ရှိတဲ့ အဖိုးတန်ပစ္စည်းတွေ ပိုအဖိုးတန်သထက် တန်အောင် ပြုပြင်မွမ်းမံတာ၊ အဲဒီ စီးပွားရေးလုပ်ငန်းကို ခေါ်တာ၊ တိမ်မင်းက ပြောတယ်၊ အဲဒီ စီးပွားရေးလုပ်ငန်းဘက်ကို မြန်မာတွေ အာရုံမပြုကြသေးဘူးတဲ့၊ ကြီးကြီး ကျယ်ကျယ် ကိစ္စတွေ မပြောနဲ့၊ အိမ်တို့ တိုက်တို့ ဆေးသုတ်တာ၊ အိမ်ခေါင်မိုး ပြင်တာ၊ ဆေးသုတ်တာ၊ ရေပိုက်ဆင်တာ၊ ဖြုတ်တာ၊ ပြင်တာ အဲဒါတွေမှာ တို့ ဘယ်လောက် တတ်ကြ ကျွမ်းကျင်ကြသလဲတဲ့၊ အဲဒါတွေဟာ ရီးယဲလ် ကိစ္စတွေတဲ့၊ အမှန်ကိစ္စတွေတဲ့၊ လူရှိသမျှ မဖောက်မပြန် မှန်နေမယ့် ကိစ္စတွေ တဲ့၊ အဲဒီ ရီးယဲလ်အက်စတိတ် စီးပွားရေးလုပ်ငန်းလည်း သူ စတင်လုပ်နေသတဲ့''

''တော်တော်အကြံကြီးတာပေါ့နော်''

''အင်း… အကြံလည်း ကြီးတယ်၊ ဉာဏ်လည်း ကြီးတယ်၊ ဝီရိယ လည်း ကြီးတယ်၊ သတ္တိလည်း ကောင်းတယ်၊ အေးလေ… ဒါကြောင့်လည်း ဒီနေ့အထိ သူ ချမ်းသာနေတာပေါ့''

''သူနဲ့ ဖေဖေ နောက်ထပ် တွေ့သေးသလား''

''ဟင့်အင်း… ဒီနေ့ တွေ့တာကလွဲရင် အဲဒီ ပန်းဆိုးတန်းမှာ တွေ့ ခဲ့ကြတာဟာ နောက်ဆုံး တွေ့ခြင်းပဲ''

''ဘာဖြစ်လို့လဲ ဖေဖေ''

''သူက ခေါ်ပါတယ်၊ ငွေရေးကြေးရေးအတွက် အကူအညီ လိုရင် လည်း ပြောပါတဲ့၊ ဖေဖေကသာ မဆက်ဆံခဲ့တာ''

''မဆက်ဆံခဲ့တာ''

''ဖေဖေနဲ့ သူ စရိုက်ချင်း မတူဘူးလေ၊ ဒီတော့ ကိုးကွယ်တာချင်း မတူဘူး''

''ခင်ဗျာ… ကိုးကွယ်တာ မတူဘူး''

"ဖေဖေက တင်စားပြောလိုက်တာပါ၊ မြတ်စွာဘုရား ဟောတဲ့ 'အဂ္ဂပ္ပသာဒသုတ်တော်' ရှိတယ်၊ မြတ်သော ကြည်ညိုခြင်းကို ဟောကြားတဲ့သုတ်၊ မြန်မာလို ချောအောင် ပြောရရင် လောကမှာ ဘယ်ဟာ အမြတ်ဆုံးလဲ၊ အဲဒီ အမြတ်ဆုံးကို ရွေးချယ်သိရှိပြီး ကြည်ညိုကိုးကွယ်ခြင်းဟာ အဂ္ဂပ္ပသာဒသဘော"

"ဟုတ်ကဲ့… အဂ္ဂပ္ပသာဒ၊ သား မှတ်ထားမယ်"

"အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ လောကမှာ အမြတ်ဆုံးပေါ့၊ ဖေဖေ ရွတ်ပြမယ်၊ ဘိက္ခဝေ- ရဟန်းတို့၊ ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓေ- မြတ်စွာဘုရား၌၊ ပသန္နာ- ကြည်ညိုကုန်၏။ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ အဂ္ဂေ- အမြတ်ဆုံး၌၊ ပသန္နာ- ကြည်ညိုကုန်၏၊ ပန- အကျိုးကား၊ အဂ္ဂေ- အမြတ်ဆုံး၌၊ ပသန္နာနံ- ကြည်ညိုကုန်သော ပုဂ္ဂိုလ်တို့အား၊ ခေါ- စင်စစ်၊ အဂ္ဂေါ- အမြတ်ဆုံးသော၊ ဝိပါကော- အကျိုးသည်၊ ဟောတိ- ဖြစ်၏ တဲ့။ အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရားကို ကြည်ညိုကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေဟာ အမြတ်ဆုံး ဖြစ်တဲ့ နိဗ္ဗာန်ရောက်ခြင်း အကျိုး၊ နိဗ္ဗာန်မရောက်ခင် စပ်ကြားမှာလည်း လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ဆိုတဲ့ 'အထက်တန်းသံသရာ'မှာသာ ကျင်လည်ရတဲ့ အကျိုးတွေကို ရတယ်၊ အဲဒါက ဘာသာရေး၊ လောကုတ္တရာရေး၊ သား နားလည်တယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

"ပုထုဇဉ်တွေမှာက လောကီရေးလို့ ခေါ်တဲ့ အခုဘဝက အရေးတွေ၊ အခုဘဝက ကိစ္စတွေ ရှိနေသေးတယ်၊ လူမှုရေး၊ စီးပွားရေး ဆိုတာတွေပေါ့ သားရယ်၊ အဲဒီ အခုဘဝကိစ္စတွေမှာလည်း ပုထုဇဉ်ဟာ ပုထုဇဉ်ပီပီ ကောင်းတယ်၊ မြတ်တယ်လို့ ယုံထားတာ ယူထားတာတွေ ရှိကြတယ်၊ အင်္ဂလိပ်လို 'ဗဲလ်လူးစ်' (Values) လို့ ခေါ်တဲ့ တန်ဖိုးထား နှစ်သက် မြတ်နိုးကြတာတွေပေါ့၊ ဘဝ ပန်းတိုင် ဆိုတာတွေ၊ ဘဝရည်ရွယ်ချက် ဆိုတာတွေလည်း ပါသပေါ့၊ ကိုယ် သန်ရာ၊ ကိုယ် စွဲရာ၊ ကိုယ် ယုံရာကို မြတ်နိုးဖက်တွယ် စွဲကိုင်ကိုးကွယ်ကြတာ"

"အာ အာ… သား နားလည်တယ်"

"တိမ်မင်းက သူ ပြောခဲ့တဲ့ မန်းနီး ဆိုတာကို ကိုးကွယ်တယ်၊ မန်းနီးဟာ သူ့အတွက် အဂ္ဂေါ အမြတ်ဆုံးလို့ ယုံတယ်၊ ဖေဖေကတော့ ပညာကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ ဘာနဲ့မှ မလဲနိုင်ဘူး၊ စရိုက် မတူကြဘူးကွဲ၊ အဲဒါကြောင့် သူနဲ့ ဖေဖေ မဆက်ဆံတာ"

“ဒါပေမဲ့ ခုတော့…”

မြတ်ထန်က စကားမဆုံးတတ်။ အမှန်က ပြောလိုက်မိသော ဤစကားက မေးခွန်း တစ်ခုမျှသာ။ ဘာကြောင့် မသိ၊ ဆက်လည်း မပြောတုံ့၊ ဘာပြောရမှန်းလည်း မသိ။

ဖေဖေက နားလည်ဟန်ဖြင့် အသာအယာ ရယ်၏။

“ဟုတ်တယ်၊ ဒါပေမဲ့ ခုတော့ သူက စလာတော့ ဖေဖေ လက်ခံရတာပေါ့၊ အထူးသဖြင့် သန့်ကို ဘယ်လိုလုပ် ငြင်းမလဲ”

“ခင်ဗျာ”

“သန့်က ဖေဖေ့တပည့် ဖြစ်ခဲ့ဖူးတယ်၊ အင်္ဂလိပ်စာ အဓိကကျောင်းသူ တစ်ဦးပေါ့၊ အခုစနစ်မှာက စာပေနဲ့ ကဗျာကို အသားမပေးဘူး၊ ဘာသာစကား ပိုင်းကို အလေးပေးတာ၊ ဒါပေမဲ့ သန့်က ကဗျာ ဝါသနာပါတယ်၊ သင်ရိုးထဲ မပါတာတွေ မေးတတ်တယ်၊ ပြီးတော့ စာကို သန့်က ဝတ်ကျေတမ်းကျေ စာမေးပွဲအောင်ရုံ မဟုတ်ဘဲ စိတ်ဝင်တစား သင်ကြားတယ်၊ သင်ရိုးပြင်ပက ကဗျာနဲ့ ပတ်သက်တာတွေ သူ သိပ်သိချင်တယ်…

ဒါနဲ့ ဖေဖေနဲ့ ရင်းနှီးခဲ့တာ၊ ဉာဏ်လည်း ကောင်း၊ စာလည်း တော်တာမို့ ဒီမိန်းကလေး မဟာဝိဇ္ဇာတန်း ဆက်တက်လိမ့်မယ် ထင်ခဲ့တယ်၊ မတက်ခဲ့ဘူး၊ သူ့ကိုလည်း ထပ်မတွေ့ရတော့ဘူး၊ အခုတော့ တိမ်မင်းရဲ့ သမီး ဖြစ်နေတယ်၊ ဖိမ်နဲ့ နေနိုင်ရက်သားနဲ့ တစ်နည်းတစ်လမ်းနဲ့ ပညာ ဆက်လိုချင်နေသေးတယ်၊ လိုချင်တာကလည်း ကဗျာပညာ၊ ဖေဖေ ဘယ်လို ငြင်းနိုင်မလဲ၊ ဖေဖေ့တစ်သက်မှာ ပညာလိုချင်သူကို ဘယ်တုန်းကမှ မငြင်းခဲ့ဖူးဘူး၊ ဆီးကြိုရတာပဲ ရှိတယ် သား”

ဖေဖေက စကားဖြတ်ပြီး လမ်းဆက်လျှောက်နေ၏။

ဖေဖေ့စကားက နိဂုံးရိပ် မပြသေး။ ဖေဖေ စကားဖြတ်ထားသည်မှာ စဉ်းစားနေ၍ ဖြစ်ဟန်တူသည်။

အတန်လေးကြာမှ ဖေဖေက ပြန်စကားပြောသည်။

“တိမ်မင်းဟာ ဖေဖေ့ ငယ်သူငယ်ချင်း၊ သူ့အကြောင်းတွေ ဖေဖေက သားကို ပြောပြနေတယ်၊ သာမန်အားဖြင့်တော့ ဒီလောက် မပြောပြထိုက်ဘူး၊ အခု ပြောပြရတာက ရည်ရွယ်ချက် ရှိတယ်”

“ဟုတ်ကဲ့ ဖေဖေ”

"သန့်ရဲ့ လာခြင်းဟာ စာစကားနဲ့ ပြောရရင် အပြစ်ကင်းသော လာခြင်း၊ ကောင်းသော လာခြင်း၊ မြတ်သော လာခြင်း၊ သန့်ကို လက်ခံလိုက်တော့ တိမ်မင်းနဲ့လည်း ဆက်ဆံရတော့မယ်"

မြတ်ထန် ခေါင်းညိတ်ပြ၏။

"ဒါပေမဲ့ သန့်က သန့်၊ တိမ်မင်းက တိမ်မင်း"

ဖေဖေ၏ စကားမှ ထူးခြားသော အဓိပ္ပာယ်ရိပ်ကြောင့် မြတ်ထန်က ဖေဖေ့ကို ကြည့်သည်။

ဖေဖေကလည်း မြတ်ထန်၏ မျက်လုံးများကို စိုက်၍ ကြည့်ပြီး ပြော၏။

ဖေဖေ့ စကားများကလည်း ဘာကြောင့် မသိ။ မြတ်ထန်၏ ရင်တွင်းသို့ စိုက်၍ နစ်၍ ဝင်သွားသည်။

"ဆက်တော့ ဆက်ဆံကြရမယ်၊ အကောင်းဆုံး စိတ်ထားနဲ့ ဆက်ဆံကြရမယ်၊ ဒါပေမဲ့ တိမ်မင်းနဲ့ ဖေဖေတို့ကြားမှာ 'ခြားနားထားတဲ့' စည်းတစ်ခု ရှိနေတယ်လို့ ဖေဖေ ယုံထားတုန်းပဲ"

ဋ

## အခန်း – ၆

စမ်းချောင်းရေထဲတွင် လမ်းလျှောက်ရင်းက မြတ်ထနက မြင့်အောင်ကို ပြုံး၍ ကြည့်သည်။

မြင့်အောင်ကလည်း ပြန်ပြုံးပြရင်းက မေးသည်။

"ဘယ့်နှယ်လဲ၊ မင်း သဘောကျတယ် မဟုတ်လား"

"အေး··· မကြုံဖူးတဲ့ အတွေ့အကြုံပေါ့၊ တစ်မျိုးပဲ"

"ကမ္ဘာဦးလူသားရဲ့ အတွေ့အကြုံလေ"

"ဘာရယ်"

"ကမ္ဘာဦးမှာ ဒီမြေပေါ် ဘယ်မှာ လမ်းတွေ ရှိပါဦးမလဲ၊ ဒါပေမဲ့ ချောင်းတွေ၊ မြစ်တွေဟာ သဘာဝလမ်းကြောင်းတွေပေါ့၊ တို့ နိုင်ငံတွင်းကို စဝင်လာတဲ့ ဟိုးရှေးရှေးက တို့ရဲ့ ဘိုးဘွားဘီဘင်တွေဟာ ဒီလိုပဲ ချောင်းတွေ၊ မြစ်တွေကို လမ်းလုပ်ပြီး ဝင်လာကြတာ၊ မင်းနဲ့ ငါနဲ့ အခု လျှောက်သလို စမ်းတွေ၊ ချောင်းတွေ အများကြီး သူတို့ လျှောက်ဖူးမှာပဲ"

"ကိုယ့်ဘာသာကိုယ် မနေနိုင်လို့ ဆော့တာကို ကြံကြံဖန်ဖန် ကြီးကြီးကျယ်ကျယ် ပြောတယ်"

မြင့်အောင်က ဟီး ဟု တစ်ချက် ရယ်သည်။

''တို့ ငယ်ငယ်ကတည်းက ခုလို ဝါဆိုပန်းခူး ထွက်ရင်း စမ်းချောင်းတွေထဲ ဆင်းလျှောက်ကြတာပဲ၊ ပျော်မှ ပျော်၊ မြေကြီးပေါ် လမ်းလျှောက်ရတာက ရိုးနေပြီ မဟုတ်လား၊ ကြီးမှသာ တွေးမိတာ''

''ဘာကိုလဲ''

''ခုနက ပြောတဲ့ ကမ္ဘာဦးလမ်းကြောင်း အကြောင်းလေ၊ တို့ရဲ့ ဇာတိစိတ်ထဲမှာ ခုလို စမ်းချောင်းတွေကို လမ်းအဖြစ် လျှောက်ချင်တဲ့ ဉာဉ်လေး ကိန်းကျန်နေသလား မသိဘူး''

''ဟကောင် မြင့်အောင်၊ ကြီးကျယ်လှချေကလား''

''တကယ် ပြောတာပါ၊ ခေတ်သစ်ကြီး ဆိုတာ ရောက်တဲ့အထိ တောကြီး၊ တောင်ကြီးတွေထဲက မြစ်ကြီးတွေကို စွန့်စား ဆန်တက်တဲ့ လူတွေ ရှိနေတုန်းပဲ၊ အင်္ဂလိပ်အခေါ် ငါ့လျှာဖျားတင် မေ့နေတယ်''

''အိပ်စ်ပလောရား (explorer) လား''

''အေး… အိပ်စ်ပလောရား၊ နယ်သစ် မြေသစ်တွေ၊ လူသူ မရောက်ဖူးသေးတဲ့ နေရာတွေကို စွန့်စားပြီး စူးစမ်းလေ့လာတဲ့ လူတွေ၊ သူတို့မှာ ခုနက ငါ ပြောတဲ့ ဇာတိဉာဉ် ဆိုတာ ရှိလို့ ဖြစ်မှာပေါ့၊ အေး… ခုဆို အာကာသထဲကို တောင် စွန့်စားသွားပြီး စူးစမ်းလေ့လာနေကြပြီ မဟုတ်လား၊ စမ်းချောင်းထဲ လမ်းလျှောက်လျှောက်၊ အာကာသထဲ လမ်းလျှောက်လျှောက်၊ အခြေခံ ဇာတိဉာဉ်က အတူတူပဲ ထင်တယ်''

မြတ်ထန်က ရယ်သည်။

ရယ်သာ ရယ်ရသည်။ မြင့်အောင်၏ စကား၌ အမှန်တရား ပါသည်ဟု သူ ထင်သည်။

အစက စမ်းချောင်းရေတွင်း ဆင်း၍ လမ်းလျှောက်ရမည်ကို စိတ်တွင်း၌ တစ်မျိုးကြီး၊ သို့ရာတွင် ဝါဆိုပန်းခူးသူ အများက စမ်းချောင်း ရေတွင်း တပျော်တပါး လျှောက်နေကြသည်ကို တွေ့ရသည်။ မြင့်အောင်ကလည်း တိုက်တွန်းသည်။ ထို့ကြောင့် အပြန်ခရီးတွင် ဆင်းလျှောက်ကြည့်သည်။

အတွေ့အကြုံသစ် ဖြစ်၍ ထူးသောကြောင့်လော မသိ။ စိတ်တွင်း၌ နှစ်သက်လာသည်။ မြေနီလမ်းအတိုင်း ဆိုလျှင် ရှည်သောခရီးမှာ စမ်းချောင်းအတိုင်း လိုက်တော့ တိုသွားသည်လည်း ရှိသည်။ အတက် အဆင်းတွေ

ပြေပြီး မပင်ပန်းကြောင်းလည်း သတိပြုမိသည်။ စမ်းချောင်းပေါ်၌ မိုးနေသော သစ်ရိပ်၊ ချုံရိပ်၊ ခြေနှင့် ထိနေသော ရေတို့ကြောင့် အေးမြခြင်းက မိုးမရွာသော ဝါဆိုနေ့၏ နေအပူဒဏ်ကို သက်သာစေသည်။ ထို့ထက်…

ဟိုကွေ့မှာ ဘာတွေ့မည်နည်း။ ဟိုချုံ ဟိုအကိုင်းတွေကို လွန်သွားလျှင် ဘာများ ဘွားဘွား ပေါ်လာမည်နည်း။ အဲသည် ခံစားချက်များကလည်း ရင်ခုန်ဖွယ် ကောင်းသည်။

အင်္ဂလိပ်စကားတစ်လုံးကလည်း လျှာဖျားတွင် ပေါ်လာပြန်၏။

ပရိမက်တစ်ဗ်အားဂျ် (premitive urge) ။

ပရိမက်တစ်ဗ် ဆိုသည်က ရှေး၊ မူလအစ၊ အရိုင်း၊ ပကတိ၊ သည် အဓိပ္ပာယ်တွေ ရှိသည်။ အားဂျ် ဆိုသည်က စေ့ဆော်တိုက်တွန်းခြင်း။

ဆီလျော်အောင် ဆိုသော် အရိုင်းစိတ်။

"ပုထုဇဉ်တွေမှာ ပကတိ မူလအရိုင်းစိတ်ဟာ အမြစ် မကုန်သေးဘူး၊ အခွင့်ရရင် ထိုးထွက်လာချင်တယ်၊ စိတ်ပညာရှင်ကြီး ဖရွိုက် (Freud) က တော့ အဲဒီ အရိုင်းစိတ်ကို 'အစ်ဒ်' (Id) လို့ နာမည်ပေးခဲ့တယ်"

ဖေဖေ့စကားများ၊ မိမိ မှတ်ထားသော ဖေဖေ့စကားများ။

မြင့်အောင်က ကြီးကြီးကျယ်ကျယ် ဇာတိစိတ်ဟု ခေါ်သွားသည်။ 'အင်စတင့်တ်' (instinct) ကို ပြောလိုက်ဟန် တူသည်။ သူလည်း ဘယ်စာအုပ်မှာ တွေ့ပြီး မှတ်ထားသနည်း။ အင်စတင့်တ် ဆိုသည်က ဇီဇအလိုက် ရှိသော မွေးရာပါစိတ်၊ စေတနာ၊ တိုက်တွန်းစေ့ဆော်မှု။

ပရိမက်တစ်ဗ်အားဂျ်တို့၊ အင်စတင့်တ်တို့က အရိုင်းပကတိစိတ်၊ သတိတို့၊ ပညာတို့နှင့် ဆန့်ကျင်ဘက်။

မြတ်စွာဘုရား… မိမိမှာလည်း အရိုင်းပကတိစိတ်တွေ ကျန်နေပါသေးတကား။ အရိုင်းပကတိစိတ်လေးက စေ့ဆော်တိုက်တွန်းမှုလေးကို လုပ်ရမည်ကို သာယာနေပါတကား။

မြတ်ထန် တွေးကောင်းနေခိုက် စမ်းချောင်းတွင်း၌ မိမိတို့နည်းတူ လျှောက်လာသူ ကလေး၊ လူကြီးတွေက ကုန်းပေါ် ပြန်တက်ကုန်ကြသည်။

မြင့်အောင်ကလည်း ဆို၏။

"တို့လည်း တက်ကြစို့"

"ဘာဖြစ်လို့လဲ၊ ဒီစမ်းချောင်းက မြို့ထဲအထိ ပေါက်တယ်ဆို"

"အေးလေ"

"ဒါဖြင့် ဆက်လျှောက်ကြမယ်၊ မင်းတို့ ရပ်ကွက်နားအထိ ငါ လိုက်ပို့မယ်"

"မရဘူး"

"ဘာဖြစ်လို့"

"ကမ္ဘာဦး မဟုတ်ဘူး"

"ဘာရယ်"

"ဦးတိမ်မင်းကြီး ရှိနေတယ်"

"ဘာ…"

"ဒီစမ်းချောင်းက ဦးတိမ်မင်း ခြံမြေထဲက ဖြတ်စီးတယ်၊ သူက ချောင်းကို ဖြတ်ပြီး သံဝင်းခတ်ထားတယ်၊ ကျော်လို့ မရဘူး၊ ဖြတ်လို့မရဘူး၊ မင်း မိတ်ဆွေ ခွေးကြီးတွေကလည်း ရှိသေးတယ်"

မြတ်ထန် စဉ်းစားနေခိုက် ရှေ့မှသွားသော ကလေးနှစ်ယောက်က နောက်ကြောင်း ပြန်လှည့်လာကြ၏။ တစ်ယောက်က ဆို၏။

"ပန်းတွေ လှလိုက်တာနော်၊ ဘာပန်းတွေလည်း မသိဘူး"

"ပုန်းညက်ပန်း"

"လှတယ်နော်၊ ဝင်ခူးလိုက်ရရင်"

"သံဝင်းကြီး ဘယ်လို ကျော်မလဲ၊ ပြီးတော့ အထဲမှာ ခွေးကြီးတွေ ရှိတယ်"

"မတွေ့ပါဘူး"

"ဒါပေမဲ့ လူ ထိုင်စာဖတ်နေတာ မမြင်ဘူးလား၊ သူက တို့ကို တွေ့သွားရင် ခွေးကြီးတွေကို ခေါ်လိုက်မှာပေါ့"

"သူကလည်း သိပ် သိပ်ချောတာပဲနော်"

"အဲဒါ သူဌေးသမီး၊ သန့်… တဲ့၊ နာမည်က တစ်လုံးတည်း"

ကလေးနှစ်ယောက်က မြတ်ထန်တို့အနီးမှ ဖြတ်၍ ကုန်းပေါ် တက်သွားကြ၏။

မြတ်ထန်က ကလေးတို့ လာခဲ့ရာဘက်သို့ ဆက်လျှောက်၏။

မြင့်အောင်က အော်သည်။

"ဟေ့ကောင်… ဘယ်သွားမလို့လဲ"

"ကဗျာ သွားကြည့်မလို့"

"ဘာ..."

"မင်းပဲ မမသန့်ဟာ ကဗျာတစ်ပိုဒ်ဆို"

မြင့်အောင်က မြတ်ထန်ကို မျက်မှောင်ကုတ်ကြည့်သည်။

"အခု ငါလည်း မမသန့်ဟာ ကဗျာတစ်ပိုဒ်လို့ လက်ခံတယ် မြင့်အောင်၊ ဟိုတစ်ခါ စတွေ့ချိန်က ကဗျာမဆန်တဲ့ အခြေအနေကြီးမှာ၊ ခု လှတဲ့ အခြေအနေက လှတဲ့ မမသန့်ကို ငါ သွားကြည့်မလို့၊ ခဏလေးပါ"

"ငါ မလိုက်ရဲဘူး"

"ဘာဖြစ်လို့"

"သန့်က မကြိုက်လို့ အိမ်ပြန်တိုင်ရင် မလွယ်ဘူး၊ တို့ ဖေဖေ အလုပ်က ဦးတိမ်မင်းကြီးနဲ့ ကင်းတာ မဟုတ်ဘူး၊ ဦးတိမ်မင်းကြီးကို ရိုသေရတယ်"

"ဒါဖြင့် မင်း နေခဲ့"

သို့ရာတွင် မြတ်ထန် ဆက်သွားသောအခါ မြင့်အောင်လည်း တွန့်ဆုတ် တွန့်ဆုတ်နှင့် နောက်မှ လိုက်လာသည်။

"ဩော်..."

မြတ်ထန် အံ့ဩမိရပြန်ပြီ။

ခုံညားလှပ သစ်လွင်သော စိတြဂေဟာကြီးက သစ်ပင် ပန်းပင်တို့ အလယ် ကုန်းမြင့်ပေါ်တွင် ပန်းချီဆန်ဆန်ပင် တည်ရှိနေ၏။

စမ်းချောင်းဘက်ဆီသို့ ကုန်းသည် လှလှပပ နိမ့်လျှောဆင်းလာသည်။ ကုန်းစောင်းမှာက စက်ဖြင့် ညှိဖြတ်ထားသည့် ညီညာစိမ်းနုသော မြက်ခင်း။

မြက်ခင်းနှင့် စမ်းချောင်း ရေပြင်ပေါ် မိုး၍ ပေါက်နေသော တရုတ် စံကားဖြူပင်တန်း ရှိသည်။

အဆုပ်ဆုပ် အခိုင်ခိုင် ပွင့်နေသော ပုန်းညက်ပင် မနိမ့် မမြင့်လေးများ လည်း ရှိနေသည်။

ဩော်... မြေပေါ်မှ တစ်ပွင့်ပန်းက ဗိုလှပ ဖြူစင်သည်။

သန့်... မမသန့်..

မြက်ခင်းပေါ်၌ ခင်းထားသော ရောင်စုံမြက်ဖျာရှည်လေး တစ်ခုပေါ် တွင် ထိုင်လျက် သန့်က စာအုပ်ထူထူ တစ်အုပ်ကို ဖတ်နေသည်။

ကျစ နေ၏ ရွှေလျှံကြည်ကြည်တွေက ပန်းပင်တွေပေါ်မှာလည်း ကျနေသည်။ မြက်ခင်းပေါ်လည်း ကျနေသည်။

ပန်းရုံကြီးတစ်ခုက အရိပ် မိုးပေးထားသောကြောင့် သန့်ကိုယ်ပေါ်သို့မူ နေရောင်က မကျ။ သည်ကြားထဲက သန့် ကိုယ်နှင့် သန့် ပတ်ဝန်းကျင်က ဝင်းထိန်နေသည်ဟု မြတ်ထန်က ထင်နေသည်။

ထိုအခိုက်တွင်ပင် ခပ်အုပ်အုပ် ခြောက် ဟောက်လိုက်သော ခွေးကြီးတစ်ကောင်၏ အသံကို မြတ်ထန် ကြားလိုက်ရ၏။

မြတ်ထန်၏ မိတ်ဆွေဟောင်းကြီး လီယိုပင်တည်း။

လီယိုက ပန်းရုံကွယ်မှ ထွက်လာခြင်း ဖြစ်၏။

ဩော်… လီယို့အသံနှင့် တစ်ပြိုင်နက် မြတ်ထန်နောက်မှ မြင့်အောင်ကလည်း စမ်းချောင်းဘေးရှိ ချုံကွယ်တစ်ခုမှ ဝင်ပုနေသည်။

မော့ပြီး လှမ်းကြည့်လိုက်သော သန့်၏ မျက်နှာလေးက ပထမသော် အံ့အားသင့်ဟန် ပြသည်။ ခဏ္ဍမှ အံ့ဩရိပ်နှင့် ရောသော အပြုံးလေး ပေါ်လာသည်။

"မြတ်မောင်"

ခေါ်ပြန်ပြီ၊ သည်လို ခေါ်ပြန်ပြီ။

သန့်က ကုန်းပေါ်မှ ဆင်းလာပြီး စမ်းချောင်းလေး၏ အစပ်မှာ လာရပ်သည်။

"မြတ်မောင်၊ ဒါ ဘယ်က ရောက်လာတာလဲ"

"ဝါဆိုပန်းခူးက ပြန်လာတာ"

"ဟုတ်ဘူးလေ၊ ဒီနေရာကို ဘယ်လို ရောက်လာတာလဲ"

"အား… ဟိုသင်း… ပရီမက်တစ်စ်အားဂျ်"

"ဘာရယ်"

"စိတ်ကူးထဲ ပေါ်လာတာ ပြောမိတာ၊ ခြေထောက်က ခေါ်လာတာ၊ မျက်လုံးတွေက ပန်းတွေ တွေ့တယ်"

ပြုးစူစူ မျက်နှာထားလေးနှင့် မျက်မှောင်ကုတ် ကြည့်နေပြီးမှ သန့်က ရယ်၏။

"ကြိုက်ပြီ၊ ဒီပဟေဠိ အပြောလေးတွေ၊ မြတ်မောင် မြဲထဲ ဝင်မလား"

"ဒီသံဝင်းထရံကို ကျော်တက်ခဲ့ရမလား"

"အို… မဟုတ်ကဟုတ်က၊ ဟို အိမ်ရှေ့ ခြံတံခါးပေါက်ကြီးက ပြန်လှည့်ဝင်လာလေ"

"တစ်ပတ်ကြီး၊ နေပါစေတော့လေ၊ မမသန့်ကို ကျွန်တော် မမျှော်လင့်ဘဲ တွေ့မိတာပါ၊ ပြီးတော့ မမသန့် စာဖတ်တာလည်း ပျက်သွားပါပြီ"

သန့်၏ မျက်နှာလေးက တည်သွားပြီး မျက်လုံးများက မြတ်ထန်ကို စိုက်ကြည့်သည်။

"မင်း မမသန့်တို့ အိမ်ကို လာမလည်ချင်ဘူး၊ မဟုတ်ဘူးလား"

"ခင်ဗျာ…"

"အခုက မမျှော်လင့်ဘဲ တွေ့တာ၊ မမသန့်ကို မမျှော်လင့်ဘဲ တွေ့တာ၊ ဟုတ်လား"

သန့် မျက်နှာက မပြုံးတော့။ စကားသံမှာလည်း တစ်စုံတစ်ရာသော အရိပ် ပါနေသည်။

"အို အို… အဲဒီလို မဟုတ်ပါဘူး"

"နို့… ဘယ်လိုလဲ"

"ကျွန်တော်… ကျွန်တော်…"

"ပြောလေ"

"မမသန့်နဲ့ ဟိုသင်း… တွေ့ တွေ့… သိပ်တွေ့ချင်ပါတယ်"

သန့်၏ မျက်နှာလေး ပြန်ပြုံးလာသည်။ လှပသော မျက်စောင်းဒဏ်လည်း မြတ်ထန် ခံလိုက်ရသည်။

"ကဲ… ကိုယ်တော်၊ ဒီနားမှာ စောရပ်စောင့်နေ၊ ထွက်လည်းမသွားနဲ့နော်"

သန့်က ကုန်းစောင်းပေါ် အပြေးလေး တက်သွားပြီး ပန်းရုံများနောက်၌ ပျောက်သွားသည်။

စမ်းချောင်းဘေး ချုံတွင်းမှ မြင့်အောင်လည်း ထွက်လာသည်။

"ကဲ… ကိုယ်တော်၊ အကျွန်ုပ်လည်း လစ်တော့မယ်"

"ဟေ့ကောင်… ဘာဖြစ်လို့လဲ"

"ကန့်လန့် ကန့်လန့် မရှုပ်ချင်ဘူး"

"ဘာ"

"မြင့်အောင်တို့လည်း ရှီဝီယိုနဲ့ ဂျူးလိယက်ဇာတ်လမ်း ဖတ်ဖူးတယ်"

"ဟ… ဘာဆိုင်လို့တုံး"

"မျှော်လင့်ဘဲ တွေ့ကြတာပဲလေ၊ ပြီးတော့… အဟောင်း"
"ဘာလဲ"
"ပရိမက်တစ်စ်အားဂျ်နဲ့ပဲ၊ ဒီတော့ လစ်ပြီပေါ့"
မြင့်အောင်က ပြုံးဖြဲဖြဲ နှုတ်ဆက်ပြီး ကုန်းပေါ်တက်၍ ချုံတွေကြား ပျောက်ကွယ်သွားသည်။
ပန်းရုံကြီးဘေးမှ မိမိကို စောင့်ကြည့်နေသော လီယိုကြီးအား မြတ်ထန် သတိပြုမိ၏။
သန့် ပြန်ပေါ်လာ၍ ကုန်းစောင်းမှ ဆင်းလာသောအခါ လီယိုကြီးက နောက်မှ လိုက်လာသည်။
သန့်က လီယိုကို သတိပေး၏။
"အီးဆီး လီယို… အီးဆီး၊ ဖရင်း၁်၊ မိုင်ဖရင်း၁်"
သန့် လက်တွင်းမှာက သော့တွဲတစ်တွဲ ပါလာသည်။
လီယိုက သဘောကောင်း မနောကောင်းဟန်ဖြင့် အမြီးနှန့်ပြနေခိုက် သန့်က မလွယ်ပေါက် တစ်ခုကို ဖွင့်ပေးသောကြောင့် မြတ်ထန်လည်း ခြံတွင်း သို့ ဝင်လိုက်သည်။
သန့်နှင့် မြတ်ထန်တို့က ရောင်စုံ မြက်ဖျာလေးပေါ် အတူထိုင်ကြ သောအခါ လီယိုက ပန်းရုံဘေး သူ့နေရာတွင် သူ အေးအေးဆေးဆေး သွား ဝပ်နေသည်။
"တော်တော်နဲ့ခဲ့လား"
"တောင်ပိုင်းပေါ်ပေါ့ မမသန့်"
"အုန်းသုံးပင်အထိ ရောက်ခဲ့လား"
"ရောက်ခဲ့တာပေါ့၊ အဲဒီထိပ်အထိ တက်ကြည့်ချင်တာနဲ့ သွားတာ"
"တစ်ယောက်တည်းလား"
"သူ… သူငယ်ချင်းတွေနဲ့"
"ပျော်ရဲ့လား"
"ပျော်ပါတယ်၊ ပျော်တာထက် စိတ်ဝင်စားတယ်"
"ဘာကိုလဲ"
"ဝါဆိုပန်းခူး ထွက်ကြတယ် ဆိုတာ ကြားဖူးတယ်၊ ဝတ္ထုတွေထဲ မှာလည်း ဖတ်ဖူးတယ်၊ တစ်ခါမှတော့ ကိုယ်တွေ့ မကြုံဖူးဘူး၊ တောထဲ တောင်ထဲ လူ ဒီလောက် စည်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ဒီမှာကတော့ ထုံးစံလေ၊ မော်လမြိုင်မြို့ပေါ်ကတင်မကဘူး၊ မုဒုံတို့၊ သံဖြူဇရပ်တို့ကပါ လာကြပြီး တောင်ဝိုင်းပေါ် တက်ကြတာပဲ"

"ဒါကြောင့် လူများတာကိုးနော်၊ တောင်အောက်က မော့ကြည့်တော့ တောင်ပေါ်က လမ်းကျဉ်းကျဉ်းလေးတွေပေါ်မှာ လူတွေက ပုရွက်ဆိတ်လေးတွေလိုပဲ၊ ဒါပေမဲ့ ရောင်စုံပုရွက်ဆိတ်တန်း၊ လှတယ်၊ တောင်ထိပ်က ငုံ့ကြည့်တော့လည်း အောက်က တောတွေ ချုံတွေ၊ လမ်းတွေ၊ ချောင်းထဲတွေမှာအဲ... ရောင်စုံပုရွက်ဆိတ်လေးတွေလိုပဲ"

"မင်း ချောင်းထဲလည်း ဆင်းလျှောက်ခဲ့ပြီးပြီပေါ့"

"ဟုတ်ကဲ့... ဒါကြောင့်မို့"

"ပြောလေ၊ ဘာဖြစ်လို့ ရပ်ထားရတာလဲ"

"ဟိုသင်း၊ ဒါကြောင့်မို့ မမသန့်ကို ကျွန်တော်... ကျွန်တော် တွေ့တာ"

"မမျှော်လင့်ဘဲ တွေ့တာ၊ ဟုတ်လား"

မြတ်ထန်က မဖြေ။

"မင်း ဘာလို့ မမသန့်တို့ဆီ လာမလည်သလဲ မြတ်မောင်"

"ဘာမှ မဖြစ်ပါဘူး မမသန့်၊ ဟိုသင်းလေ... လာလည်လို့ ကောင်းပါ့မလား"

"ဘယ်လို"

"မ... မမသန့် ကြိုက်ပါ့မလား"

"ဘာဖြစ်လို့"

"မသိဘူး"

သန့်က တွေတွေလေး စိုက်ကြည့်နေသည်။ ခဏကြာမှ မချိုမချဉ် အပြုံးလေးနှင့် ပြောသည်။

"လမ်း မဟုတ်တဲ့ စမ်းချောင်းထဲကနေ မောင်က လာတယ်၊ မမသန့်က ဟိုတံခါးလေး ဖွင့်ပေးတယ်၊ မမသန့် ကြိုက်ပါ့မလား၊ မင်း ဒီစကား နောက်ထပ် ပြောဦးမလား"

"ဟင့်အင်း... ဟင့်အင်း၊ မပြောတော့ဘူး၊ ဒါပေမဲ့..."

"ဘာဖြစ်သလဲ"

"ဟို ဟို... ဘာ၊ ဘာက ကြိုက်ပါ့မလား"

"မင်းဟာ လူဆိုးသူဆိုးလေး မဟုတ်ဘူး၊ လူစိမ်းသူစိမ်းလေးလည်း မဟုတ်ဘူး၊ ပြီးတော့ မင်း အခုလို ရောက်လာတာကလည်း တမင်ရောက်လာတာ မဟုတ်ဘူး၊ မင်း ပြောသလို မမျှော်လင့်ဘဲ ရောက်လာတာ၊ ဒီတော့ မမသန့်ကလည်း ထုံးတမ်းစဉ်လာ မဟုတ်တဲ့နည်းနဲ့ မင်းကို ကြိုဆိုရသတဲ့၊ ဘယ်သူ ကန့်ကွက်ဦးမှာလဲ"

"ဘ… ဘဘက ကန့်ကွက်ရင်"

"အခု ပြောသလိုပဲ ပြောမှာပဲ၊ ဩော်… စိတ်စနောင့်စနင်းလည်း ဖြစ်မနေပါနဲ့၊ အခု ဖေဖေလည်း အိမ်မှာ မရှိပါဘူး၊ ထားဝယ်ကို သွားနေတယ်"

"ထားဝယ်"

"ထားဝယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မန္တလေး၊ အလုပ်ကိစ္စတွေနဲ့ ဖေဖေက ဒီလိုပဲ သွားနေရတာ၊ သူ့ဇာတိ မြစ်ကြီးနားဘက်လည်း ခဏခဏ ပြန်တတ်တယ်"

ဘာကြောင့် မသိ။ မြတ်ထန်၏ စိတ်မှာ ငြိမ်းသကဲ့သို့ ဖြစ်သွားသည်။ ဟပ်နေသော အရှိန်တစ်ခု ပျောက်သွားသယောင်ယောင်။

မြတ်ထန်က အကျော် တရုတ်စံကားပင်ကြီးကို မော့ကြည့်သည်။

စိမ်းမှောင်လိုက်ပါဘိ အရွက်တွေ။ ဖြူဖြူသန့်လိုက်ပါသည့် အပွင့်တွေ။

ဩော်… ပုန်းညက်ပင်တွေကလည်း လှသည်။ အပင်ရော၊ အရွက်ရော၊ အပွင့်ရော၊ အရောင်ရော လှသည်။

စမ်းချောင်းရေပြင်ကလည်း ကြည်လင်နေသည်။ ရေပြင်မှာလည်း မြရွက်တွေ၊ ပွင့်ဖြူတွေ အရိပ်ထင်နေသည်။

အေးမြပါဘိ၊ သန့်စင်ပါဘိ။

လေကပင် သန့်စင်မွှေးကြိုင်နေသည်။

ကမ္ဘာဦး၊ ကမ္ဘာဦးက တစ်နေရာ။

"ဒီနေရာလေးက သိပ်လှ၊ သိပ်သာယာတယ်နော် မမသန့်"

"အင်း… နတ်သျှင်နောင် ပြောတယ် မဟုတ်လား"

"ခင်ဗျာ"

"*ညှန့်ပမပြန်း၊ တွေတွေစွန်းသား၊ ရေယန်းမြစ်ဆိပ်၊ ပွင့်မျှောရိပ်က…* တဲ့၊ ဒီနေရာလေးက မမသန့်အတွက် ပွင့်မျှောရိပ်လေးပဲ၊ ဟုတ်တယ်၊ လှတယ်၊ ဝိညာဉ်အိပ်ဖို့ ကောင်းတယ်"

''ခင်ဗျာ''

''စိတ်ငြိမ်းတယ်''

''ကျွန်တော်လည်း ကြိုက်တယ်၊ နောက်ကိုလေ ကျွန်တော် လာပါ့မယ်၊ ဒီနေရာလေးကို… ပွင့်မျောရိပ်ကို၊ ဒါပေမဲ့ ခုလို မလာပါဘူးလေ၊ မကောင်းပါဘူး၊ အိမ်ရှေ့ ဝင်းတံခါးကြီးကပဲ လာပါ့မယ်''

သန့်၏ မျက်နှာလေးတွင် ကျေနပ်မှု ရောသော မချိမချဉ် အပြုံးလေး ပေါ်လာ၏။

''ပြောတတ်တယ်၊ ဒါမျိုးလေးတွေ ပြောတတ်တယ်''

''ကျွန်တော် အကောင်းပြောတာပါ''

''ဟုတ်ပါတယ်၊ ဒါကြောင့် ဒီကလည်း သိပ်ကြိုက်ပါတယ်''

မြတ်ထန်၏ မျက်လုံးများက စောစောက သန့် ဖတ်နေသော ယခု ဖျာလေးပေါ်တွင် ချထားသည့် စာအုပ်ထူကြီးဆီ ရောက်သွားသည်။

ရှိတ်စပီးယား(စ်)၏ လက်ရာပေါင်းချုပ် စာအုပ်ကြီး။

''မမသန့်၊ ဘယ်ပြဇာတ် ဖတ်နေတာလဲ''

''တရွိုင်လက်စ်နှင့် ကရီးဆစ်ဒါ (Troilus and Cressida)''

''အာ အာ… ကရီးဆီးအစ်စ် (Chryseis)''

''အလို… မင်းက ကရီးဆစ်ဒါရဲ့ ခေါမနာမည်အမှန်ကို သိတယ်ပေါ့''

''ဖေဖေ ပြောပြတာ၊ အမှန်က မူလ ခေါမဇာတ်လမ်းက တစ်မျိုးတဲ့၊ ကဗျာရဲ့ အထူးလွတ်လပ်ခွင့်ကို ယူပြီး အလယ်ခေတ် စာဆိုတွေနဲ့ နောက် ရှိတ်စပီးယား(စ်)က ပြုပြင်စီရင်ထားတဲ့ ဇာတ်လမ်းတဲ့၊ ဒါပေမဲ့ သိပ်ကောင်းတယ်တဲ့၊ လူ့စရိုက်သဘာဝနဲ့ အချစ်ဆိုတာရဲ့ စရိုက်သဘာဝကို နိုက်နိုက်နဲ့နဲ့ ပြတယ်တဲ့''

''ဖေဖေ ပြောပြတယ် ပြောပြတယ်နဲ့ မင်းက သိပ်သိနေပါကလား မြတ်မောင်၊ အတော်ပဲ၊ မမသန့် ဆွေးနွေးရမယ့် လူတစ်ယောက် ရပြီ''

''ဆွေးနွေးမယ်''

''အင်း''

''ဘာဆွေးနွေးမှာလဲ မမသန့်''

''ကရီးဆစ်ဒါအကြောင်း''

သန့်က တည်တည်လေး ပြောသည်။

ထိုစဉ် အိမ်ဖော်မလေးတစ်ဦးက လင်ပန်းလေးနှင့် လက်ဖက်ရည်နှင့် မုန့်များ ယူလာချပေးသည်။ သော့တွဲ သွားယူရင်း သန့် မှာခဲ့ဟန်တူသည်။

ဪ… သည်လိုဆိုတော့ မိမိက ဂုဏ်သရေရှိ လူကြီးလူကောင်းလေး တစ်ယောက်၊ သန့်နှင့် စာပေတွေ ဘာတွေ ဆွေးနွေးမည့် လူကြီးလူကောင်းလေး တစ်ယောက်။ ဘာကြောင့် အိမ်ရှေ့ ခြံဝင်းတံခါးကြီးမှ မဝင်ခဲ့မိရပါသနည်း။

"တမင် လက်ဖက်ရည်နဲ့ မုန့်တွေ မမသန့် မှာခဲ့တာ၊ တောင်တွေ တောတွေ လှည့်လာတော့ မင်း ဆာမှာပေါ့၊ သောက်… မုန့်လည်းစား"

အမှန်ကလည်း မြတ်ထန် ဗိုက်ထဲ ဆာနေသည်။

သူက ဣန္ဒြေရရ မုန့်စားပြီး လက်ဖက်ရည် သောက်သည်။ အနံ့၊ အရသာအရရော၊ ပန်းကန်လုံးတွင် တွဲလောင်းလေးပါလာသော အိတ်ကလေးကြောင့်ရော အကောင်းစား လက်ပတန်'တီး' ဖြစ်ကြောင်း သိသည်။

"မမသန့်က ကရီးဆစ်ဒါအကြောင်း ဘာဆွေးနွေးမလို့လဲ"

"မင်း ကရီးဆစ်ဒါကို ဘယ်လို မြင်သလဲ"

"သူရောနန္ဒီ"

"ကြိုက်ပြီ မြေပုံလေး၊ ***မိန်းမဆိုတာ ဆောင်းလေပမာညီ… အတွင်းသဘော ဘယ်မတည်… ပြောင်းလဲတတ်သည်…*** ဟုတ်လား"

"ဘာပြောတာလဲ မမသန့်"

"သူရောနန္ဒီ ဆိုလို့ပါ၊ ခင်မောင်ရင် ဆိုသွားတဲ့ သီချင်းကို ဆိုပြတာ၊ ဆောင်းလေပမာညီတဲ့ မိန်းမသားတွေကို သူရောနန္ဒီဒေဝီမိဖုရားလို သူတို့စိတ်က မတည်ကြည်လို့လည်း အဟဲ… ဂုဏ်ပြုသွားတယ်"

မြတ်ထန်က နားမလည်နိုင်ဘဲ ကြည့်နေခိုက် သန့်က စာအုပ်ကြီးကို ယူပြီး စာမျက်နှာ တစ်ရွက်စီ လှန်၍ ဖတ်ပြ၏။

"O Cressid ! O false Cressid !

false, false, false !

Let all untruths stand by thy stained name, တဲ့"

သန့်၏ မျက်နှာလေးက တည်သွားပြီး တည်ကြည်သော အသံဖြင့်ပင် ဘာသာပြန်ပြ၏။

"ဟယ်… ကရီးဆစ်ဒ်၊ ဟယ်… သစ္စာဖျက်မ ကရီးဆစ်ဒ်"

*သစ္စာပျက်… သစ္စာပျက်… သစ္စာပျက်၊ ဟောဒီ လောကက မုသာဝါဒ အမွှေမှုန်သမျှ စွန်းထင်းညစ်ညမ်းတဲ့ မင်းနာမည်ကို ထာဝရဝန်းရံ စောင့်ရှောက်ပါစေသော…* တဲ့၊ တရွိုင်းလက်ဇ် ဆိုတဲ့ ချစ်သူကြီးရဲ့ ကျိန်စာလေ၊ ခင်မောင်ရင်ထက် သာတယ် ထင်တယ်"

မြတ်ထန်က အံ့ဩစိတ်ကို နှိမ်ပြီး အညင်သာဆုံး လေသံနှင့် မေး၏။

"မမသန့်က ဘာလို့ အဲဒါတွေ ကျွန်တော့်ကို ပြောပြနေတာလဲ"

"တို့ ဆွေးနွေးကြတာလေ"

"အာ အာ…"

"သစ္စာမဲ့တဲ့ မိန်းမအကြောင်း ပြောရင် တို့ဆီမှာ သူရောနန္ဒီ၊ သူတို့ဆီမှာ ကရီးဆစ်ဒါ၊ ဟုတ်ပြီလား"

မြတ်ထန်က ခေါင်းညိတ်ပြ၏။

"ဩော… ခေါမ နာမည်သိတဲ့ မြတ်မောင်ကို မေးရဦးမယ်၊ ကရီးဆစ်ဒါ၊ သို့မဟုတ် မင်း ပြောတဲ့ ကရီးဆီးအစ်(စ်)၊ အမိပ္ပာယ်က ဘယ်လိုလဲ"

"ရွှေရောင် ရွှေအဆင်း၊ ဟိုသင်း… ဝဏ္ဏပဘာပေါ့"

သန့်က ပြုံး၍ သူ့ကို ကြည့်ပြန်သည်။

"မမသန့်က ဘာလို့ ပြုံးရတာလဲ"

"ပြောပြီးပြီ၊ မင်း ဖြေပုံလေးတွေကို ကြိုက်လို့"

ဘာပြန်ပြောရမှန်း မသိသော မြတ်ထန်က ငြိမ်လျက်နေသည်။

"ဝဏ္ဏပဘာ ဆိုတော့ လှတာပေါ့နော် မြတ်မောင်"

"ဟုတ်ကဲ့… လှမယ်"

"သိပ်လှတဲ့ မိန်းမသားတွေဟာ တစ်ခါတစ်ရံ ဒီလောကမှာ သိပ်ကံဆိုးတတ်တယ်"

"အို… ဘာပြုလို့"

"ကရီးဆစ်ဒါကို ကြည့်လေ၊ သိပ်လှတယ်၊ ဒါပေမဲ့ သူက သာမန်ပြည်သူထဲက သာမန် မိန်းမသား၊ တရွိုင်းလက်ဇ်က တရွိုင်း၊ သို့မဟုတ် အီလီယင် (Ilium) ပြည့်ရှင်ဘုရင်မင်းမြတ်ရဲ့ သား၊ အချိန်က ခေါမတွေ တရွိုင်းမြို့ကြီးကို တိုက်နေတဲ့ 'ထရိုးဂျင်စစ်ပွဲ'ကြီး (Trojan War) ဖြစ်နေချိန်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"လူချောမင်းသားလေး တရွိုင်းလက်စ်ကို ကရီးဆစ်ဒါက စိတ်တွင်းက ကျိတ်ပြီး ချစ်နေတယ်၊ ဒါပေမဲ့ သူ့အချစ်ကို ဟန်ဆောင် ဖုံးကွယ်ထားတယ်၊ ဟန်မဆောင်နိုင်တော့မှ ချစ်လွန်းလှပါတယ် ဆိုတဲ့ တရွိုင်းလက်စ်ကို ကိုယ် ပုံအပ်ပြီး ချစ်တုံ့ပြန်ခဲ့တယ်၊ မှန်တယ်နော်"

"မှန်ပါတယ်"

"စစ်ပွဲအတွင်းမှာ အီလီယင်ဘုရင်ကြီးရဲ့ သားတစ်ဦး ဖြစ်တဲ့ မင်းသား အင်တီးနာ (Antenor) ကို ခေါမတွေက ဖမ်းမိသွားတယ်၊ သို့ပန်းမင်းသား အင်တီးနာနဲ့ ကရီးဆစ်ဒါကို လဲလှယ်ဖို့ ခေါမတွေက အဆိုပြုတယ်"

"ကရီးဆစ်ဒါရဲ့ အဖေ ကဲလ်ကက်စ် (Calchas) က ခေါမဘက်သား၊ ခေါမတွေဘက်မှာ၊ သူက အကြံပြုတာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကရီးဆစ်ဒါက တရွိုင်းဘက်က၊ တရွိုင်းကို သစ္စာမဖောက်ဘူး၊ တရွိုင်းလက်စ်နဲ့လည်း မခွဲနိုင်ဘူး၊ ဒါပေမဲ့ တရွိုင်းလက်စ် ဘာလုပ်ခဲ့သလဲ"

မြတ်ထန်က မဖြေ။

"ခမည်းတော်နဲ့ နောင်တော်တွေကို သဘောတူပြီး အင်တီးနာနဲ့ ကရီးဆစ်ဒါကို လဲလှယ်ခဲ့တယ်၊ ရင်နာနာနဲ့ပဲ ဆိုပါတော့၊ ခေါမသူရဲကောင်း 'ဒိုင်အာမီးဒီးဒ်' (Diomedes) လက်ထဲ တရွိုင်းလက်စ်ကိုယ်တိုင်ပဲ အပ်ခဲ့တာ၊ ခွဲခါနီးမှာ ချစ်ရသူကြီး တရွိုင်းလက်စ်က ကရီးဆစ်ဒါကို လွမ်းအောင်တော့ မှာလိုက်ပါရဲ့၊ သူ့အပေါ်မှာ သစ္စာစောင့်ပါတဲ့၊ ဟဲ ဟဲ"

မြတ်ထန်က ငြိမ်ရှု်သာနေ၏။

"ကရီးဆစ်ဒါဟာ ခေါမတွေလက်ထဲ ရောက်သွားရတယ်၊ ခေါမသူရဲကောင်း ဆိုတာတွေက သူ့အလှကို ဝိုင်းကိုးကွယ်ကြတယ်၊ ဒိုင်အာမီးဒီးဒ်ကတော့ ကရီးဆစ်ဒါနဲ့ အရင်းနှီးဆုံး၊ အနီးစပ်ဆုံး၊ ကရီးဆစ်ဒါက နောက်ဆုံးမှာ ဒိုင်အာမီးဒီးဒ်နဲ့ ကြိုက်သွားတယ်၊ အဲဒီမှာ တရွိုင်းလက်စ်က ကရီးဆစ်ဒါကို သစ္စာပျက်မကြီးလို့ ခေါ်တော့တာပဲ၊ တရားသလား"

မြတ်ထန် အနည်းငယ် လှုပ်ရှားသွားပြီး မရဲတရဲလေး ပြော၏။

"ကျွန်တော် သိတာကော ပြောရမလား"

"ပြောပါရှင်… ပြောပါ"

"ဖေဖေက ရှင်းပြဖူးတယ်"

"လာပြန်ပြီ ဒီ ဖေဖေ"

"နို့… ဒီလောက် ကြီးကျယ်တာကြီးတွေ ကျွန်တော့်တာသာ ကျွန်တော် ဘယ်လို သိနိုင်မှာလဲ"

"ကဲပါရှင်… ပြောပါ"

"ဖေဖေက ပြောတယ်၊ ရှိတ်စပီးယား(စ်)ဟာ ဂုဏ်မြောက်တဲ့ အချစ်ဖွဲ့ ပြဇာတ်ကြီး သုံးခု ရေးခဲ့တယ်တဲ့၊ တစ်ခုကတော့ ရိုမီယိုနဲ့ ဂျူးလီယက်၊ အဲဒီပြဇာတ်ကိုတော့ လူတော်တော်များများ သိကြပြီး စွဲလည်း စွဲကြသတဲ့၊ နောက် တစ်ခုကတော့ အင်သနီနဲ့ ကလီးယားပါးထရာ (Anthony and Cleopatra)၊ နောက်တစ်ခုကတော့ အခု ကျွန်တော်တို့ ပြောနေကြတဲ့ တရွိုင်းလက်စ်နှင့် ကရီးဆစ်ဒါ"

"အင်း အင်း…"

"အချစ်… အချစ်… ဆိုပေမယ့် အချစ်ချင်း မတူဘူးတဲ့၊ အချစ်ရဲ့ သဘောသဘာဝတွေက ဆန်းကြယ်နက်နဲတယ်တဲ့၊ မြန်မာစာဆိုကြီး ဦးပုညလည်း ဒါကို သိတယ်တဲ့၊ သူ သိမြင်ပုံကို သူ့ပြဇာတ်နှစ်ပုဒ်နဲ့ ဝတ္ထုတစ်ပုဒ်မှာ တွေ့နိုင်တယ်တဲ့၊ ဆဒ္ဒန်ဆင်မင်း ဝတ္ထုက ဆဒ္ဒန်ဆင်မင်းနဲ့ မဟာသုဘဒ္ဒါတို့၊ စူဠသုဘဒ္ဒါတို့ရဲ့ အချစ်က တစ်မျိုး၊ ဝိဇယပြဇာတ်က ဝိဇယမင်းသားနဲ့ မယ်ကုဝဏ်တို့ရဲ့ အချစ်က တစ်မျိုး၊ ရေသည်ပြဇာတ်က ရေသည်နဲ့ ရေသည်မတို့ရဲ့ အချစ်က တစ်မျိုး၊ အားလုံး လောကမှာ ရှိနေကြတဲ့၊ ဖြစ်နိုင်ကြတဲ့ အချစ်မျိုးတွေချည်းပဲတဲ့၊ ဒါပေမဲ့ ဟိုသင်း… အချစ်ချင်းတော့ မတူပါလေပေါ့၊ ပိတောက်ချင်းတော့ မတူပါလေ ဆိုတာမျိုး"

"ပြောပြန်ပြီ"

"ခင်ဗျာ"

"ပြောပါ၊ ဆက်ပြောပါ"

"ဒီလိုပဲ ရှိတ်စပီးယား(စ်)က မတူတဲ့ အချစ်သုံးမျိုးကို ခွဲခြားပြခဲ့သတဲ့၊ ရိုမီယိုနဲ့ ဂျူးလီယက်တို့ရဲ့ အချစ်က ငယ်ရွယ်သူလေးတွေရဲ့ အချစ်မှတစ်ပါး ဘာကိုမှ မမြင်၊ ဘာကိုမှ ထည့်မစဉ်းစားတဲ့ သနားဖွယ် အချစ်မျိုး၊ အင်သနီနဲ့ ကလီးယားပါးထရာတို့ရဲ့ အချစ်က ပက်ရှင် (passion) လို့ ခေါ်တဲ့ ရမ္မက်မီး ညီးညီးလောင်တဲ့ အချစ်မျိုး၊ တရွိုင်းလက်စ်နဲ့ ကရီးဆစ်ဒါတို့ရဲ့ အချစ်က ဘယ်လို ပြောရမလဲ၊ ဘဝလက်တွေ့ကျတဲ့ အချစ်မျိုး"

"ဘယ်လို ဘယ်လို… ဘဝလက်တွေ့ကျတဲ့ အချစ်မျိုး"

"ဘဝကြီးမှာ အချစ်အပြင် တခြား တန်ဖိုးကြီးတာတွေ ရှိသေးတယ်၊ သစ္စာကို ရင်မှာပိုက်ပါလို့ တို့… ကမ္ဘာကုန်ကျယ်သရွေ့ဝယ်တို့ လုပ်မနေနိုင်ဘူး၊ ဘဝပတ်ဝန်းကျင်တွေ၊ ဘဝပေး အခြေအနေတွေ၊ လောကကြီးရဲ့ ဖိအားတွေ အလယ်မှာ ငါမှငါဆို လက်မ မထောင်သာ၊ မထောင်နိုင်တဲ့ အချစ်၊ ဘဝက ပကတိ အစစ်အမှန်တရား (realities) တွေကို ထည့်စဉ်းစား ဦးစားပေးတဲ့ အချစ်၊ ဂျူးလီယက်ရဲ့ အချစ်ဟာ နှလုံးသားချစ် ဆိုရင် ကရီးဆစ်ဒါရဲ့ အချစ်က ဦးနှောက်ချစ်"

"ဦးနှောက်ချစ်"

"ဖေဖေ ပြောပြတာပဲလေ"

အတန်ကြာ ငြိမ်နေပြီးမှ သန့်က ပြုံးလျက် မေးသည်။

"မင်းက ဘယ်အချစ်မျိုးကို သဘောကျလဲ"

"အိုး… ကျွန်တော် ဘယ်သိမလဲ"

"နို့… မင်းပဲ ကရီးဆစ်ဒါကို သူရောနန္ဒီဆို"

"အဲဒါက… အဲဒါက…"

"ပြောကွာ"

"ကရီးဆစ်ဒါကို မုန်းတယ်"

"ဘာပြုလို့"

"မသိဘူး"

မြတ်ထန်ကို တွေတွေလေး စိုက်ကြည့်နေပြီးမှ သန့်က စာအုပ်ကြီးကို ကောက်ကိုင်၍ စာမျက်နှာများ လှန်ရှာနေပြန်၏။

"တွေ့ပြီ ဟောဒီမှာ၊ ကရီးဆစ်ဒါ ပြောတာ…

Troilus, fare well ! one eye looks on thee:

But with my heart the other doth see.

Ah, poor our sex! this fault in us I find,

The error of our eye directs our mind:

What error leads must err; O, then conclude.

Minds sway'd by eyes are full of turpitude."

သန့်က စာအုပ်ကြား ညှပ်ထားသော စက္ကူတစ်ရွက်ကိုလည်း ယူလိုက်၏။

"ဒိုင်အာမီးဒီးဇ်ကို လက်ခံလိုက်အပြီးမှာ ကရီးဆစ်ဒါ ညည်းခဲ့တာလေ၊ ဘာကြောင့်လဲ မသိဘူး၊ ဒီအပိုဒ်ကို ကြိုက်တာမို့ မမသန့် ဘာသာပြန်ထားတယ်၊ မင်း နားထောင်မလား"

"ဖတ်ပြပါ မမသန့်"

*'ဝေးကြစို့ တချိုင်းလက်စ်ရေ…*

*လှမ်းနှုတ်ဆက်လိုက်တယ်ကွယ်၊*

*တစ်ဖက်သော မျက်လုံးက မင့်ဆီ မျှော်ရည်ကြည့်လို့…*

*သတိ ဂရုထားမိဆဲပါ၊*

*ဒါပေမဲ့ ငါ့နှလုံးကို သုံးပြီး*

*အခြားတစ်လုံးကလည်း မြင်နေတယ်၊*

*ကွယ်… တို့ မိန်းမသားတွေရဲ့*

*အားနဲ့ ပျော့ညံ့ချက် အပြစ်ပါကလား၊*

*တို့ အမျှားက ဒီရှိုယွင်းမှု လေ့ကို ငါ သိတွေ့ပါတယ်၊*

*တို့ မျက်စိက အမြင်မှားတာ*

*တို့ စိတ်ထားကို လမ်းညွှန်ကြားတယ်၊*

*အမှားအမြင်နောက်…*

*ကောက်ကောက်လိုက်တဲ့ အရာဟာလည်း*

*ကောင်းသာ မှားလိမ့်မယ်ပေါ့။*

*ဒီတော့ ကောက်ချက်ချတော့နော်…*

*ညော်… မျက်လုံးကြောင့် ညွှတ်တိမ်း ယိမ်းနွဲ့ကြတဲ့ စိတ်မှန်သမျှ နိမ့်ကျတဲ့ အယုတ်တတ်နှင့် ပြည့်သိပ်ကျပ်နေတယ်လို့…"*

မြတ်ထန်က အံ့ဩချီးမွမ်းစိတ်နှင့် လွတ်ခနဲ ဆိုမိ၏။

"သိပ်ကောင်းတာပဲ မမသန့်"

"တကယ်"

"တကယ်ပါ၊ ဒီအပိုဒ်ကို မမသန့် ဘာလို့ ဘာသာပြန်တာလဲ ဟင်"

"နားလည်း ကောင်းကောင်းမလည်လို့၊ ကျေလည်း မကျေနပ်လို့"

"အို…"

"မသိ နားမလည်ရင် သိနားလည်အောင် ဘာသာပြန်ကြည့်တဲ့ စကား ရှိတယ်"

"အား… အား"

"လွတ်ခ်အွန် (look on) ဆိုတဲ့ သတိ ဂရုထားမှုနဲ့ ဆီး (see) မြင်ခြင်းကို ရှိတ်စပီးယား(စ်)က ခွဲခြား သုံးထားတယ်၊ ဘယ်သင်းက အားကြီးမလဲ၊ လက်တွေ့ ဘွားဘွားကြီး မြင်နေမှုက အားကြီးမှာပေါ့၊ ဟုတ်ဘူးလား"

"အင်း… အင်း"

"မြင်ရတာက အနီးသဘော၊ ပကတိ ရုပ်သဘာဝသဘော၊ အားကြီးတယ်၊ ဒီတော့ နှလုံးသားဟာ ဘယ်ဘက် လိုက်မလဲ၊ အားကြီးရာဘက်ပဲ လိုက်လိမ့်မယ်"

မြတ်ထန်က ငြိမ်နေ၏

"တစ္ဆိုင်းလက်စ်က အဝေးကလူ၊ အတိတ်သဘော၊ ပစ္စုပ္ပန်မှာ မရှိတော့တဲ့အရာ၊ သညာဆိုတဲ့ အမှတ်သဘော၊ နာမ်သဘောသက်သက်ရယ်၊ ဒိုင်အာမီးဒီးဇ်က ခုတင်လေးပါးနဲ့ ပစ္စုပ္ပန်မှာ ဘွားဘွားကြီး ပေါ်နေတဲ့လူ၊ တစ်နည်းအားဖြင့် ကရီးဆစ်ဒါရဲ့ ပစ္စုပ္ပန်တစ်ခုလုံးရဲ့ နိမိတ်ပုံ၊ ဘယ့်နှယ်လဲ"

မြတ်ထန်က ငြိမ်မြဲငြိမ်လျက်…

"ကရီးဆစ်ဒါကတော့ နှိမ့်နှိမ့်ချချနဲ့ သူ့ကိုယ်သူ အပြစ်တင်သွားပါရဲ့၊ ဒါပေမဲ့ မမသန့် စဉ်းစားတယ်၊ သူ ရောက်နေတဲ့ဘဝ၊ သူ ရင်ဆိုင်နေရတဲ့ အခြေအနေမှာ သူ တခြား ဘာလုပ်ရမလဲ"

ငြိမ်ရုံမက မြတ်ထန် ငိုင်ကျသွား၏။

"အစကတော့ ဝေဝေဝါးဝါးပါ၊ အခု မင်းက ရှင်းပြမှ မမသန့် သဘောပေါက်သွားတယ်"

"ခင်ဗျာ"

"ကရီးဆစ်ဒါဟာ သူရောနန္ဒီ မဟုတ်ဘူး"

"ဗျာ"

"သူက မျက်လုံးနှစ်လုံး ရှိသူ"

"ခင်ဗျာ"

"မျက်လုံး နှစ်လုံးနဲ့ ကြည့်ရတဲ့ဘဝ ရောက်အောင် ဘယ်သူတွေနဲ့ ဘာတွေက သူ့ကို တွန်းပို့လိုက်သလဲ၊ ရှိတ်စပီးယားစ်ကြီးက အဲဒါကိုတော့ မပြောဘူး၊ သူ့ခေတ်ရဲ့ အမြင်ကြောင့်လား၊ ယောက်ျား စာရေးဆရာကြီးမို့လို့လား မသိဘူး၊ မိန်းမသား သဘာဝလို့တော့ သနားသလိုလို၊ အပြစ်တင်သလိုလို ပြောသွားတယ်၊ ဟဲ ဟဲ…"

မြတ်ထန်မှာ စိတ်ဓာတ်ကျသကဲ့သို့ ခံစားရသည်။

မိမိက ပထမ ကရီးဆစ်ဒါကို သူရောနန္ဒီဟု ပြောလိုက်သည်။ ဤသည်က ရင်တွင်း၌ ခံစားရသည့်အတိုင်းပါ။ ပြီးတော့မှ လူတတ်ကြီးလုပ်ပြီး ဖေဖေ ပြောပြခဲ့သည့် အချစ်၏ သဘောသဘာဝနှင့် အမျိုးအစားတွေကို လျှောက်ပြောပြသည်။ မိမိ စကားတွေက ရှေ့ နောက် ညီပါ၏လော။

"ဟော့… မြတ်မောင်၊ ဘာငိုင်နေတာလဲ"

"အာ… ဟိုသင်း၊ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်လို့"

"ဘာကြောင့်"

"ကျွန်တော်က စိတ်ထဲရှိတာ ပထမ ပြောမိတယ်၊ နောက် မှတ်ထားတာတွေ ပြောမိတယ်"

သန့်က စဉ်းစားသယောင် ပြုနေပြီးမှ မေး၏။

"မင်း မှတ်ထားတာက အဖိုးတန်သားပဲ၊ မမသန့် နားလည်း လည်တယ်၊ အဲ… စိတ်ထဲ ရှိတာ ဆိုတာက ဘာပြောတာလဲ"

"အာ… ဒုက္ခပါပဲ"

သန့်က ရယ်သည်။

"မင်း မပြောချင်ဘူးပေါ့"

"ဘာကိုလဲ"

"သူရောနန္ဒီ"

"ခင်ဗျာ…"

"သူရောနန္ဒီကို မင်း မုန်းတယ်"

မြတ်ထန်က မဖြေ။

"ကရီးဆစ်ဒါကိုလည်း မင်း မုန်းတယ်၊ စုဋသုဘဒ္ဒါကိုလည်း မင်း မုန်းမှာပဲ၊ မင်းက မဟာသုဘဒ္ဒါတို့၊ စန္ဒကိန္နရီတို့၊ မဒ္ဒီဒေဝီတို့ကိုသာ ချစ်မှာ"

"မမသန့် ဘာတွေ ပြောနေတာလဲ"

"သဘာဝကို"

"ခင်ဗျာ"

"ယောက်ျားတို့ သဘာဝကို"

"ဗျာ…"

"မမသန့် ရယ်စရာ ပြောတာပါ၊ မင်းကိုလည်း စတာ၊ ကြည့်… လက်ဖက်ရည်လည်း မကုန်သေးဘူး၊ သောက်ဦး၊ ရော့… မုန့်လည်း စားဦး"

သန့်က ခရင်းမ် ပါသော ချောကလက် ဘီစကွတ်မုန့် တစ်ချပ်ကို ပေးသည်။

နေရောင်မိသွား၍ ထင်သည်။ သန့်၏ လက်လေးတစ်ဖက်ဆီမှ ပြက်ခနဲ လက်သွားသည်။

သန့်၏ လက်ကလေးက ပြာလက် မွတ်စင်သည်။ မွေးညင်းလေး တွေကလည်း စိမ်းစိမ်းညို့ညို့နှင့်။

အဲသည် လက်လေးပေါ်မှ လက်ကောက်လေးက ဆန်းသည်။

တဖျပ်ဖျပ် လက်နေသည်က စိန်ပွင့်လေးများ၊ စိန်ပွင့်လေးတွေ ရံထားသည့် အစိမ်းရောင် ကျောက်တွေက မြ။ သည်လောက်တော့ မြတ်ထန် သိသည်။ သို့ရာတွင် လက်ကောက်သားက ရွှေမဟုတ်။ ရွှေရောင် မဟုတ်။ ငွေရောင်လိုလို၊ ငွေရောင်လည်း မဟုတ်။ ငွေရောင်ထက် လှသည်။

မြတ်ထန်က လက်ကောက်လေးကို စိုက်ကြည့်နေသည်။

"မမသန့်"

"ရှင်..."

"လက်ကောက်ကလေးက လှတယ်၊ ရွှေတော့ မဟုတ်ဘူးနော်"

"အင်း..."

"ဘာလဲ ဟင်"

"ပလက်တီနမ်"

"ပလက်တီနမ် ဒီမှာ ရတယ်"

"အခုတော့ ဒီမှာ မလွယ်ဘူးလေ၊ ဟောင်ကောင်မှာတော့ ရတယ်"

သန့်၏ အသံက တစ်မျိုး ဖြစ်၏။ ပြောပုံက လိုက်လိုက်လှဲလှဲ မရှိလှဟု ထင်သည်။

မိမိ မစပ်စုသင့်သည်ကို စပ်စုမိသွားသလော။

"ဒီနေ့ မင်းနဲ့ ဆွေးနွေးရတာ သိပ်ကောင်းတယ်၊ ဒါထက် မင်းတို့ စာမေးပွဲတွေ နီးပြီနော်"

"ဟုတ်ကဲ့"

"ဟိုတစ်ခါတုန်းက မင်း ပြောတယ်၊ ဒုတိယနှစ် အောင်ရင် ဘယ် ဘက် လိုက်ရမယ်လို့ မင်း မဆုံးဖြတ်ရသေးဘူးတဲ့"

"မသိဘူးလို့ ပြောတာ"

"ကိုယ်တော်... စကားမကာတ်နဲ့လေ၊ အဓိပ္ပာယ် အတူတူပေါ့"

"မကတ်ရပါဘူး မမသန့်ရယ်၊ အခုံးအဖြတ်ပေးမယ့် စာမေးပွဲတောင် မပြီးသေးဘူး၊ စိတ်ကူးယဉ်လို့ ရမလား"

"ဟုတ်ဘူးလေ၊ မျှော်မှန်းထားတာတော့ တစ်ခုခု ရှိနှင့်ထားရမှာပေါ့"

"အများကြီးတော့ ရှိတာပေါ့"

"လာပြန်ပြီ အများကြီး၊ ခုခေတ် ကျောင်းသား၊ ကျောင်းသူ အများစုက ဆရာဝန် ဖြစ်ချင်ကြတယ်၊ မင်းက မဖြစ်ချင်ဘူးလား"

"ဖြစ်တော့ ဖြစ်ချင်တယ်၊ ဒါပေမဲ့ ဆရာဝန်မှ ဆရာဝန်၊ အဲဒီလိုတော့ မဟုတ်ဘူး၊ ကောင်းတာတွေဆို ကျွန်တော် အကုန်ဖြစ်ချင်တယ်၊ ဖြစ်လာရင်လည်း အကောင်းဆုံး ဖြစ်အောင် ကျွန်တော် ကြိုးစားမယ်"

သန့်က ပြုံးကြည့်ရင်းမှ သက်ပြင်းလေး ချပြီး ဆို၏။

"မင့်စိတ်က အံ့စရာပဲ၊ ဒါပေမဲ့ ကောင်းပါတယ်၊ ဒီစိတ်မျိုး ရှိတဲ့ လူဟာ ဘဝမှာ စိတ်ချမ်းသာမယ်"

သန့် ပြောလိုက်ပုံမှာ တစ်မျိုးလေး ဖြစ်၏။ ပြောလိုက်သည်ထက် ညည်းလိုက်ပုံနှင့် တူနေ၏။

နေက အတန်စောင်းသွားပြီ၊ အနောက်တောင်ဆီမှ တိမ်တို့ ညို့တက်လာသည်။ လေကလည်း မသိမသာ တိုက်လာနေ၏။

ပုန်းညက်ပွင့်လေးတွေရော၊ တရုတ်စံကားပွင့်လေးတွေရော အသာအယာ ကြွေကျသည်။ တရုတ်စံကားပွင့်အချို့က စမ်းချောင်းတွင် ကျသည်။

ပွင့်မျောရိပ်။

ဤစကားလေးက မြတ်ထန်၏ စိတ်တွင် ပြန်ပေါ်လာသည်။

စမ်းချောင်းရေပြင်တွင် တရုတ်စံကားပွင့်လေးတွေအပြင် လေနှင့် လွင့်နေခဲ့ဟန်တူသော ပုန်းညက်ပွင့်လွှာလေးတွေ မျောနေသည်။

ဩော်… တရုတ်စံကားပင် တစ်ပင်မှာတော့ ဆိုင်းဘုတ်လေးတစ်ခုက တာဝန်ကျေစွာ ရှိနေသား။

'ပန်းမခူးရ'

ကြည်လင်နေသော မြတ်ထန်၏ စိတ်မှာ တစ်ချက် ညို့ခနဲ ဖြစ်သွားသည်။

လှပသော ပွင့်မျောရိပ်က မျက်လုံးများ၏ အကြည်လွှာပေါ်တွင် ပျောက်မသွားပါ။ သို့ရာတွင် မျက်လုံး မဟုတ်သော မျက်လုံးတစ်ခု၏အတွင်း အကြည်လွှာတစ်မျိုးပေါ်၌လည်း အရိပ်တွေ ထင်လာသည်။

'ပန်းမခူးရ'

အလို… ပတ်ဝန်းကျင် တစ်ခုပါကလား။ ပြီးတော့ နာမည်တစ်ခု။

သန့် မဟုတ်။

မဠူ။ မော်လမြိုင်၏ ရိုမီယိုနှင့် ဂျူးလီယက် ဇာတ်လမ်းမှ မဠူ။

စိတ်ပုံရိပ်တွေကို စိတ်နှင့်ပင် ဖယ်ပြီး မြတ်ထန်က ပြော၏။

"မမသန့်ကလေ ကဗျာနဲ့ နေနေတယ်လို့ ကျွန်တော့်ကို ပြောခဲ့တယ်၊ မမသန့် အခု ဆွေးနွေးတာကိုကြားရတာတော့ ဒီစကားကို ကျွန်တော် ပိုနားလည်လာတယ်၊ မမသန့် မဟာဝိဇ္ဇာတန်း ဆက်တက်ဖို့ ကောင်းတယ်"

"မမသန့်လည်း ဆက်တက်ချင်တာပေါ့"

မြတ်ထန်က ဘာမျှ မမေးဘဲ သန့်ကို စိုက်ကြည့်သည်။

သူ့ကို ပြန်စိုက်ကြည့်နေပြီးမှ သန့်က ရယ်ချလိုက်၏။

"မင်းက သိပ်စကားပြောတတ်တယ်"

"ခင်ဗျာ"

"မမသန့် ဘာလို့ မဟာဝိဇ္ဇာတန်း ဆက်မတက်သလဲ၊ မင်း ဒါကို သိချင်နေတယ် မဟုတ်လား"

မြတ်ထန်က စကားလှည့်ဦးမည် ကြံသေး၏။ သို့ရာတွင် သန့်က မိမိစိတ်ကို သိနေပြီးပြီ။

သူက ရိုးသားစွာ ခေါင်းညိတ်ပြ၏။

"မင်းကို မမသန့် ပြောပြပြီးပြီပဲ"

မြတ်ထန်က ငြိမ်သာနေ၏။

"မင်း မကျေနပ်ဘူး မဟုတ်လား"

မြတ်ထန်က တောင်းပန်သော အပြုံးလေးကို ပြုံးပြ၏။

"ကျန်းမာရေးကြောင့်လို့ မမသန့် ပြောခဲ့တယ်၊ မြတ်မောင် မမသန့်ကို ကြည့်စမ်း၊ သေသေချာချာ ကြည့်စမ်း"

သန့်က ကြည့်နိုင်းတော့ ကြည့်ရသည်။ သန့်တစ်ကိုယ်လုံးကို ကြည့်ရသည်။

"ဘာတွေ့လဲ"

"အား…"

"ပြောလေ"

"ဖြူပြာသွယ်ညို"

"ဘာ"

"အရှင်မဟာရဋ္ဌသာရ ပြောသလို ပြောကြည့်တာပါ၊ သူကတော့ ဖြူပြာသွယ်ညိုလို့ ပြောတယ်၊ ဖေဖေက ဥဗ္ဗလကြာလို ဖြူဖြူပြာပြာ နုနုသွယ်သွယ် လှတာတဲ့"

"မင်း ဘာတွေ ပြောနေတာလဲ"

"ကျွန်တော်က ပြောတာ မဟုတ်ဘူး၊ မမသန့်က မေးတာ၊ ပြီးတော့ ဒါ ကဗျာစကား၊ ဆွေးနွေးလို့ ရတယ်၊ ကရီးဆစ်ဒါတို့၊ သူရောနန္ဒီတို့ကိုမှ ဆွေးနွေးလို့ရတာ မဟုတ်ဘူး"

သန့်က သူ့ကို မျက်စောင်းလှလှလေး ထိုး၏။

"ထားပါ၊ မမသန့် လှတယ်ပေါ့"

"အင်း... ဟုတ်ကဲ့"

"အပြင်ပန်းအလှ နော်"

"ခင်ဗျာ"

"အပြင်ပန်းက မမသန့် လှတယ်၊ အတွင်းနှလုံးက ဘာဖြစ်နေလဲ၊ သိလား"

"အတွင်းနှလုံး"

"တင်စားပြောတာ မဟုတ်ဘူး၊ တကယ့် ကောဋ္ဌာသက ဟဒယ ဆိုတဲ့ နှလုံး"

"မမသန့် နှလုံးက ဘာဖြစ်လို့လဲ"

"အားနည်းတယ်တဲ့၊ ပင်ပင်ပန်းပန်း လုပ်လို့ မရဘူး"

"ဩော်..."

"မမသန့် အဖြစ်ချင်ဆုံးက ဆရာဝန်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ မမသန့် ဒီလောက် အပင်ပန်းမခံနိုင်ဘူး၊ ဖေဖေကလည်း ခွင့်မပြုဘူး၊ ဒါနဲ့ မမသန့် ဒုတိယ အနှစ်သက်ဆုံး ဖြစ်တဲ့ စာပေဘာက်ကို လိုက်စားတာ၊ မမသန့် ဒုတိယနှစ်အရောက်မှာ"

သန့်၏ သွင်သွင်စီးမျောနေသော စကားသံလေး ရပ်သွားသည်။ မျက်နှာလေးကလည်း သတိပြုမိရုံ ရိပ်ရိပ်လေး ညှိုးသွား၏။

အဝေးကောင်းကင်ဆီသို့ မျက်လုံးများကို ပို့ပစ်ပြီး သန့်က တိုးတိုး ညင်ညင် ပြော၏။

"မမသန့်တို့ မိသားစုမှာ ကြေကွဲစရာတစ်ခု ဖြစ်ခဲ့တယ်"

မြတ်ထန်ကလည်း သူ့မျက်လုံးများကို မြေကြီးဆီ ပို့ပစ်၏။

"ကွယ်… မင်း သိပြီးပြီ ဖြစ်မှာပါပဲ၊ မမသန့်ရဲ့ အစ်မ မမမဥ္ဇူ ကွယ်လွန်သွားခဲ့တယ်"

သန့်ဆီ မကြည့်ဘဲ မြတ်ထန်က ခေါင်းညိတ်ပြ၏။

"နှလုံးရောဂါပဲ ဆိုကြပါစို့၊ အဲဒီတင် ဖေဖေက မမသန့်ကိုလည်း ကျောင်းထွက်ခိုင်းတယ်၊ သူ့မှာ မမသန့် တစ်ယောက်ပဲ ကျန်တော့တယ် မဟုတ်လား၊ မမသန့် ငိုရယ်ပြီး ဘွဲ့လေးပြီးအောင် သင်ရဖို့ မနည်း တောင်းပန်ရ တယ်၊ မဟာဝိဇ္ဇာတန်းတော့ မတက်ရတော့ဘူး၊ ဖေဖေ့အမြင်အရ မလိုဘူး၊ သူ့မျက်စိအောက်မှာပဲ သက်သက်သာသာ ချမ်းချမ်းသာသာ ထားတယ်၊ သူ့မျက်စိအောက်မှာဆိုရင် မမသန့် စိတ်ချမ်းသာတာလုပ်၊ ခွင့်ပြုတယ်"

"ကဗျာစာပေ ဆက်လိုက်စားတာတော့ ခွင့်ပြုတယ်"

"ဖေဖေနဲ့ မမသန့်ရဲ့ အပြန်အလှန် ကတိလေ၊ ဖေဖေ့ မျက်စိအောက် မှာ မမသန့် နေပါ့မယ်၊ ဒါပေမဲ့ ဝါသနာပါတာလေးတွေတော့ လုပ်ပါရစေပေါ့၊ ပြီးတော့…"

သန့်က တစ်မျိုးသော အပြုံးလေးကို ပြုံး၏။

"ဖေဖေက ကဗျာသမား စာသမားကို စိတ်အား ပျော့ညံ့သူလို့ ယူဆ တယ်၊ မမ မဥ္ဇူက စိတ်ထက်တယ်၊ ဘူမိဗေဒ အဓိက ယူခဲ့တယ်၊ ကဗျာရဲ့ စိတ်ကူးလောကထဲမှာ ပျော့ပျော့အေးအေးလေး နေတဲ့ မမသန့်ကို သူ အဲ… စိတ်ချတယ် ထင်တယ်"

"စိတ်ချတယ်"

"စကားအဓိပ္ပာယ်တွေ သိပ်ထပ်မနိုက်ပါနဲ့တော့ မြတ်မောင်၊ တော်ပြီ"

သန့်က တော်ပြီ ဆိုတော့ သူ တော်လိုက်ရသည်။ ဤမျှ သိရသဖြင့် လည်း အင်း… တော်ပြီ၊ တော်လောက်ပြီ။

တောင်ဆီက မိုးတိမ်တွေ ပိုတက်လာသည်။ လေကလည်း သိသိသာသာ ပြင်းလာသည်။

ပန်းပွင့်တွေကလည်း ပိုကြွေလာကြသည်။

တရုတ်စကားပွင့်တွေက စမ်းချောင်း ရေပြင်ပေါ် တိုက်ရိုက်ခုန်ဆင်း ကြသည်။

ပုန်းညက်ပွင့်လွှာလေးတွေက မြေသို့ ပထမ ကျသည်။ ထို့နောက် လေက တံမြက်စည်းလှည်းတော့ စမ်းချောင်းဆီ လွင့်ပါကြသည်။

ရေပြင်မှာတော့ အတူတကွ။

စိတ်အလိုနှင့် ဆန့်ကျင်ပြီး မြတ်ထန်က ခွင့်တောင်းသည်။

"မမသန်နဲ့ ဒီနေ့ စကားပြောရတာ သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ နေစောင်းသွားပြီ၊ တစ်နေ့လုံး သဘောကောင်းခဲ့တဲ့ မိုးကလည်း ရွာတော့မယ် ထင်တယ်၊ ကျွန်တော် ပြန်ဦးမယ် မမသန့်"

"ဟုတ်ပါရဲ့၊ မင်း လာလမ်းကပဲ ပြန်မလား"

"ကျွန်တော် ခြံရှေ့တံခါးကြီးကပဲ ပြန်ပါ့မယ်"

သန့်က သူ့ကို တိုက်ကြီး၏ ခြံတံခါးဝအထိ လိုက်ပို့၏။

လျှောက်လိုက်ရသည့် ခရီးက တိုသည်။ သို့ရာတွင် ခံစားလိုက်ရမှုက မဆုံး။

မိမိဘေးမှာက သန့်၊ မမသန့်၊ ဥပ္ပလကြာနှယ် ဖြူပြာသွယ်ညို့သည့် မမသန့်။

"မင်း နောက်လည်း လာလည်ပါ့မယ်လို့ ကတိပေးပြီးပြီနော်"

"ဟုတ်ကဲ့"

"ဒီတံခါးကြီးကပဲပေါ့"

"အင်း"

"ပွင့်မျောရိပ်ကိုလည်း မင်း ကြိုက်တယ်ပေါ့"

"ကြိုက်တယ်၊ သိပ်ကြိုက်တယ်"

"ကရီးဆစ်ဒါကိုတော့ မင်း မကြိုက်ဘူး"

"ခင်ဗျာ"

သန့်က ရယ်သည်။

"သူရေအနန္တလို့ မင်း ခေါ်တဲ့ ကရီးဆစ်ဒါအကြောင်း ဆွေးနွေးတာ မင်း သိပ်မကြိုက်ပါဘူး၊ ကောင်းပြီ၊ နောက်တစ်ခါ ဂျူးလိယက်အကြောင်း ဆွေးနွေးမယ်၊ ဘယ့်နှယ်လဲ"

"ဟင့်အင်း... သူ့အကြောင်းလည်း မဆွေးနွေးချင်ဘူး"

"ဘာဖြုလို့"

"မသိဘူး"

ပြုံးချိုချို စိုက်ကြည့်နေရာမှ သန့်က လှိုက်လှိုက်လှဲလှဲလေး ရယ်၏။

"ကောင်းပါပြီတဲ့ရှင်၊ နောက်ကို ပွင့်မျောရိပ်မှာ တို့ ပန်းတွေ၊ တောတောင်ရေမြေတွေ၊ ကြယ်တွေ လတွေ၊ ရှင်ဥတ္တမကျော်တို့၊ နတ်သျှင်နောင်တို့၊ ဝ့ဒ်စ်ဝတ်သ်တို့၊ ရှယ်လီတို့အကြောင်း ဆွေးနွေးမယ်၊ ဟုတ်လား"

သူက ခေါင်းညိတ်ပြပြီး သန့်ကို နှုတ်ဆက်၍ မြေနီလမ်းအတိုင်း လျှောက်ပြန်လာခဲ့သည်။

တောင်ဘက်သို့ မျက်နှာမူလျက် လျှောက်လာသည် ဖြစ်သောကြောင့် ကောင်းကင်မှ ဆင်တက်လာသော တိမ်တို့ကို မြင်သည်။

ဟောသည်လို 'ဘယ်ညာပတ်ချုပ်၊ ရွှာစ,ရုပ်နှင့်၊ မှိုင်းအုပ်လှည့်ကာ' ရှိနေပါသော ကောင်းကင်မှ တိမ်တွေထဲတွင် နတ်သျှင်နောင်က 'မမျှပန်းချင်း၊ မွေးတုကင်းကို' မြင်ခဲ့ရသည် ဆို၏။

အဲသည် မွေးတုကင်းက ဘာလဲဟု နောင်းလူတို့ အငြင်းပွား ဝိဝါဒကွဲကြသည်။

မိမိက လူတတ်ကြီး လုပ်ပြီး ဘာပါပဲဟု မပြောလိုပါ။ မပြောဝံ့ပါ။

အို… ဒါပေမဲ့ ဆင်တက်လာနေသော တိမ်တွေထဲမှာ၊ မိမိကလည်း မိမိ၏ မွေးတုကင်းကို မြင်နေရပါကလား။

သူ လိုက်လာသည်။ သူ ပါလာသည်။

တိမ်ထဲမှာရော၊ မျက်လုံးထဲမှာရော၊ ရင်ထဲမှာရော။

အို… နားထဲမှာပါ။

မြတ်စွာဘုရား… သူမှ သူပါ။

အငြင်းပွားစရာ မရှိပါ။

၉

## အခန်း – ၇

နာဂဝံသချောင်း…

အမှန်ကား မိုးတွေကြီးမှသာ ဒေါသကြီးတတ်သော ချောင်းလေး ဖြစ်သည်။ ယခုလို မိုးတွေ ပြေးပြီး နှင်းနှလေးတွေ စ,ဝေချိန်၌ကား အပြစ်ကင်း ယဉ်ကျေးသည့် စမ်းချောင်းလေး ဖြစ်နေပြီ။

သည်စမ်းချောင်းလေးက ဟိုးတောင်ဝိုင်း တောင်တန်းကြီးမှ ကွေ့ကာ ဝိုက်ကာ စီးဆင်းလာသည်။

ကောလိပ်မြေကို ဖြတ်သောအခါ၌ အနောက်ယွန်းယွန်းလေး စီးဆင်း နေရာမှ ရေတံခွန်လေးတစ်ခု ဖြစ်ပြီးနောက် မြောက်သို့ ယိုင်ယိုင်လေး ဆက်စီး သည်။

စမ်းချောင်းလေးပေါ် စီးမိုးနေသည့် ကုန်းပြေပြေ၏ ထိပ်တစ်လျှောက် ၌ ဖြောင့်ဖြောင့်ညီညီ စိုက်ထားသော ကံ့ကော်ပင်တန်းလေး ရှိသည်။ ကောလိပ် ကျောင်းပိတ်ရက်အတွင်း ဖြစ်ပြီး သင်ချိန် စိပ်စိပ်နှင့် အဆက်မပြတ် အတန်း တက်ရသော စာပေးစာယူ သင်တန်းများသာ ရှိသောကြောင့် ပတ်ဝန်းကျင်မှာ လူသူရှင်း၍ တိတ်ဆိတ်နေသည်။

တိမ်ဖြူဖြူတို့ ကျဲကျဲသာ ရှိတော့သည့် ကောင်းကင်သားကလည်း ပြာပြာလွင်နေ၏။

''စိန်ဗိတာန်ပုံသစ်မတဲ့၊ ရွှေရစ်ဆင်''

ဦးမင်း၏ သည်ကဗျာစာသားလေးက မြတ်ထန်၏ နှုတ်ဖျားတွင် ပေါ်လာသည်။

သီတင်းကျွတ်လဘွဲ့ပါ၊ သို့ရာတွင် တန်ဆောင်မုန်းလမှာ ကောင်းကင်ကြီး စိန်ဗိတာန်ပုံသစ်ရေးကို ကြိုမျှော်သော ဗျာပါရ ရှိသည့်ပမာ နိမိတ်ပုံစကားဆိုခဲ့သည်။

ညက ကြယ်ပွင့်တွေနှင့် စိန်ဗိတာန်ပုံသစ်နေသော နတ်နိုးလ၏ ကောင်းကင်ကို မိမိ မြင်ခဲ့ရသည်။

ဩော်… ဘဝအတွက်လည်း အကူးအပြောင်း၊ အကောင်းအတွက် အကူးအပြောင်း၊ ဗိတာန်သစ် ဆင်ရတော့မည့်အချိန်။

ဘယ်ဗိတာန်မျိုးကိုသာ ဆင်ရပါ့…

အို… မိမိသည် စိတ်မရှုပ်သင့်သည်ကို စိတ်ရှုပ်နေပါသလော။

ပျော်ရမည့် အချိန်မှာ ဘာကြောင့် စိတ်လွတ်လက်လွတ် မပျော်နိုင်ရသနည်း။

မြတ်ထန်ရေ၊ မင်း မာနနှင့် ပြောပြောနေသည့် ပြတ်သားခြင်း ဆိုတာက ဘယ်မှာပါလဲ။

Suspended in the mid-air...

ဖေဖေ့ထံမှပင် သိခဲ့ရသော စကားအသုံးတစ်ခု။

တိုက်ရိုက် ဘာသာပြန်လျှင်တော့ 'လေထဲတွင် အထက် မတက်၊ အောက်မကျ တွဲလဲ တန်းလန်း'။ ဆိုလိုသည့် အဓိပ္ပာယ်က မတင်မကျ၊ ချီတုံချတုံ၊ ဘာမှ မဆုံးဖြတ် မလုပ်ကိုင်သည့် အဖြစ်။

မြတ်ထန်က ပြာပြာလွင်သော ကောင်းကင်ကို ကြည့်သည်။

မြင်ရသည်။ ဟိုး မိုးတစ်ညနေ တိမ်ညိုတိုက်တွေတွင်းမှာ မြင်ရသကဲ့သို့ပင် မြင်ရသည်။

ညက စိန်ဗိတာန်တွင်းမှာလည်း မြင်ရသည်။

ဩော်… မွေးတုကင်း၊ မိမိ၏ မွေးတုကင်း။

မြတ်စွာဘုရား… သည်လောက်ပင် ဖြစ်နေရသည်လော။

သည်လောက်ပင် ဖြစ်နေလေသည်ကော။

ကျောက်စရစ်ခဲ ဖြူဖြူလေးတစ်လုံးက မိမိ၏ ရှေ့နားတွင် ကျလာသည်။ အမှတ်မဲ့ လန့်လျက် မြတ်ထန်က လှည့်ကြည့်သည်။

"ဟင်… မမသန့်"

သန့်က ပြုံးပြုံးရွှင်ရွှင်နှင့် မိမိ ထိုင်နေရာ ကုံကော်ပင်ရိပ်သို့ လျှောက်လာသည်။

မိမိဘေးတွင် ယှဉ်ထိုင်ပြီး တစ်စုံတစ်ရာ ကျေနပ်မှုနှင့် ပြုံးနေသော သန့်ကို မေးရ၏။

"မမသန့်… ဘယ်လို ရောက်လာသလဲ"

"ဆန်းသလား"

"ခင်ဗျာ…"

"ဆန်းလို့လား"

တစ်နည်းတော့လည်း မဆန်းပါ။ သုံးလဟူသော အချိန်က မိမိနှင့် သန့်အတွက် သုံးနှစ်မျှပမာ။ 'ဟင့်အင်း… မိမိအတွက်တော့ သုံးဘဝပမာ'။ အို… ဟိုး သုံးဘဝကတည်းက ရင်းခဲ့၊ ကျွမ်းခဲ့၊ တွယ်တာခဲ့ရသည့်… ဘယ်လို ဆိုရပါ့၊ အဖော်၊ အင်း… အဖော်။ သုံးဘဝက အဖော်။ အကြောင်းမဲ့သော အကျိုးအဖြစ်နှင့်သာ လူလူချင်း တွေ့ဆုံခင်မင်ပါသလား။ မထင်ပါ။

ပထမတော့ ပွင့်မျောရိပ်မှာပါ။ နောက်တော့ တစ်ခါတစ်ရံ ဟောသည် ကုံကော်ရိပ်မှာပါ။

ကဗျာလေးတွေ အကြောင်း၊ ကဗျာဆရာတွေ အကြောင်း၊ ပန်းတွေ၊ ကြယ်တွေ၊ လရောင်တွေ၊ တောတောင် ရေမြေတွေ၊ မေတ္တာတွေ၊ သစ္စာတွေ၊ ကရုဏာတွေ။ အဲဒါတွေအကြောင်း ပြောကြသည်။ ဆွေးနွေးကြသည်။

သန့်က ကဗျာနှင့် နေနေသည်ဟု ဆိုသည်။ သည်တော့ သန့်၏ လောကမှာ မိမိ လိုက်နေသည်။ သြော်… သန့်ကလည်း မိမိလောက၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

"မြတ်မောင်… ဘာတွေ တွေးနေတာလဲ"

"မဆန်းဘူး၊ ဒါပေမဲ့ ခုက ညနေခင်း မဟုတ်သေးဘူး၊ မမသန့် ပေါ်လာတာက စောတယ်"

"ဒါကတော့ တမင်လာတာကိုး ရှင်ရယ်"

"တမင်လာတယ်"

"အိမ်မှာ ဒေါ်ဒေါ်နွယ်နဲ့ တွေ့တယ်၊ မင်း မရှိဘူးဆိုတော့ မင်း ဘယ်မှာ ဘာလာတွေးနေမယ် ဆိုတာ မမသန့် သိတယ်"

"ဘာလာတွေးနေမယ် ဆိုတာ"

"ဟုတ်ကဲ့ရှင့်"

"အဲဒါ ဘာပြောတာလဲ"

"အောင်စာရင်းတွေ ထွက်ပြီ၊ ဟိုနေ့က မင့်သူငယ်ချင်း မြင့်အောင် အမေနဲ့ တွေ့တယ်၊ သူ့သားကတော့ ရမှတ်အရ ဓာတုဗေဒ အဓိကပဲ လျှောက်တော့မတဲ့၊ အဲ… မင်းကတော့ အမှတ်တွေ သိပ်ကောင်းရက်နဲ့ ဘာလျှောက်ရမှန်းမသိ ဖြစ်နေတယ်တဲ့၊ မြင့်အောင်က သူ့ကို ပြောပြတယ်တဲ့၊ ဟုတ်သလား"

မြတ်ထန် ခေါင်းညိတ်ပြ၏။

"ဆရာက ဘာပြောလဲ"

"ဖေဖေက ဘာမှ မပြောဘူး၊ ကိုယ့်ဘဝလမ်း ကိုယ် ရွေးရမယ်တဲ့"

"ဒေါ်ဒေါ်နွယ်ကကော"

"မေမေကတော့ ဆရာဝန်ဘက် လိုက်စေချင်တယ်"

"အဲဒီလိုဆို မမသန့် မဆိုးဘူး"

"ခင်ဗျာ…"

"မမသန့်ကော ပြောခွင့် ရှိမလား"

"အို… ရှိတာပေါ့ မမသန့်ရယ်၊ သိပ်ရှိတာပေါ့"

"ဒါဖြင့် ပြောမယ်နော်"

"ပြောပါ"

"မမသန့် ဆန္ဒက ဒေါ်ဒေါ်နွယ်နဲ့ တူနေတယ်"

"တကယ်…"

"တကယ်ပေါ့၊ နို့… မေးဦးမယ်၊ မင်း စကတည်းက ဘာလို့ သိပ္ပံဘာသာတွဲ ယူခဲ့သလဲ"

"ဒီတုန်းက ငယ်သေးတယ်၊ အများ ယူကြသလိုပဲ ယူတာ"

"ခုတော့ကော…"

"ခုတော့ မမျှော်လင့်တဲ့ အခွင့်အရေးတစ်ခု ပေါ်လာတယ်"

"ဘယ်လို"

"ကျွန်တော့် စုစုပေါင်း ရမှတ်တင် ကောင်းတာ မဟုတ်ဘူး၊ မြန်မာစာနဲ့ အင်္ဂလိပ်စာမှာပါ အမှတ်တွေ သိပ်ကောင်းနေတယ်"

"အဲဒါနဲ့…"

"ဒီနှစ်ကစပြီး အင်္ဂလိပ်စာ အဓိကယူခွင့် ရဖို့ စည်းကမ်း ပြင်လိုက်တာ လမ်းညွှန်စာအုပ်ထဲမှာ ပါတယ်၊ အင်္ဂလိပ်စာမှာ အမှတ်ကောင်းတိုင်း အင်္ဂလိပ်စာ အဓိက မပေးဘူးတဲ့၊ မြန်မာစာမှာလည်း အမှတ်ကောင်းရမယ်တဲ့၊ ဖေဖေက ပြောတယ်၊ သိပ်ကောင်းတဲ့ အစီအစဉ်တဲ့၊ နို့မို့ဖြစ်ရင် အင်္ဂလိုဖီးလ် (Anglophile) တွေချည်း ဖြစ်ကုန်မယ်တဲ့၊ အင်္ဂလိပ်နဲ့ ပတ်သက်တာ မှန်သမျှ မျက်စိပိတ် တစ်ဖက်သတ် အထင်ကြီး၊ အောက်ခြေလွတ်နေသူတွေကို ပြောတာ၊ ဘယ်နိုင်ငံခြား စာပေ ယဉ်ကျေးမှုကို လိုက်လိုက် ကိုယ့်စာပေ ယဉ်ကျေးမှုကို ကျွမ်းကျွမ်းကျင်ကျင် နားလည်ပြီး ရှိသေလေးစားရမယ်တဲ့"

"မင်းက အင်္ဂလိပ်စာ အဓိက ယူချင်တယ်ပေါ့"

မြတ်ထန်က ခေါင်းညိတ်ပြ၏။

"ဆရာဝန်တော့ မဖြစ်ချင်ဘူး"

"အဲဒီလိုလည်း မဟုတ်ဘူး"

"နို့ ဘယ်လိုလဲ"

"ဖြစ်ချင်တာ နှစ်ခု ရင်ထဲမှာ လွန်ဆွဲနေတယ်"

သန့်က တွေတွေကလေး ဖြစ်သွားပြီးမှ ရယ်လျက် ပြောသည်။

"အဲဒီလိုဆို နှစ်ခုလုံး ဖြစ်လိုက်ပေါ့"

"ခင်ဗျာ…"

"ဆရာဝန်၊ စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာရှင်"

"ကျွန်တော် နားမလည်ဘူး"

"ဟိုးမိုးယူနီဗာဆယ်(လ်) (Homo Universal)"

"ကျွန်တော် နားမလည်သေးဘူး"

"အဘက်ဘက်က ပြည့်စုံတဲ့ လူသားအဖြစ်"

"အား… ကိုယ့်ကိုယ်ကိုယ် ဒီလောက် အထင်မကြီးဝံ့ဘူး"

"ဘာဖြစ်လို့"

"မမသန့် ပြောတာ သိပ်ကြီးကျယ်တယ်"

"နို့… မင်းပဲ တစ်ခါ ပြောဖူးတယ်၊ ကောင်းတာတွေ အကုန် ဖြစ်ချင်တယ်ဆို"

"အဲဒါက ဖြစ်ချင်တာ ပြောတာ၊ ဖြစ်ချင်တိုင်း မဖြစ်နိုင်ဘူး"

"မြတ်မောင်… ဖြစ်ချင်တာတွေ အားလုံးတော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကြိုးစားရင် ဖြစ်ချင်တာ တော်တော်များများ ဖြစ်နိုင်တယ်"

ဤစကားကတော့ မှန်သည် ထင်သောကြောင့် မြတ်ထန် စဉ်းစားနေ၏။

ပြုံးပြုံးရယ်ရယ်ဖြင့် ပေါ့ပေါ့ ပြောနေရာမှ သန့်၏ မျက်နှာလေးက တည်သွားသည်။

"ဘာကြောင့် လူဟာ တစ်ဖက် တစ်လမ်းတည်းပဲ ထူးချွန်နိုင်တယ်လို့ ထင်နေကြသလဲ၊ ဝါသနာ ဆိုတာကလည်း တစ်ခုတည်းပဲ ရှိရမလား၊ ပြီးတော့ လူမှာ ဝါသနာ ဆိုတာက ဘွားဘွားကြီး တစ်ခါတည်း ပေါ်နေသလား၊ ငုပ်နေ၊ ကိန်းနေတဲ့ ဝါသနာတွေကော မရှိဘူးလား၊ လသာမှ ပွင့်တဲ့ ကုမုဒြာကြာလို ဝါသနာမျိုးတွေလေ၊ အဲဒါတွေကော မရှိနိုင်ဘူးလား"

"ဘယ်လို မမသန့်၊ လသာမှ ပွင့်တဲ့ ကုမုဒြာကြာလို ဝါသနာမျိုး"

"ဟုတ်တယ်၊ တချို့အလုပ်တွေမှာက ဟောဒါဟာ အခြေခံဝါသနာပဲလို့ လက်ညှိုးထိုးပြစရာ ရှိတယ်၊ တစ်ခါ တချို့ ဝါသနာ ဆိုတာက ထင်ထင်ရှားရှား ပေါ်ဖို့ အခွင့် အလွယ်တကူ ရှိတယ်၊ တချို့ အလုပ်တွေမှာကတော့ ဒါမျိုးတွေ မရှိဘူး၊ လသာမှ ကုမုဒြာကြာပွင့်သလို အကြောင်း အပေါင်းဆုံမှ ဪ… ဒါဟာ ဒါပါလားလို့ သိရတတ်တာ"

"အာ အာ… ကျွန်တော် နားလည်ပြီ၊ ဒါပေမဲ့ ဆက်ပြောပါဦး"

"မင်းက ခု စာပေတွေ၊ ကဗျာတွေ ဆွေးနွေးနိုင်တယ်၊ အဲဒါက ဝါသနာလား၊ ဒါမှမဟုတ် နီးစပ် ကျွမ်းဝင်နေတာမို့ နှစ်သက်နေတာလား၊ အလွယ် အခွင့်ရလို့ ထင်ရှားဖော်ပြနေတာလား၊ မမသန့် တစ်ခု မေးမယ်၊ မင်းဟာ စာရေးဆရာ၊ ကဗျာဆရာကြီး မဖြစ်မနေ ဖြစ်ကို ဖြစ်ရမယ်လို့ ပြင်းပြင်းပြပြ ဆန္ဒရှိနေသလား၊ ဒီဆန္ဒမျိုးကိုတော့ အမိဋ္ဌာန်ပါရမီလို့ ခေါ်တယ်၊ မင်းမှာ အမိဋ္ဌာန်ပါရမီ ရှိနေပြီလား"

"အာ… ဘယ်ရှိမလဲ၊ မရှိလို့ ဖြစ်ချင်တာ နှစ်ခု ရင်ထဲမှာ လွန်ဆွဲနေတယ်လို့ ကျွန်တော် ပြောပြီးပါကောလား"

"စကားအဖြစ် ပြောမယ်နော်၊ ဆရာဝန် ဆိုတာကရော မင်းအတွက် လသာမှ ပွင့်တဲ့ ကုမုဒြာကြာမျိုး မဖြစ်နိုင်ဘူးလား"

မြတ်ထန် ငိုင်သွားသည်။

ကုမုဒြာကြာလား ဘာလားတော့ မသိ။ ရင်တွင်းမှာ တစ်စုံတစ်ရာက ပွင့်ချင်နေသည်။ လရောင်လား ဘာလားတော့ မသိ၊ ရင်တွင်းမှာ တစ်စုံတစ်ရာက မှုန်မှုန်ရီရီ ပြာပြာလဲ့လဲ့လေး လွမ်းဖွယ် ဖွဲ့နေသည်။

သူက သန့်ကို တစ်ချက် ငေးကြည့်ပြီးနောက် ညင်သာစွာ မေးမိ၏။

"မမသန့်က ဘာလို့ ခုလို ပြောပြနေတာလဲ ဟင်"

ဤတစ်ကြိမ်တွင် သန့်လည်း ငိုင်ကျသွားသည်။ ခဏပါ။ နောက် တစ်ခဏ၌မူ သန့်က ရယ်သည်။

"ဘာကြောင့် ဒါတွေ မမသန့် မင်းကို ပြောနေမိသလဲ၊ အမှန်က မမသန့်လည်း အစက ရေရေရာရာ မသိဘူးကွယ်၊ စိတ်ဆိုတာ တယ်ခက်ပါ ကလား"

"ခင်ဗျာ"

"ဒီရက်တွေမှာ မင်း မပေါ်လာဘူး၊ အောင်စာရင်းတွေ ထွက်ပြီ ဆိုတော့လေ မင်း မမသန့်ဆီ ပေါ်လာမှာပဲလို့ မျှော်လင့်နေမိတယ်၊ မင်း ဘာကြောင့် မလာလဲ"

"ကျွန်တော်..."

"ပြောလေ၊ ကျွန်တော် ဘာဖြစ်သလဲ"

"ကျွန်တော် ဟိုသင်း... မမသန့်ကို သတိရနေပါတယ်"

မိမိကို သိမ်သိမ်မွေ့မွေ့ စိုက်ကြည့်နေသော သန့်၏ မျက်လုံးများကို မြတ်ထန် တွေ့ရသည်။ သည်မျက်လုံးများက လှရုံမက နူးညံ့သည်။

"မမသန့်ကို မင်း သတိရနေတယ်၊ ဒါပေမဲ့ မင်း လွတ်လွတ်လပ်လပ် တွေးချင်တယ်ပေါ့၊ ဟုတ်လား"

မြတ်ထန်က ခေါင်းညိတ်ပြ၏။

"တွေးပါ၊ ခု မမသန့်ကလည်း အတူတူ ကူတွေးပေးတာပေါ့၊ နားလည်လား"

မြတ်ထန် ခေါင်းညိတ်ရပြန်၏။

"အတူတူတောင် ကူတွေးပေးသင့်ရဲ့လား၊ မမသန့် စဉ်းစားပါသေး တယ်၊ နောက်တော့ မင်းကို အကောင်းဆုံး ဖြစ်စေချင်တယ်၊ ဒါကြောင့် မမသန့် ထွက်လာခဲ့တာ"

"ကျွန်တော့်ကို အကောင်းဆုံး ဖြစ်စေချင်တယ်"

"အင်း…"

"ပြီးတော့ ဆရာဝန်လည်း ဖြစ်စေချင်တယ်"

"အင်း…"

"ဆရာဝန်ဘဝဟာသာ အကောင်းဆုံး၊ အဲဒီလိုလား မမသန့်"

"ဒီလိုလေ၊ ဆရာဝန်ဘဝဟာလည်း ကောင်းတာပဲ၊ စာရေးဆရာ၊ ကဗျာဆရာ ဘဝဟာလည်း ကောင်းတာပဲ၊ ဒါပေမဲ့ စာရေးဆရာ၊ ကဗျာဆရာက ဆရာဝန် ဖြစ်မသွားနိုင်ဘူး၊ ဆရာဝန်ကတော့ စာရေးဆရာရော ကဗျာဆရာပါ ဖြစ်နိုင်တယ်၊ ဖြစ်နေတဲ့ ဆရာဝန်ကြီးတွေ ကမ္ဘာမှာရော မြန်မာမှာပါ ရှိတယ်"

"အင်း… အင်း.. ဟုတ်တယ်"

"တစ်နည်း စဉ်းစားကြည့်တော့လည်း ဆရာဝန်ကြီးတွေဟာ ကဗျာဆရာ တစ်မျိုးလို့ မမသန့် ထင်တယ်"

"ဘယ်လို မမသန့်"

"ကဗျာဆရာဟာ အလှ ဖန်ဆင်းတယ်၊ အသက်ရှင်သန်ခြင်းထက် လှတာ လောကမှာ ဘာရှိသလဲ၊ အသက်ရှင်သန်ခြင်းရဲ့ စည်း၊ နရီတွေ ပျက်တာကို ဆရာဝန်က ပြုပြင်ပေးတယ်၊ သူ ပြုပြင်ပေးလိုက်လို့ စည်း၊ နရီ မှန်မှန်နဲ့ လှသွားတဲ့ အသက်ရှင်သန်ခြင်းကို မြင်ရတဲ့ ဆရာဝန်တစ်ဦးရဲ့ ပီတိဟာ ဘယ်လို နေမလဲ၊ ကဗျာဆရာရဲ့ ပီတိမျိုးပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ မမသန့် စိတ်ကူးယဉ်မိတာလား၊ စိတ္တဇ ဖန်တီးလုပ်ကြံမှု ပရိုဂျက်ရှင် (Projection) လားတော့ မမသန့် မသိဘူး"

သန့်၏ နောက်ဆုံးစကားကို ပြည့်ပြည့်ဝဝ သူ နားမလည်ပါ။ ရင်မှာ တစ်စုံတစ်ရာတော့ နင့်ခနဲ ဖြစ်သွားမိသည်။

"ပြောပါ မမသန့်၊ ဆက်ပြောပါ၊ ကျွန်တော် စိတ်ဝင်စားတယ်"

"ဘာဆက်ပြောရမလဲ၊ စိတ်ကူးယဉ်တာပဲ ကျန်တော့တယ်"

"နားထောင်မှာပဲ"

"မင်းရဲ့ ဥပမိရုပ်က သိပ်ကောင်းတယ်၊ ချောတာ တစ်ခုတည်းကို ပြောတာ မဟုတ်ဘူး ကိုယ်တော်ရဲ့၊ ပြည့်စုံတင့်တယ်သော ရုပ်သဏ္ဍာန်လို့ အဘိဓာန်က အနက်ဖွင့်ဆိုတယ်၊ နားလည်ရဲ့လား"

"ကျွန်တော် နားထောင်နေတယ်"

"လူနာတစ်ယောက်ဟာ မော့ကြည့်လိုက်လို့ ကျိုင်းကျိုင်းမြမြ၊ ဖြူဖြူ စင်စင် တည်တည်ငြိမ်ငြိမ်နဲ့ ပြည့်စုံတင့်တယ်တဲ့ မင်းရဲ့ ဥပမိရုပ်ကို မြင်ရရင် သူ ဘယ်လောက် အားတက်သွားမလဲ၊ မြတ်မောင်… လူတိုင်းဟာ ဥပမိသမ္ပတ္တိနဲ့ မပြည့်စုံဘူး၊ မင်းရဲ့ ဥပမိသမ္ပတ္တိကို လူသား ကောင်းကျိုးအတွက် သုံးစေချင်တယ်၊ မမသန့်ရဲ့ စိတ်ကူးယဉ်မှုလို့ပဲ ခေါ်ခေါ်၊ စေတနာလို့ပဲ ခေါ်ခေါ်၊ ကြိုက်သလို ခေါ်၊ ရတယ်"

မြတ်ထန်က ခေါင်းငုံ့ပြီး မြေသို့ တစ်ချက် စိုက်ကြည့်သည်။ ထို့နောက် ကောင်းကင်မှ တိမ်ဖြူဖြူတို့ကို လှမ်းကြည့်သည်။

ကောင်းကင်ကြီး တစ်ခုလုံးက ပြာလဲ့လဲ့ လင်းနေသည်။ နှလုံးသား တစ်ခုလုံးကလည်း လင်းသွားသလိုပါတကား။

သူက ကြည်လင်စွာ ပြုံးလိုက်ပြီး သန့်ကို ကြည့်သည်။

ဥပ္ပလကြာ၊ မြတ်နိုးချစ်ခင်ရပါသော ဥပ္ပလကြာ။ အို… ခု ခဏမှာတော့ ကုမုဒြာကြာဖြူလည်း ဟုတ်သည်။

"မင်း ဘာလို့ ပြုံးပြီး မမသန့်ကို ကြည့်ရတာလည်း မြတ်မောင်"

"ကျွန်တော့်ရင်ထဲမှာ လင်းသွားပြီ"

"ဘယ်လို"

"ကျွန်တော် ဆုံးဖြတ်လိုက်ပြီ"

"ဆုံးဖြတ်လိုက်ပြီ"

"ဟုတ်တယ်၊ မမသန့် စေတနာကို ကျွန်တော် နားလည်တယ်၊ ကျွန်တော့်ကိုယ်ကိုယ်လည်း ကျွန်တော် နားလည်သွားပြီ"

သန့်က မျက်လုံးပြာပြာ ဝန်းဝန်းများနှင့် သူ့ကို ကြည့်နေသည်။

"မမသန့် ဖြစ်စေချင်တာ ဖြစ်ရမယ်"

"မမသန့် ဖြစ်စေချင်တာ… မင်း ဖြစ်ချင်တာတော့ မဟုတ်ဘူးပေါ့"

"မမသန့် ဖြစ်စေချင်တာဟာ ကျွန်တော် ဖြစ်ချင်တာပေါ့"

"ဘာဖြစ်လို့"

"အို… မသိဘူး၊ ဘာလို့ မေးရတာလဲ၊ မမသန့် ဖြစ်စေချင်တာ ဖြစ်ရမယ်ဆို တော်ရောပေါ့၊ မကျေနပ်သေးဘူးလား"

မျက်တောင်ကော့ကြီးများကို စင်းမေးပြီး သန့်က သူ့ကို အတန်ကြာ စိုက်ကြည့်နေသည်။ ပြီးမှ သာယာစွာ ရယ်သည်။

"မြတ်မောင်ကနေ မြတ်ထန် မလုပ်လိုက်ပါနဲ့၊ မမေးစေချင် မမေးပါဘူး၊ ပြီးတော့ ကျေနပ်ပါသတဲ့ရှင်"

"ဒါဖြင့် ပြန်ကြမယ် မမသန့်"

"ပြန်ကြမယ်"

"ဟောဒီ စမ်းချောင်းလေးဟာ ကွေ့ကောက်စီးပြီး မမသန့်တို့ ခြံထဲအထိ ရောက်တယ်၊ အဲဒီထဲက ဆင်းလျှောက်ပြန်ကြမယ်"

"အို… ဘာပြုလို့"

"ပရိမက်တစ်ဓိအားဂျ်"

"ဘာရယ်"

"ကမ္ဘာဦးမှာ လမ်းလျှောက်သလိုပေါ့၊ ဒါပေမဲ့ မမသန့်တို့ ခြံအထိတော့ မလျှောက်ပါဘူး၊ မကောင်းဘူးလေ၊ ဟောဟို ရက္ခဗေဒ ဥယျာဉ်ထဲအထိ လျှောက်ကြမယ်၊ ပြီးတော့ လမ်းမကြီးပေါ် တက်ကြမယ်"

"မင်း တော်တော်စိတ်ကူးယဉ်တယ်"

"စိတ်ကူးယဉ်တာ မဟုတ်ဘူး၊ ပရိမက်တစ်ဓိအားဂျ်လို့ ကျွန်တော်ပြောပြီးပြီ"

"မမသန့်မှာကော ပရိမက်တစ်ဓိအားဂျ် ရှိတယ်လို့ မင်းက ထင်လို့လား"

"ကျွန်တော် ဘယ်လိုလုပ် သိမလဲ"

မျက်တောင်ကော့ကြီးများကို မှေး၍ ကြည့်သည်ကို မြတ်ထန် ခံလိုက်ရပြန်၏။

"ကဲ… သဘောတော်အတိုင်း၊ ကိုယ်တော် ရှေ့ကကြွ၊ ကျွန်တော်မနောက်က လိုက်ခဲ့မယ်"

ကုန်းမြေသည် မြောက်ဘက်သို့ နိမ့်လျှောဆင်းသွားရာ စမ်းချောင်းလေးကလည်း မြောက်ဘက်သို့ပင် တသွင်သွင် စီးဆင်းနေ၏။

သို့ရာတွင် ရက္ခဗေဒဥယျာဉ်၏ အလယ် ရောက်သောအခါ မြောက်ဘက်မှ ဆီးခံနေသော ကုန်းကြောတစ်ခုကြောင့် စမ်းချောင်းလေးက ရက္ခဗေဒဥယျာဉ်ကို ခါးလယ်မှ ဖြတ်ပြီး အနောက်ဘက်သို့ ကွေ့စီးဆင်းသည်။

အကွေ့မရောက်ခင်လေးတွင် အရှေ့ဘက် ကုန်းမြင့်မှ ဆင်းလာသော သဘာဝရေစီးမြောင်းလေးက စမ်းချောင်းနှင့် လာပေါင်းသည်။ ယခုအချိန်၌မူ

ထိုရေစီးမြောင်းလေး၌ ရေမရှိ။ မိုးတွင်း ဆိုလျှင်ကား ရေစီးမြောင်းလေးမှ ရေအားက ကောင်းသည်။

စမ်းချောင်းလေးနှင့် ရေစီးမြောင်း ဆုံရာမှာ သဘာဝရေကန်လေးတစ်ခု ဖြစ်နေသည်။ ဤနေရာမှ စပြီး စမ်းချောင်းလေးကလည်း ကျယ်သွားသည်။

စမ်းချောင်း၏ လက်ဝဲဘက် ကုန်းပေါ်မှာက ဝါးရုံပင်များ၊ သက်ရင်းကြီးပင်များ၊ သပြေပင်ပုများ စသည့် သဘာဝပေါက်ပင်များ ထူထူအုပ်အုပ် ရှိနေသည်။

ရက္ခဗေဒဥယျာဉ်တွင်း၌ ဖန်ခါးပင်၊ ရေသဖန်းပင်၊ ခပေါင်းပင် စသော သဘာဝပေါက်ပင်များအပြင် စိုက်ပျိုးထားသော ပိတောက်ပင်၊ ကံ့ကော်ပင်၊ ဝါးနက်ပင်၊ ဆေးဖက်ဝင်အပင်များ ရှိကြသည်။

အဲသည်အပင်များက အပေါ်မှ အုပ်မိုးနေသည်။ စမ်းချောင်းတွင်းနှင့် ကမ်းစပ်တွင်က ကျောက်စရစ်ခဲလေးများနှင့် ဂဝံခဲလေးများ ရှိကြသည်။ အချို့ နေရာတွေမှာက ကျောက်စွန်းကျောက်ဆောင်လေးတွေ ရှိနေသည်။

သန့်က မြတ်ထန်ကို ရေမှသွားဟု ဆိုခဲ့သည်။ တကယ် သွားကြတော့…

သန့်၏ ဖိနပ်ဖြူလေးက ခုံမြင့်သည်။ ကျောက်ခဲထူရာ၊ ကျောက်စွန်းကျောက်ဆောင်လေးများ ရှိရာ နေရာတွေ ရောက်တော့ သန့် မယိုင်မလဲရန် သန့်လက်ကလေးကို ကိုင်ပြီး မြတ်ထန်က တွဲကူခေါ်ရသည်။ ရေကွက် ရေအိုင်လေးတွေ တွေ့တော့ သန့်က မြတ်ထန်၏ လက်မောင်းကို ဆုပ်တွယ်အားပြုပြီး ကျော်ရ လွှားရသည်။

မြတ်ထန်၏ ရင်တွင်း၌ လှပသော စာလေးတစ်ပိုဒ်က ကြည်ကြည်နူးနူး ပေါ်လာသည်။

**'ဆယ်ဆဆင့်နှောင်၊ မယ်နှင့် မောင်တို့၊ တောင်ဟိမဝါ၊ တက်စဉ်ခါလည်း မောင်သာ တစ်ဖက်၊ မယ်တစ်ဖက်နှင့်၊ ရွှေလက်ဆွဲကိုင်၊ ခြကာယိုင်၏၊ မှစ်လိုဏ်ဂူဝ၊ တူရောက်ကြသော်…'**

သြော်… ရောက်ခဲ့ကြသည်၊ မှစ် လိုဏ်ဂူဝတော့ မဟုတ်။ တံတားတစ်ခု၊ ချောင်းကို ကျော်ပြီး အဓိပတိလမ်းကြီး ပြေးသည့် တံတား။

အား… ကမ္ဘာဦး တောတောင်ရေမြေ မဟုတ်ပါလား။ မိမိတို့ကလည်း စန္ဒကိန္နရီနှင့် စန္ဒကိန္နရာ မဟုတ်ကြသေးပါတကား။

ဘာပဲဖြစ်ဖြစ် စိတ်တွင်းမှာကတော့ ကြည်နူးသာယာနေသည်။

မုခ်လိုဏ်ဂူဝနှင့် ဆင်သော တံတားတိုင်ကြီးများအနီး၌ စမ်းချောင်းကို ကျော်ကူးပြီး တစ်ဖက် ကမ်းမြေမြင့်ဆီသို့ နှစ်ယောက် အတူ တက်လိုက်ကြသည်။

ဤနေရာမှ အဓိပတိလမ်းမကြီး၏ ထိပ်ရှိ အဝင်ဂိတ်တံခါးကြီးကို လှမ်းမြင်နိုင်သည်။

သန့်ထံမှ ရုတ်တရက် ထိတ်လန့် မြည်သံလေး ပေါ်လာ၏။

"အို..."

"ဘာလဲ မမသန့်"

"ဖေဖေ"

ဂိတ်ဝမှ ကားအညိုကြီး ဝင်လာနေသည်ကို တွေ့ရ၏။

"မမသန့် ကားနဲ့ လာခဲ့တာ မဟုတ်ဘူးလား"

"ဟင့်အင်း... ဖေဖေ ကားနဲ့ အပြင်သွားတာမို့ ခြေကျင် လျှောက် လာခဲ့တာ"

"ဘာဖြစ်လဲ၊ သွားကြမယ်"

"အို... ဒီထဲက နှစ်ယောက်တည်း ထွက်လာတာ တွေ့ရင် ဘယ်လို ထင်မလဲ"

"ဘာလို့ ဘယ်လို ထင်ရမှာလဲ"

"မြတ်မောင်... မင်း ဖေဖေ အကြောင်း မသိဘူး"

ကားကြီးက မိမိတို့ အိမ်ခြံဝင်းတွင်း ဝင်သွားသည်ကို တွေ့ရ၏။

"ဆရာ အခု ဌာနမှာ ရှိသလား"

"စာပေးစာယူ သင်တန်းတွေ ရှိနေတာပဲ၊ ဖေဖေ ဌာနမှာ ရှိတာပေါ့"

"လာ... ဌာနကို သွားကြမယ်"

"အို... ဘာဖြစ်လို့"

"ရှည်မနေနဲ့ ကိုယ်တော်၊ မမသန့် ပြောသလိုလုပ်"

သန့်၏အသွင်မှာ တုန်လှုပ်မှုနှင့် မျက်နှာလေးမှ စိုးရိမ်ထိတ်လန့်ရိပ် တွေကို တွေ့သောကြောင့် မြတ်ထန်သည် ဘာမျှ ထပ်မပြောတော့ဘဲ ကောလိပ် ပင်မအဆောက်အအုံကြီးဘက်ဆီသို့ သန့်နှင့်အတူ ပြန်လာခဲ့သည်။

ရုက္ခဗေဒဥယျာဉ်ကို လည်းကောင်း၊ ဆက်စပ်နေသော ကုန်းမြေကို လည်းကောင်း သွက်သွက်လေး ဖြတ်ပြီး ကျောင်းကြီးရှေ့လမ်းပေါ် ရောက် လာကြသည်။

ကျောင်းကြီး၏ ရှေ့ဝင်ပေါက်ကြီးမှ မဝင်ကြဘဲ အရှေ့ဘက် ဘေးဝင်ပေါက် အသေးလေးမှ အဆောက်အအုံကြီးအတွင်း ဝင်ကြသည်။ ထိုအရှေ့ဘက် နံရံတွင်းရှိ ဘေးလှေကားမှတစ်ဆင့် ကျောင်းကြီး၏ ပထမထပ်ဆီသို့ တက်ခဲ့ကြသည်။

တောင်ဘက် စကြံအတိုင်း လျှောက်ကြပြီး ဗဟိုလှေကားကြီးဆီ ရောက်ကြမှ သန့်၏ မျက်နှာလေးသည် ပြန်လည် တည်ငြိမ် ကြည်လင်လာ၏။

"မမသန့်တို့ ဒီက ပြန်ဆင်းကြမယ်"

သန့် ဘာရည်ရွယ်သည်ကို သိပြီး ဖြစ်သောကြောင့် မြတ်ထန်က ခေါင်းညိတ်ပြသည်။

"မင်းနဲ့ မမသန့် ဌာနမှာ စကားပြောခဲ့ကြတယ်၊ ခု ပြန်ဖို့ မင်း လိုက်ပို့တယ်၊ နားလည်လား"

"ကောင်းကောင်းနားလည်ပါတယ်"

မြတ်ထန်နှင့် သန့်တို့က ဗဟိုလှေကားကြီးဆီမှ ဣန္ဒြေရရ ဆင်းလာခဲ့ကြသည်။ သူတို့ မြေညီထပ် အရောက်တွင်ပင် ကားညိုကြီးက ဆင်ဝင်အမိုးအောက်၌ ဆိုက်လာရာ ကားကို ဒရိုင်ဘာ မမောင်းဘဲ ဦးတိမ်မင်းကြီးကိုယ်တိုင် မောင်းလာကြောင်း မြတ်ထန် သတိပြုမိ၏။

ကားပေါ်မှ ဆင်းလာသော ဦးတိမ်မင်းကြီး၏ မျက်နှာသည် မှုန်မှုန် အုံ့အုံ့ ဖြစ်လေသည်။

သန့်က ပြုံးပြုံးရွှင်ရွှင်လေးပင် ဆိုသည်။

"ဟင်… ဖေဖေကိုယ်တိုင် လိုက်လာတယ်"

"ဦးဘနှင်းနဲ့ ဒေါ်စောမြခက် မိုးကုတ်က ရောက်နေကြတယ်၊ ဟောင်ကောင်က ခုဏပြန်လာတဲ့ မောင်စိုးအောင်လည်း ပါလာတယ်"

ဦးတိမ်မင်း ဖြေပုံက အတန်မာပြီး အဓိပ္ပာယ်တစ်မျိုးလည်း သယ်ပိုးသည်။

"ဟုတ်လား"

သန့်၏ အသံလေးက ခြောက်ကပ်ပြီး မျက်နှာလေးကလည်း တည်တည် အိုအိုလေး ဖြစ်သွားသည်။

ဦးတိမ်မင်းက မြတ်ထန်ကို စူးစူး တစ်ချက် စိုက်ကြည့်ပြီး မေး၏။

"မင်းကော ဘယ်ဘက်လိုက်မယ် ဆုံးဖြတ်ပြီးပြီလဲ"

မြတ်ထန်၌ သတိဝင်လာသည်။ ဦးတိမ်မင်းက မေမေနှင့် တွေ့ပြီးပြီ။ ရိုးသားသော မေမေက ဘာပြောလိုက်ခဲ့ပြီနည်း။

မြတ်ထန်က ပြုံးရယ်ပြီး ဖြေ၏။

"အမေနဲ့ အစ်မက နိုင်သွားတယ် ဘဘ"

"ဘယ်လို"

"မေမေက ဆရာဝန်ဘက် လိုက်စေချင်တယ်၊ ဟော… အခု မမသန့်ကလည်း ဆရာဝန်ဘက်ပဲ လိုက်ဖို့ အကြံပေးတယ်၊ ဒီတော့ ဆရာဝန်ဘက်ပဲ ကျွန်တော် လိုက်တော့မယ်"

ဦးတိမ်မင်း၏ ကုတ်ထားသော မျက်မှောင် ပြေသွားသည်။ မျက်လုံးလေးများ ဝိုင်းဝိုင်းနှင့် ကြည့်နေသော သန့်၏ မျက်နှာလေးလည်း ပြုံးသွား၏။

"ကဲ… သွားကြမယ်၊ မောင်မြတ်ထန်လည်း လိုက်ခဲ့၊ ခြံဝမှာ ဘဘ ချပေးခဲ့မယ်"

သန့်က ကားနောက်ခန်းတွင် ဝင်ထိုင်သည်။ မြတ်ထန်ကမူ အလိုက်သိစွာဖြင့် ကားရှေ့ခန်း ဦးတိမ်မင်းကြီး၏ ဘေးမှ လိုက်လာခဲ့၏။

မိမိတို့ ခြံဝ ရောက်သောအခါတွင် မြတ်ထန်က ဆင်းကျန်ရစ်သည်။

ကျန်ရစ်သည်။

ဟုတ်သည်။ ကျန်ရစ်သည်။ ငေးကြည့် ကျန်ရစ်သည်။

ဘာကြောင့် မသိ။ သည်ကားကြီး သည်လိုပင် ဟိုတစ်ခါ ထွက်သွားစဉ်က မျက်စိတစ်ဆုံး ငေးကြည့်ကျန်ရစ်သော ဖေဖေ့သဏ္ဌာန်ကိုလည်း ပြန်မြင်ယောင်လာသည်။

နောက်… ဖေဖေ့စကား။

အဲသည်စကားကိုတော့ မြတ်ထန်က သိစိတ်အတွင်း အပြည့်ပေါ်ခွင့်မပြု။

ဆောင်း၏ ကောင်းကင်ပြာမှ တိမ်တိုက်ဖြူဖြူ တစ်ခုဆီသာ အာရုံလွှဲလျက် ရှမိသတည်း။

၉

# အခန်း - ၈

မမသန့်ရေ…

သိပ်ကျေးဇူးတင်တာပဲ၊ ဒီစကားကို မင်း ပြောပြန်ပြီလို့ မမသန့် ဆိုဦးမှာပဲ၊ ဆိုပါ မမသန့်၊ ကျွန်တော်ကတော့ မမသန့်ဆီ စာရေးမယ် ကြံတာနဲ့ ဒီစကားက စိတ်ထဲမှာ ထိပ်ဆုံးက အရင် ပေါ်ပေါ်လာတာပဲ။

ဟိုအရင်က စာတွေမှာ ကျွန်တော် ရေးခဲ့သလိုပဲ ပင်တော့ ပင်ပန်းတယ် မမသန့်၊ စာတွေက များတယ်လေ။

ကျွန်တော်တို့က ရှေးက စနစ်မှာလို ဆေးတက္ကသိုလ်ကို တန်းဝင်တာမှ မဟုတ်ဘဲ၊ ရှေးစနစ်နဲ့ ဝင်သူတွေက ပထမနှစ် အမ်ဘီတန်းမှာ တစ်နှစ်ခွဲနေပြီးမှ ဒုတိယနှစ် အမ်ဘီတန်းကို တက်ရတာ၊ ကျွန်တော်တို့ကတော့ ဒေသကောလိပ်မှာ နှစ်နှစ် နေခဲ့ရတာမို့ ဒုတိယနှစ် အမ်ဘီတန်းဆီ တန်းတက်ရတာလေ၊ အဲဒီ အတန်းမှာလည်း တစ်နှစ်ခွဲပဲ ဆက်သင်ရမယ်။

ခက်ခဲတဲ့ ဇီဝကမ္မဗေဒနဲ့ ခန္ဓာဗေဒတွေနဲ့ တန်းတိုးတာ၊ သင်ပေးသမျှကိုလည်း ကျေနေမှ၊ တစ်ပတ် တစ်ခါ သင်ပေးပြီးသမျှကို ပြန်ပြန်စာစစ်တယ်

လေ၊ ဒီတော့ မပေါ့ရဲဘူး၊ မပျင်းရဲဘူး။ ဆရာ၊ ဆရာမတွေက သင်ကြားရာမှာ စေတနာကြီးကြသမျှ အင်း… စည်းကမ်းလည်း ကြီးကြတယ်။

စာတွေက များပေမယ့် ဒီနေ့အထိတော့ ကျွန်တော်က စာတွေကို နိုင်နေတယ်၊ ဘာပြုလို့လဲ သိလား။

အသက်ရှင်သန်ခြင်း ဆိုတဲ့ ကဗျာရဲ့ အလှကို ကျွန်တော် စတွေ့မိပြီကိုး။

ဇီဝကမ္မဗေဒနဲ့ ခန္ဓာဗေဒကို လေ့လာတိုင်း မမသန့် ပြောခဲ့တာကို သတိရသလို ဖေဖေ ပြောခဲ့တာတွေကိုလည်း သတိရတယ်။

ဖေဖေက ခေါမ ကဗျာသဘောတရား ဆရာကြီးတွေက ကဗျာကို "ပိုးအစ်ဆီး(စ်)" (Poiesis)၊ "ပိုးအင်မာ" (Poiema) နဲ့ "ပိုးအီးတီး(စ်)" (Poietes) ရယ်လို့ သုံးခု သဘောခွဲပြကြတယ်လို့ ပြောပြတယ်။

ပိုးအစ်ဆီး(စ်) ဆိုတာက ကဗျာရဲ့ အနှစ်အသား၊ အလုပ်ကိစ္စ၊ အရည်အသွေးကို ပြောတာ၊ ခုခေတ်စကားနဲ့ ပြောရရင် အကြောင်းအရာပိုင်းပေါ့။ ပိုးအင်မာ ဆိုတာက ကဗျာရဲ့ တည်ဆောက်ထားမှု၊ ဖွဲ့စည်းထားပုံကို ပြောတာ၊ ခုခေတ် စကားနဲ့ ပြောတော့ ပုံသဏ္ဌာန်ပိုင်းပေါ့။ အမှန်က အပြန် အလှန် ကျေးဇူးပြုနေတာမို့ ဉာဏ်နဲ့သာ ခွဲခြားပြောရတယ်၊ သဘော နှစ်ခုက ခွဲခြားမရအောင် ပေါင်းစည်းနေတယ်လို့ ဆိုတယ်။ ပိုးအီးတီး(စ်) ဆိုတာကတော့ ကဗျာဆရာကို ပြောတာ၊ ပိုးအစ်ဆီး(စ်) သဘော၊ ပိုးအင်မာ သဘောတွေကို ကျွမ်းကျင်နိုင်နင်းပြီး ကဗျာဇော စေတနာနဲ့ ကဗျာကို ဖန်ဆင်းလိုက်တဲ့ ဖန်ဆင်းသူပေါ့။

ဇီဝကမ္မဗေဒ ဆိုတာက သက်ရှိသတ္တဝါနဲ့ သက်ရှိအပင်တွေ၊ အဲဒါတွေရဲ့ အင်္ဂါအစိတ်အပိုင်းတွေရဲ့ အသက်ရှင်ရေးအတွက် ဘာကိစ္စ (functions) တွေ လုပ်ကြတယ် ဆိုတာကို လေ့လာတယ်၊ အသက်ရှင်မှုရဲ့ အကြောင်းအရာပိုင်းကို လေ့လာတယ် ဆိုပါစို့။ ခန္ဓာဗေဒကတော့ သက်ရှိတွေကို ဘယ်လို တည်ဆောက်ထားတယ်၊ ဖွဲ့စည်းထားတယ်ဆိုတဲ့ (morphology)၊ သို့မဟုတ် structure ကို လေ့လာတယ်၊ သက်ရှိရဲ့ ပုံသဏ္ဌာန်ပိုင်းကို လေ့လာတယ် ဆိုပါတော့။

ဪ… မမသန့်ရေ… ကဗျာမှာ "ရစ်သင်မ်" (rhythm) ဆိုတာ ရှိသလိုပဲ သက်ရှိတွေမှာလည်း "ဘိုင်အိုရစ်သင်မ်" (bio-rhythm) ဆိုတဲ့

ဓိဝကမ္မ ရစ်သင်မ်တွေ ရှိတယ်၊ ရစ်သင်မ် ဆိုတာက မဖောက်မပြန် မှန်မှန်လေး ပြန်ပြန်ပေါ်ပေါ်လာမှု (regular recurrence) လေ၊ အလွယ်ဆုံးနဲ့ အများ နားလည်နိုင်တဲ့ ဘိုင်အိုရစ်သင်မ်ကတော့ နှလုံးခုန်မှုပေါ့၊ ဒီထက် သိမ်မွေ့နက်နဲ တဲ့ ရစ်သင်မ် အမျိုးမျိုးတွေလည်း သက်ရှိတွေရဲ့ ခန္ဓာမှာ အများကြီး ရှိနေသေး တယ်၊ ရစ်သင်မ်လေးတွေ လှုပနေတဲ့ ကဗျာတစ်ပုဒ်ဟာ ကဗျာကောင်းတစ်ပုဒ် ပေါ့။ ဒီလိုပဲ ဘိုင်အိုရစ်သင်မ်တွေ မဖောက်မပြန် မှန်ကန်နေတဲ့ ခန္ဓာဟာလည်း ကျန်းမာခြင်းနဲ့ ပြည့်စုံတဲ့ ခန္ဓာပေပဲပေါ့။

ဓိဝကမ္မဗေဒကို လေ့လာရတာဟာ ကျွန်တော့်အတွက်တော့ အသက် ရှင်ခြင်း ဆိုတဲ့ ကဗျာရဲ့ ပိုးအစ်ဆီး(စ်)ကို လေ့လာရခြင်းပေါ့။ ခန္ဓာဗေဒကို လေ့လာရတာကတော့ အသက်ကဗျာရဲ့ ပိုးအင်မာကို လေ့လာရခြင်းပဲ။ ဒီပညာ တွေကို ကျွမ်းကျင်နိုင်နင်းသွားတဲ့ တစ်နေ့မှာ ကျွန်တော်လည်း ဆရာဝန် ဆိုတဲ့ အသက်ရှင်သန်မှု အလှကဗျာ ဖန်ဆင်းသူ ဖြစ်လာရမယ်ပေါ့။

ဒီအမြင်တွေကြောင့် ခက်ခဲတဲ့ ဓိဝကမ္မဗေဒတို့၊ ခန္ဓာဗေဒတို့ကို လေ့လာရတာ ခက်ပေမယ့် ကျွန်တော် ပျော်တယ်။

ကျွန်တော့်အတွက် ကဗျာတွေ ဖတ်နေရသလိုပဲကိုး။
ဒီအတွက် မမသန့်ကို ကျေးဇူးတင်တယ်။
... ..... ....

♦

မမသန့်ရေ...

ကျေးဇူးတင်တယ် ဆိုတဲ့ စကားနဲ့ပဲ စရေပြန်ဦးမယ်။

ခေတ်ပြားပေါင်းကြီး ပြန်ဖွင့်တာ မဟုတ်ဘူး၊ ခေတ်ပြားသစ်လို့ ခေါ်နိုင်တယ်၊ ကျွန်တော်ကတော့ 'ကဗျာဓာစေတနာ' ကို တွေ့သိခြင်းလို့ ခေါ်မယ်။ အင်္ဂလိပ်လိုတော့ 'ပိုးအက်တစ် အင်စပိုင်ရေးရှင်း' (poetic inspiration) ပေါ့။

လူ့စိတ် ဆိုတာက သိရခက်တယ်၊ ကဗျာဓာ စေတနာက ပိုသိရ ခက်တာပေါ့။ ဒါကြောင့်လည်း 'ကဗျာသဘောတရား' (poetics) ကျမ်းကြီး ကို ရေးသွားတဲ့ အရစ္စတိုတယ်(လ်)က ပိုးအစ်ဆီး(စ်)နဲ့ ပိုးအင်မာ အကြောင်း

ကိုသာ ဆွေးနွေးသွားပြီး ပိုးအီးတီး(စ်) ဆိုတဲ့ ကဗျာဆရာအကြောင်းနဲ့ ကဗျာဆရာကို ကဗျာဆရာ ဖြစ်စေလိုက်တဲ့ ကဗျာဓာတစေတနာ အကြောင်းကို မဆွေးနွေးဘဲ ချန်ထားခဲ့တယ်လို့ ပေဖေက ပြောပြခဲ့တယ်၊ ဒီအကြောင်းတွေက ကာယကံရှင် ကဗျာဆရာသာ သိနိုင်တဲ့ ပုဂ္ဂလဓိဋ္ဌာန် (subjective) အကြောင်းတွေကိုး။ အရစ္စတိုတယ်(လ်)က ဓမ္မဓိဋ္ဌာန်ကျတာကိုပဲ ဆွေးနွေးလိုသူ။ ပုဂ္ဂလဓိဋ္ဌာန်ကိစ္စတွေကို နောက်ကျမှ မင်းတို့ ကဗျာဆရာတွေ မင်းတို့ဘာသာ ပြောကြလို့ သူ ချန်ထားခဲ့ဟန်တူတယ်။

ကဗျာဓာ စေတနာအကြောင်း၊ အဲဒီလို ပြောရမှာထက် ကဗျာဓာစေတနာရဲ့ လှို့ဝှက်သိမ်မွေ့ ဆန်းကြယ်ပုံ အကြောင်းကို စပြောသွားသူကတော့ ဒန်းတီ (Dante) ပဲပေါ့။

ဒန်းတီရဲ့ ဒဗိုင်းကွမ်မဒီ (The Divine Comedy) ဆိုတဲ့ 'ဘုံခန်းလက်ာကြီး' ကို မဟာကဗျာကြီးလို့ ကမ္ဘာ့စာပေပညာရှင်တွေက ဆိုကြတယ်။ ကြီးကျယ်ခမ်းနား၊ သိမ်မွေ့၊ နက်နဲ၊ လှပ၊ ဆန်းကြယ်ပြီး မြင့်လည်း မြင့်မြတ်လှတာမို့ မဟာကဗျာကြီးလို့ ခေါ်တာဟာ ခေါ်ထိုက်လှပါတယ်။

အဲဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ ကဗျာကြီးကို စပ်မိအောင် လှုံ့ဆော်လိုက်တဲ့ မူလဓာစေတနာကတော့ ဒီလိုက်(တ်)အော့(ဖ်)သဆိုး(လ်) (delight of the soul)၊ မြန်မာလို ချောအောင် လှအောင် ဘာသာပြန်ရရင်တော့ 'ဝိညာဉ်မှာ ဖူးသည့် ကြည်နူးမှု အလှပန်း' ပေါ့။ အဲဒီလို သူ တင်စားခေါ်ခဲ့တဲ့၊ သူ တစ်ဖက်သတ် တိတ်တိတ်လေး နိုးချစ်နေမိခဲ့တဲ့ သူ့ချစ်သူ 'ဘီးယားတရစ်(စ်)' (Beatrice) ပေါ့၊ မမေ့နိုင်တဲ့ သူ့ချစ်သူအကြောင်း သူမတူအောင် တဖွဲ့ဦးမယ်လို့ ရှေ့ပြေးကျမ်း 'လားဗိုက်တာနူးဗာ' (La Vita Nuova) မှာ ဘုရားသခင်ကို တိုင်တည်ပြီး သူ အဓိဋ္ဌာန်ပြုဆိုခဲ့တယ်၊ မမေ့နိုင်တဲ့ ချစ်သူက မိုးမျိုးစေ့ (rain seed) လေးပါ၊ သေးသေးဖွဲ့ဖွဲ့ ပမာဏရယ်ပါ။ မဟာကဗျာကြီးကတော့ 'မိုးလုံးပတ်လည်ရွာ' တဲ့ မဟာမိုးကြီးပါ။

ကဗျာဓာစေတနာနဲ့တကွ ကြီးကျယ်မြင့်မြတ်တဲ့ ဓာ စေတနာတွေမှန်သမျှဟာ ဆန်းကြယ်တယ်နော်၊ နားလည်ဖို့ ခက်လှတယ်နော်။

ဩော်... စိတ် ဆိုတာကို ဆန်းကြယ်တယ်လို့ ပြောမိတာကိုလည်း လိုပါသေးရဲ့လားလို့ တွေးမိတယ်။

နည်းနည်း ကြီးကြီးကျယ်ကျယ်လေး မမသန့်ကို ကျွန်တော် ပြောပြဦးမယ်နော်…

'ပဋ္ဌာန်ပါဠိတော်ဝေဒနိယဒီပနီကျမ်း'မှာ 'သေဂျှတောင်ဆရာတော်' လို့ အများ သိကြတဲ့ 'အရှင်တိလောကမထေရ်'မြတ်က စိတ်ရဲ့ ဆန်းကြယ်ပုံ ရှင်းပြတာ ကျွန်တော် (ဖေဖေ ပြောလို့ပဲ) ဖတ်ဖူးတယ်။

ဆရာတော်ဘုရားက သိခြင်းသဘောကို 'ဝိဇာနနာ'လို့ ခေါ်တဲ့ သိတတ်ခြင်း သဘောကြောင့် 'ဝိညာဏ'လို့ ခေါ်ကြောင်း၊ တစ်ခါ ဒီသဘောလေးကိုပဲ 'မနနံ' သိခြင်းသဘော ဖြစ်လို့ 'မနော'လို့ ခေါ်ကြောင်း ရှင်းပြပြီးမှ အဲဒီသဘောလေးကိုပင် မကြံအပ် မကြံစည်နိုင်ရာ အလွန်တရာ ဆန်းကြယ်သော သဘောလေး ဖြစ်လို့ 'စိတ္တ' (ဝါ) စိတ်လို့ ခေါ်ကြောင်း ဆက်ရှင်းပြတယ်၊ 'ဝိညာဏံ စိတ္တံ စိတ္တံ' တဲ့။

စိတ္တံ၊ အလွန်တရာ ဆန်းကြယ်သည် ဖြစ်၍။ စိတ္တံ၊ စိတ်ဟု ဆိုအပ်သော။ ဝိညာဏံ၊ ဝိညာဏ်ကို လို့ ပြည့်ပြည့်ဝဝ ရှင်းပြထားတော်မူတယ်။

စိတ်သဘော သက်သက်လေးကပင် ဆန်းကြယ်လှပြီ ဖြစ်တော့ ယှဉ်ဖက် စေတသိက်တွေ အများကြီးနဲ့ ဖြစ်ပေါ်တဲ့ ဇော စေတနာတွေဟာ ပိုလို့ပိုလို့ အသိခက်အောင် ဆန်းကြယ်လေတာပေါ့။ 'သွေးငင်ကြမ္မာ ဝါသနာကြောင့်'လို့ အရှင်မဟာရဋ္ဌသာရက စပ်ထားတော့ ဇော စေတနာလို တိုက်တွန်းလှုံ့ဆော် ရှေ့ဆောင်ပြုပြင် စီရင်တတ်တဲ့ ဝါသနာဟာလည်းပဲ ဆန်းကြယ်လေတာပဲပေါ့။ ဆန်းကြယ်လေတော့ ရုတ်တရက် မသိနိုင်၊ နားမလည်နိုင်ဘူး။ ကုမုဒြာကြာလို လသာလို့ ပွင့်လေမှ သြော်… ဒါဟာ ဒါကိုးလို့ သိရတော့တယ်။ ဒီလို ထိုးထွင်းသဘောပေါက်သွားတာကို ဂျာမန် စိတ်ပညာရှင်ကြီးတွေက 'အားဟားအီဖက်တ်' (Aha effect) လို့ ခေါ်ကြောင်း ဖေဖေ ပြောပြဖူးတယ်၊ 'လက်စသတ်တော့ ဒါကိုး'လို့ပဲ အဓိပ္ပာယ်ရတယ်။

ဆေးတက္ကသိုလ် ရောက်စက ကျွန်တော့်စိတ်ထဲမှာ မရှုံ့မရဲပါ။ တချို့ သူငယ်ချင်းတွေက ဘာကြောင့် သူတို့ ဆရာဝန်ဘက် လိုက်တယ်ဆိုတာ ရိုသေလေးစားလောက်တဲ့ စေတနာ၊ ဝါသနာကြီးတွေကို တခမ်းတနား ပြောပြကြတယ်။ ကျွန်တော်ကတော့ မပြောဝံ့ဘူး၊ ကျွန်တော်က မမသန့် တိုက်တွန်းမှသာ စိတ်ဆုံးဖြတ်နိုင်ခဲ့သူ မဟုတ်လား၊ သူတို့က 'အသင်္ခါရိက' လို့ ခေါ်တဲ့ တိုက်တွန်းခြင်း မရှိတဲ့ စိတ်နဲ့ ရွေးချယ်မှု ပြုလာသူတွေ၊ ကျွန်တော်

ကတော့ 'သသင်္ခါရိက' ဆိုတဲ့ တိုက်တွန်းခြင်း ရှိတဲ့ စိတ်ကြောင့်သာ ရွေးချယ်မိသူ။ ဒီတော့ တစ်မျိုးပဲလေ။

ဟိုနေ့က မမသန့်ရဲ့ နောက်ဆုံးစာကို ဖတ်ရတော့…

ဆေးတက္ကသိုလ်မှာ ကျွန်တော် ပျော်တာ၊ လေ့ကျက်ရတဲ့ ဘာသာတွေကို ကျွန်တော် စိတ်ဝင်စားတာတွေနဲ့ ပတ်သက်ပြီး မမသန့်က ဆိုခဲ့တယ်၊ ဘာတဲ့…

'မြတ်မောင်ကို မမသန့် မပြောဘူးလား၊ ငုပ်နေ ကိန်းနေတဲ့ ဝါသနာတွေ ရှိတယ် ဆိုတာလေ၊ မြတ်မောင် မင်း လရောင်အောက် ရောက်တဲ့ ကုမုဒြာ ဖြစ်နေပြီ' တဲ့။

မှန်လိုက်လေ မမသန့်ရေ၊ အခုတော့ လိပ်ပြာသန့်ပြီး ကျွန်တော် ရဲဝံ့သွားပြီ။

အသင်္ခါရိကပဲဖြစ်ဖြစ်၊ သသင်္ခါရိကပဲ ဖြစ်ဖြစ် 'ပုညာဘိသင်္ခါရ' ဆိုတဲ့ မြတ်သော ကုသိုလ်စိတ် ဖြစ်ဖို့သာ အရေးကြီးတယ်၊ အသင်္ခါရိက ဖြစ်တဲ့ ကုသိုလ်စိတ်တွေ ရှိသလို သသင်္ခါရိက ဖြစ်တဲ့ ကုသိုလ်စိတ်တွေ ရှိကြောင်း မြတ်စွာဘုရား ဟောကြားတယ်၊ ကုသိုလ်စိတ် မှန်သမျှ မြတ်တာချည်းပဲပေါ့။

ဒန်းတီရဲ့ ဘဝက သင်ခန်းစာကို ယူပြီး ပြောရရင်…

မိုးမျှော်နေလေးက မည်သို့ ရှိစေ၊ မိုးလုံးပတ်လည် ရွာတဲ့ မိုးကြီးကသာ ပဓာန၊ အဓိက။

မမသန့်ရေ… သာမန် ဝါသနာသာမကဘဲ အစ်ဋ္ဌာန်ပါရမီ ဖြစ်စေရမယ်၊ စိတ်ချ။

… … … …

•

မမသန့်ရေ…

ဒီနေ့ပဲ ဒုတိယနှစ် အမ်ဘီစာမေးပွဲတွေ ပြီးသွားတယ်။ ရေးဖြေစာမေးပွဲကို ကောင်းကောင်းဖြေနိုင်သလို ကျွန်တော်တို့ အလွန်ကြောက်ကြတဲ့ နှုတ်မေး စစ်ဆေးခြင်းကိုလည်း ကျွန်တော် ချောချောမောမော ဖြေနိုင်ခဲ့တယ်။

ဒီစာမေးပွဲက ဆရာဝန် ဖြစ်ဖို့ ကျွန်တော်တို့ ခုန်ကျော်ရတဲ့ ခက်ခဲတဲ့ 'တန်း'တစ်ခုပေါ့၊ နောက်တစ်ချီ ခုန်ကျော်ရဦးမယ့် တန်းတစ်ခုလည်း ကျန်သေးတယ်၊ ဒါပေမဲ့ အခု ခုန်ကျော်ရတဲ့ တန်းက အခက်ခဲဆုံးပဲလို့ ဆိုတယ်။ ဒီတန်းကို ချောချောမောမော လွတ်လွတ်ကျွတ်ကျွတ် ခုန်ကျော်နိုင်သူဟာ ဆရာဝန်ဖြစ်ဖို့ သေချာသလောက်ပဲ၊ ဒီတန်းကို မကျော်နိုင်လို့ နောက်ဆုတ် ပြန်သွားရသူတွေ ရှိတယ်။

'တန်း'ရယ်လို့သာ သုံးရိုးသုံးစဉ် တင်စားပြောရတယ်။ အမှန်သဘော အဓိပ္ပာယ်ကတော့ အဆင့်တစ်ဆင့်ကနေ ပို၍ မြင့်တဲ့အဆင့်ဆီ 'ကူးမြောက်ရခြင်း' ပေါ့။

မမသန့်ဆီက အဓိဋ္ဌာန်ပါရမီ ဆိုတဲ့ စကားကို ကျွန်တော် ကြားဖူးတယ်။ ဒီစကားကို ကြားရတာ အားရှိပြီး နှစ်လည်း နှစ်သက်တာမို့ သုတေသနလေး လုပ်မိတယ်။

ပါဠိလို တိတိကျကျက အဓိဋ္ဌာနပါရမီတဲ့။ မိမိ ရည်မှန်းသော အလုပ်၌ မဖြစ်မနေ စွဲစွဲမြဲမြဲ ဓွဲကောင်းမှုလို့ အဓိပ္ပာယ်ရတယ်။

တစ်ခါ ပါရမီ ဆိုတဲ့ ပါဠိစကားကတော့ ကူးမြောက်ကြောင်း သူမြတ်တို့၏ ဥစ္စာ၊ အထွတ်အမြတ်လို့ မြန်မာလို အဓိပ္ပာယ်တွေ ရှိတယ်၊ အင်္ဂလိပ်လိုတော့ completeness, Perfection, highest state လို့ ဘာသာပြန်ထားတယ်။

ဩော်… လူဆိုတာဟာ တစ်ဆင့်ထက် တစ်ဆင့် မြင့်မြင့်တက်သွားအောင် ကူးမြောက်ကြောင်းကို ရှာရမယ်၊ ပြည့်စုံသထက် ပြည့်စုံအောင်၊ လိုလေသေးမရှိ ကောင်းသထက် ကောင်းအောင် ကြိုးစားရမယ်။ ဒါကြောင့်လည်း ပါရမီဖြည့်တယ် ဆိုတဲ့ စကားက ရှိနေတာကိုး။ ပါရမီ ဆိုတာဟာ အလိုလို ပြည့်လာတာ မဟုတ်ဘူး။ ဖြည့်မှ ပြည့်လာတာ။

မြတ်စွာဘုရား အလောင်းတော်တွေ ဖြည့်ကျင့်ကြတဲ့ 'ပါရမီဆယ်ပါး အပြားသုံးဆယ်' ကို ဖတ်ကြည့်တော့ ကြက်သီးမွေးညင်း ထမိတယ်။ အလိုလေး… တို့ လူသာမန်တွေ လုပ်နိုင်ပါ့မလားလို့ အံ့ဩမိတယ်၊ ကြည်လည်းကြည်ညိုမိတယ်၊ (မပြောကောင်း ပြောကောင်း) အားလည်း အားကျမိတယ်၊ ဘာပဲဖြစ်ဖြစ် မြတ်သော ကောင်းသော ပန်းတိုင်ဆီ ရောက်အောင် ကိုယ်လည်း

ကိုယ့်အတိုင်းအတာ ကိုယ့်အဆင့်နဲ့ ကြိုးစားအပ်တယ်၊ စွဲစွဲမြဲမြဲ စွဲရှိအပ်တယ်လို့ သဘောပေါက်လာတယ်။

ဝမ်းသာနေလို့ မရေးဘဲ မနေနိုင်တာမို့ ဒီစာကို ရေးလိုက်တာ။ အောင်စာရင်း သိပြီး တတိယနှစ် အမ်ဘီတန်း မတက်ခင် အားလပ်ရက်ရတာမို့ ကျွန်တော် မော်လမြိုင် ပြန်လာခဲ့ဦးမယ်။ အဲဒီတော့မှ ပြောပြစရာတွေ အများကြီး ရှိသေးတယ်။

ဪ… ပုန်းညက်တွေ ပွင့်ပြီလား မမသန့်။

ပွင့်မျှော်ရိပ်လေးကို လွမ်းတယ်။

.... .... .... ....

⌛

# အခန်း - ၉

''မြတ်မောင်… မင်း နည်းနည်းပိန်သွားတယ်''

''အအိပ်ပျက် အစားပျက်ကိုး မမသန့်ရယ်''

''ဒီလောက်တောင် ကြိုးစားရတယ်နော်''

''ဒါပေမဲ့ ခု အောင်ပြီ၊ ကျွန်တော် စိတ်ချမ်းသာနေတယ်လေ''

သန့်က ပြုံးပြီး သူ့ကို စိုက်ကြည့်နေသည်။

ပြုံးပုံလေးက တည်ငြိမ်အေးချမ်းပြီး နူးညံ့ သိမ်မွေ့သည်။ ပြာဝန်းသော မျက်လုံးလှလှများဆီ၌ မျက်ရည်တွေ ပြည့်၍ လက်လက်လဲ့နေသည်။

''အို… ဘာပြုလို့ မမသန့် မျက်ရည်ဝဲတာလဲ''

''ပီတိပေါ့ မြတ်မောင်၊ ပီတိပေါ့''

သန့်က ရယ်လိုက်ပြီးနောက် လက်ကိုင်ပဝါဖြူလေးနှင့် မျက်ရည်များကို တို့သုတ်သည်။

မြတ်ထန်၏ ရင်တွင်းမှာလည်း အမည်မဖော်ပြနိုင်သော ခံစားမှုတို့ လျှမ်းပြည့်သွားသည်။

''မမသန့်''

"ရှင်…"

"တကယ်… တကယ် ပီတိဖြစ်တယ်"

"တကယ်ပေါ့ မြတ်မောင်ရယ်၊ ပီတိဖြစ်ရုံမကဘူး၊ ဩော်… ပီတိဆိုတာ ဒါပါလားလို့ ခံစားသိနဲ့ သိသွားတာ"

"ဘာဖြစ်လို့"

"ကြည့်… မင်း အမေးအမြန်းထူပြီ"

"အာ… ဒီလို မေးတာ မကြိုက်ဘူးလား"

ခံနေကျ မျက်စောင်းလှလှထိုးဒဏ်ကို မြတ်ထန် ခံရပြန်သည်။

"ကြိုက်ပါသတဲ့ ကိုယ်တော်၊ ပြီးတော့ ကျွန်တော်မ ဖြေပါ့မယ်"

သန့်၏ မျက်နှာလေးက ပြန်တည်သွားပြီး တည်ငြိမ်သော အသံ၊ တည်ငြိမ်သော အမူအရာလေးနှင့် ပြောပြသည်။

"မင်းက ဆရာဝန်ဘက်ကို မင်းသဘောနဲ့ချည်း မင်း လိုက်တာ မဟုတ်ဘူး၊ မင်း ရေးခဲ့သလိုပဲ သသခါရိကစိတ်နဲ့ လိုက်ခဲ့တာ၊ ဒီစကား မင်း ပြောတာ သိပ်မှန်တယ်၊ မမသန့်ရဲ့ တိုက်တွန်းမှုက ပါနေတယ်၊ အစက တော့ မမသန့် စိုးရိမ်လိုက်တာ၊ ဩော် ဝါသနာမပါဘဲ ငါ တိုက်တွန်းလို့ သူ ဆရာဝန်ဘက် လိုက်ခဲ့တယ်၊ စာတွေကို စိတ်မပါဘဲ စိတ်မဝင်စားလို့ တစ်ခုခုများ ဖြစ်သွားရင် အကျိုးနည်းရချေရဲ့လို့ စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်နေမိ တယ်၊ နောက် မင်းရဲ့ စာတွေကို ဖတ်ရမှ မမသန့် စိတ်ချမ်းသာလာတယ်၊ မင်းက ဆရာဝန် ဖြစ်ရမယ်ဆိုတဲ့ အဓိဋ္ဌာန်အကြောင်းတောင် အလေးအနက် ပြောလာပြီ၊ ခုလည်း ခက်ခဲတဲ့ အဆင့်ကို အောင်လာပြီ၊ မင်း စကားအတိုင်း ပဲ အဆင့်တစ်ဆင့်ကို ကူးမြောက်ခဲ့ပြီ၊ နောက်ထပ် အဆင့်ဆင့် ကူးမြောက် ဖို့လည်း မင်းမှာ အားနဲ့ မာန်နဲ့ ယုံကြည်ချက်နဲ့။ မြတ်မောင်၊ မင်းကိုလည်း မမသန့် ယုံကြည်တယ်၊ မင်း အောင်ကို အောင်မြင်ရမယ်၊ ဒီတော့ မမသန့် ပီတိ ဖြစ်တာပေါ့၊ နားလည်ပြီလား"

"မမသန့်"

"အင်…"

"ကျွန်တော်လည်း ပီတိဖြစ်သွားပြီ၊ ပီတိဆိုတာ ဒါပါလားလို့ ခံစားသိ နဲ့ သိသွားပြီ၊ တကယ်"

ပြုံးစူစူ၊ ချိုလှဲ့လှဲ့နှင့် ချစ်ဖွယ်သော မျက်စောင်းဒဏ်ကို ခံလိုက်ရပြန်၏။

သည်တစ်ခါမှာလည်း ဟိုးတစ်ခါမှာကဲ့သို့ပင် မွှင့်မျောရိပ်မှာပင် ဖြစ်သည်။

ကုန်းစောင်းလေးမှာတော့ မဟုတ်။ အထက်မြေပြန့်ပေါ်မှာ။ ရောင်စုံမြက်ဖျာလေးပေါ်မှာလည်း မဟုတ်။ ရောင်စုံအခင်းနှင့် ငွေရောင် သံမဏိကုလားထိုင်လေးတွေပေါ်မှာ။

ပုန်းညက်တွေရော၊ တရုတ်စံကားဖြူတွေပါ ပွင့်နေကြသည်။ မြေပေါ်မှာလည်း ပွင့်ဖြူတွေ၊ ပွင့်လွှာဖြူကြွေတွေနှင့်။ စမ်းချောင်းရေပြင်မှာလည်း ပွင့်မျောလေးတွေနှင့်။

လေမှာက သင်းရနံ့တွေ ကြိုင်နေသည်။

သန့် လက်တွင်းမှာက ကဗျာစာအုပ် မရှိ။

အို… မလိုပါ။ စာအုပ်နှင့် မဟုတ်သော ကဗျာတွေ ရှိသည်။ စာလုံးနှင့် မဖွဲ့သော ကဗျာတွေလည်း ရှိသည်။

အသံမထွက်။ တိတ်ဆိတ်ငြိမ်သက်လျက်က စကားပြောသော ကဗျာများ။ ငြိမ်နေမိကြရာမှ သန့်က မေးသည်။

"တတိယနှစ် အမ်ဘီတန်းကျရင် မင်းတို့ ဘာတွေ သင်ကြရမလဲ"

"ရောဂါဗေဒ၊ ဆေးဝါးဗေဒနဲ့ အဏုဇီဝဗေဒ၊ ခုတင်ဘေး သင်ကြားမှု အခြေခံလည်း စမယ်"

"အဲဒီပညာတွေကိုကော မင်း ကဗျာပညာအဖြစ်နဲ့ ကြည့်နိုင်ဦးမှာလား"

"အို… ကြည့်ရမှာပေါ့၊ ပိုတောင် ကြည့်ရမှာပေါ့"

"ဘယ်လို"

"ကဗျာပညာမှာက ရသတို့ ဂုဏ်တို့၊ အလင်္ကာတို့ချည်း သိလို့ပြီးတာ မဟုတ်ဘူး၊ ခေါ်သလို့ ခေါ်တဲ့ ကဗျာအလှကို ဖျက်ဆီးတဲ့ အပြစ်တွေ၊ ချို့ယွင်းချက်တွေ၊ သွေဖည် တိမ်းလွဲမှုတွေကိုလည်း သိရတယ်၊ လေ့လာရတယ်"

သန့်က မျက်လုံးလေးပြူး၊ ပါးစပ်လေး ဟပြီး သူ့ကို ကြည့်သည်။

"မမသန့် ဘာလို့ အဲဒီလို ကြည့်ရတာလဲ"

"ပြောပါ၊ ဆက်ပြောပါ"

"အသက်ရှင်သန်မှုဟာ ကဗျာအလှ ဆိုရင် ရောဂါဟာ ကဗျာအလှကို ဖျက်ဆီးတဲ့ ဒေါသပေါ့၊ ဒီဒေါသကိုလည်း ကျွန်တော်တို့ လေ့လာရမယ်၊ ပြင်နိုင် ပယ်နိုင်အောင်ကို အပိုင်လေ့လာရမယ်၊ ဖေဖေ ပြောပြတဲ့ ရောမ ကဗျာသဘောတရား ဆရာကြီး 'ပလိုးတီးနက်စ်' (Plotinus) ရဲ့ ဒဿနကို ကျွန်တော် သိပ်သဘောကျတယ်"

"ပလိုးတီးနက်စ်ရဲ့ ဒဿန"

"ဟုတ်တယ်၊ သူက ပြောတယ်လေ၊ အကျည်းတန် အရုပ်ဆိုးမှု ဆိုတာဟာ သူ့ဘာသာသူ သီးခြားရှိနေတဲ့သဘော မဟုတ်ဘူးတဲ့၊ အလှတရား လိုနေတာ၊ မပြည့်မစုံ ဖြစ်နေတာကို ခေါ်တာတဲ့၊ မူကတိ အမှန်တရား ကောင်းမွန်မှုကြီးကတော့ လိုလေသေး မရှိအောင် လှပပြည့်စုံနေတဲ့ 'စံသဏ္ဌာန်'အလှ တရားကြီး၊ ပလိုးတီးနက်စ်က ခေါ်မဘာသာစကားနဲ့ 'တိုပရိုးတင်' (to proton) လို့ ခေါ်တယ်၊ သူပင်လျှင် 'မြတ်ခြင်း' ဆိုတဲ့ 'တို အဂသင်' (to agathon)၊ သူပင်လျှင် 'လှခြင်း' ဆိုတဲ့ 'တိုကလင်'(to kalon) တဲ့၊ ကျန်းမာခြင်းဟာ စံသဏ္ဌာန်ဆိုရင် ရောဂါ ဆိုတာက စံသဏ္ဌာန်က တိမ်းမှု၊ ချော်မှု၊ ချို့ယွင်းဖောက်ပြန်မှုပေါ့၊ အသက်ရှင်သန်မှု အလှ ကဗျာဆရာ ဆရာဝန်ဟာ အဲဒီစံသဏ္ဌာန်က တိမ်းသွား၊ ဖောက်ပြန်သွားတဲ့ ရောဂါ ဆိုတဲ့ ဒေါသအပြစ်တွေကိုလည်း လေ့လာရမှာပေါ့၊ ဟုတ်ဘူးလား"

စိုက်ကြည့်နေသော သန့်၏ မျက်လုံးများက အေးချမ်းနူးညံ့သည့်ကြားမှ မျက်ရည်ကြည်များ လျှမ်းလာပြန်သည်။ မွေးညင်းနုနု၊ အကြောစိမ်းလေးများကြောင့် ပြာလက်သန့်စင်နေသော သန့်၏ မျက်နှာလေးကလည်း သိမ်မွေ့သော ပြုံးရိပ်လေးကို လဲ့လဲ့ငြိမ်ငြိမ်ပြသည်။

"သြော်… မြတ်မောင်… မြတ်မောင်"

"ခင်ဗျာ… ဘာလို့ ညည်းရတာလဲ"

"ကျေနပ်သော ညည်းချင်းကွဲ့ မြတ်မောင်၊ မင်း တော်တော်ကို လေးနက်နေပြီ"

"လေးနက်တယ်"

"အင်း… မင်း ဒီအတွေးတွေ ဘယ်က ရသလဲ"

"ဘယ်က ရသလဲ၊ အား… မိုးမျိုးဇော်က"

သန့်၏ အသွင်က ငိုင်ငိုင်လေး တစ်ချက် ဖြစ်သွားသည်။

"မမသန့်ရဲ့ တိုက်တွန်းချက်ကို မိုးမျှော်နေလို့ မင်း ခေါ်တာကို ကျေးဇူး တင်ပါတယ်၊ တစ်နေ့မှာ မိုးကြီးဖြိုင်ဖြိုင် ရွာမယ်လို့လည်း မမသန့် ယုံကြည်ပါတယ်၊ မင်းမှာက အဓိဋ္ဌာနပါရမီသဘော ရှိနေပြီကိုး၊ ခန္တီဆိုတဲ့ ပါရမီသဘော ကိုပါ မင်း စွဲကိုင်ထားနိုင်ရင်ပေါ့"

"ခန္တီ ဆိုတဲ့ ပါရမီသဘော"

"ဟုတ်တယ်၊ ဝီရိယပါရမီတွေ၊ အဓိဋ္ဌာနပါရမီတွေ၊ ပညာပါရမီတွေနဲ့ မလုံလောက်သေးဘူးကွယ်၊ မင်းက အလောင်းတော်တွေရဲ့ ပါရမီတွေကို ဖတ်ရတော့ ကြက်သီးမွေးညင်း ထမိတယ်လို့ ဆိုတယ်၊ အဲဒီပါရမီတွေထဲမှာ ကြက်သီးမွေးညင်း ထလောက်အောင် အံ့ဖွယ်အကောင်းဆုံးကတော့ (မမသန့် တစ်ယောက်တည်း ခံစားချက်ပါနော်) ခန္တီပါရမီပဲ"

"အာ... အာ... ဟုတ်တယ်"

"ပါရမီဆယ်ပါး အပြားသုံးဆယ်ကိုပဲ 'မူလပါရမီ'၊ 'ဥပပါရမီ'၊ 'ပရမတ္တပါရမီ'ရယ်လို့ သုံးမျိုး ခွဲခြားပြဆိုတယ်၊ အလင်္ကာလေးတောင် ရှိတယ်၊ မင်း ရလား"

"ဟင့်အင်း..."

"မြင်းခြံ ကိုးဆောင်မှ မဟာပဏ္ဍိတ်တော်ကြီး နိဿယသစ်က မမသန့် ကျက်ထားတာ၊ နားထောင်...

အင်္ဂါ ကြီး ငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှ၊

စွန့်နိုင်က ဥပ ပါရမီ။

အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္တမည်။

သက်မဲ့ သက်ရှိ၊ ဗာဟီရက၊ စွန့်နိုင်က၊ မူလပါရမီ တဲ့"

"အဲဒါက စွန့်ခြင်းကြီးတွေကို ပြောတာ မဟုတ်လား"

"ပါရမီဟော့လို့ ဆိုရင် စွန့်ခြင်းကြီးတွေ ပါလာပြီ မြတ်မောင်"

"ခင်ဗျာ..."

"ပါရမီကို ကူးမြောက်ကြောင်းအဖြစ်တော့ မင်း သိပြီ၊ မြင့်မြတ်သော ကူးမြောက်ခြင်းမှန်သမျှကို အလကား ဈေးပေါပေါနဲ့ မရဘူး၊ တစ်စုံတစ်ရာကိုတော့ ရင်းနှီးရလိမ့်မယ်၊ အဲဒါဟာ စွန့်လွှတ်ခြင်းပဲ၊ အင်း... စွန့်လွှတ်နိုင်၊ စွန့်လွှတ်ဝံ့ဖို့ကလည်း ခန္တီပါရမီ အလွန်ကြီးရမယ်"

မြတ်ထန် ငိုင်သွားသည်။

သန့်၏ အသံက လေးနက် တည်ငြိမ်သည်။ တစ်မျိုးတစ်ဖုံ ဖြစ်သော နှိုင်းညှို့ညှို့ အရိပ်လေးလည်း ပါနေသည်။

အတန်ကြာ ငိုင်စဉ်းစားနေပြီးမှ မြတ်ထန်က မေး၏။

"မမသန့် ဘာဖြစ်လို့ အဲဒီလို ပြောတာလဲ"

သန့်က သူ့ထံမှ မျက်နှာလွှဲသွားပြီး ကောင်းကင်ဆီ ကြည့်သည်။

"မင်းကို ခန္တီတရားနဲ့လည်း ပြည့်စုံစေချင်လို့"

"ခင်ဗျာ… ဘာပြုလို့"

"မမသန့် ပြောပြီးပါကောလား၊ မြင့်မြတ်သော ကူးမြောက်ခြင်းမှန် သမျှကို အလကား ချေးပေါ်ပေါ်နဲ့ မရဘူး၊ တစ်စုံတစ်ရာကိုတော့ ရင်းနှီးရ တယ်လို့"

သန့်၏ မျက်လုံးများက ဟိုးအဝေး ကောင်းကင်ဆီကိုသာ ကြည့်နေ သည်။

"မမသန့်က ဆရာဝန်ဖြစ်ဖို့ ခန္တီပါရမီလည်း လိုတယ်၊ အဲဒီလို ပြောတာလား"

သန့်၏ မျက်နှာလေးက သူ့ဘက် ပြန်လှည့်လာ၏။

"ဒီလောက် ကျဉ်းကျဉ်း မတွေးနဲ့လေ၊ ဥပမာ လောကဓံတရားတွေ ရှိတယ်၊ ဘယ်သူမှ ရှောင်လွှဲလို့မရဘူး၊ လောကဓံတရားနဲ့ ရင်ဆိုင်တွေ့တဲ့အခါ မှာ မင်း ဘာနဲ့ ကြံ့ကြံ့ခံမှာလဲ မြတ်မောင်"

"အာ အာ… ကျွန်တော် သဘောပေါက်ပြီ"

မြတ်ထန်က ရယ်မောလိုက်ပြီးမှ ကျောနောက်ဘက်သို့ အမှတ်မထင် လှည့်ကြည့်မိသည်။

တိုက်ကြီး၏ အပေါ်ထပ် ပြတင်းတစ်ခုမှ ဦးတိမ်မင်းကြီးက မိမိတို့ နှစ်ဦးဆီ စိုက်ကြည့်နေသည်။

မြတ်ထန် လှည့်အကြည့်တွင် သူက ပြတင်းဝမှ ခွာသွား၏။

ဘယ်လောက်ကြာကြာ ကြည့်နေခဲ့သနည်း။ ဘာကြောင့် ကြည့်နေ ခဲ့သနည်း။

မြတ်ထန်က သံမဏိကုလားထိုင်လေးတွေနှင့် ထိုင်ရသည့် အဖြစ်ကို လည်း သတိထားမိသည်။

အမှန်က မိမိသည် ပွင့်ဈောရိပ် မြက်ခင်းလေးတွင် ရောင်စုံဖျာလေးနှင့် ထိုင်ရန် ပိုသဘောကျသည်။ ဟောသည်လို သံမဏိ ကုလားထိုင်လေးတွေပေါ် ထိုင်စကားပြောနေရသည်က မော်ဒန်ဖြစ်လွန်းသည်။ ကမ္ဘာဦးနှင့် မတူ။

သို့ရာတွင် ယခုကဲ့သို့ ဤနေရာတွင် ဤသို့ ထိုင်ကြရန် သန့်က စီစဉ်ထားခဲ့သည်။ ဘာကြောင့်နည်း။

လောကခံတရား… ကမ္ဘာဦးတုန်းက လောကခံတရားတွေ ရှိညလော။ သြော်… အမည်ကိုက လောကခံတရား ဆိုတော့ ရှိမည်ပေါ့၊ ရှိမည်ပေါ့။ သို့ရာတွင် ကမ္ဘာဦးမှာ ဟောသည် မော်ဒန်ခေတ်၌ လူတွေ လုပ်ထားသည့် လောကခံတရားမျိုးတွေ ရှိပါသလော။

"မြတ်မောင်… ဘာငိုင်သွားတာလဲ"

မြတ်ထန်က ကောင်းကင်ဆီ မျှော်ကြည့်ပြီး ဖြေ၏။

"မိုးတွေ ညိုလာပြီ"

"ဘာရယ်"

"မိုးတွေ ညိုလာပြီ၊ ဒီတော့ ကျွန်တော် ပြန်ရဦးမယ်"

"အိမ်ထဲ ဝင်စကားပြောကြရင် ရသားပဲ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် လာတာလည်း ကြာသွားပြီ၊ မမသန့်လည်း နားဦးလေ၊ လမ်းလျှောက်ရင်း ကျွန်တော် စဉ်းစားသွားမယ်"

"ဘာတွေကိုလဲ"

"မမသန့် ပြောတာတွေပေါ့၊ ခန္တီတရား ဆိုတာလေ၊ ကျွန်တော် တစ်ခါမှ လေးလေးနက်နက် မစဉ်းစားမိသေးဘူး"

"မင်း တကယ် စဉ်းစားမယ်"

"အို… စဉ်းစားမှာပေါ့၊ မမသန့် ပြောတာတွေဆို ကျွန်တော် အမြဲ လေးလေးနက်နက် စဉ်းစားတာချည်းပဲ"

နူးညံ့သိမ်မွေ့သော မျက်လုံးများနှင့် အပြုံးကို ရင်ဆိုင်ရပြန်၏။

သန့်နှင့် သူတို့ နေရာမှထပြီး ဂိတ်တံခါးကြီးဆီ လျှောက်လာကြစဉ် ဦးတိမ်မင်းကြီးကလည်း အိမ်တွင်းမှ ထွက်လာ၏။

"မောင်မြတ်ထန်… စာမေးပွဲ အောင်တယ် ဟုတ်လား"

"ဟုတ်ကဲ့ ဘဘ"

"မင်းအစ်မကတော့ တော်တော် ဝမ်းသာနေတယ်၊ ဆရာဝန်ဖြစ်ဖို့ သေချာသွားပြီတဲ့၊ အေး အပေး.... မင်းအဖေကို ရွာတစ်ရွာရွာမှာ ဆေးခန်းဖွင့်ဖို့ နေရာရှာခိုင်းထားနှင့်တော့"

"ခင်ဗျာ..."

"ဆရာဝန်လေးတွေ မြို့ပေါ်မှာ မစားသာဘူး၊ ရွာတွေမှာ ဆေးခန်းလိုက်ဖွင့်နေကြတယ်၊ အဲဒါတောင် နေရာကောင်း မလွယ်ဘူးနော်၊ ကြိုကြိုတင်တင် စီမံကိန်းချထားမှ တော်ရုံကျတာ၊ ဟား ဟား ဟား"

"ကျွန်တော် ပညာသင်ဆဲပါ ဘဘ၊ ပိုက်ဆံရှာဖို့ ထည့်မစဉ်းစားသေးဘူး"

"ဟေ... ပိုက်ဆံရှာဖို့ မစဉ်းစားဘဲနဲ့ ဘာလို့ ပညာသင်သလဲ"

မြတ်ထန်က သန့်ကို ကြည့်သည်။

ဟိုး... တွေ့စတုန်းက ထိတ်လန့်မှု၊ စိုးရိမ်မှုမျိုးကို သန့်၏ မျက်နှာတွင် မတွေ့ရ။

ဘာခံစားမှုကိုမှ မပြသော မျက်နှာလေးနှင့် သန့်က မတုန်မလှုပ် ရှိနေသည်။

အို... သန့် ဘာကြောင့် တည်ငြိမ်နေရပါသနည်း။

ကိစ္စမရှိပါ။ သန့် ကြိုက်သော ခန္တီတရားကို မိမိ သုံးပါမည်။

မြတ်ထန်က ပြုံးလိုက်၏။

"ကျွန်တော် ပညာထူးချွန်အောင်သာ အာရုံစိုက်နေမိလို့ တခြား ဘာကိုမှ မစဉ်းစားမိသေးတာပါ ဘဘ"

"တခြား ဘာကိုမှ မစဉ်းစားဘူး"

"ဟုတ်ကဲ့ ဘဘ"

"အေး... ကောင်းတယ်၊ ကောင်းတယ်"

အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့စဉ် တိမ်တိုက်တွေဆီသို့ မြတ်ထန် ကြည့်သည်။

တခြား ဘာကိုမှ မစဉ်းစားမိသေးဘူးဟူသည့် မိမိ၏ စကားက မှန်ပါ၏လော။

တိမ်တိုက်တွင်းမှ မွေးတုကင်း...

အဲသည် မွေးတုကင်းက ဘာပါနည်း။

## အခန်း - ၁၀

မမသန့်ရေ…

ဟိုအကြောင်း ဒီအကြောင်း လေးနက်တဲ့ အကြောင်းတွေချည်း ခုတစ်လော ပြောမိကြတော့ ကဗျာအကြောင်း ကျွန်တော်တို့ မပြောမိကြတာ ကြာပြီနော်။

ဒီစာမှာတော့ ကဗျာအကြောင်း မဟုတ်တောင် ကဗျာဆန်တဲ့ အကြောင်းလေးတွေကို ပြောပြချင်တယ်။

နွေဦးရိပ်တွေက လာနေပြီလေ။ ဒီတော့ ကျွန်တော် ကဗျာဆန်ချင်လာတာပေါ့။

သစ်ရွက်လေးတွေ ဝါကုန်ပြီ။ ကြွေတဲ့ ရွက်ဝါတွေတောင် ကြွေကျပြီ၊ မြူတွေကလည်း ပြာပြာရီရီနဲ့ သူတို့အလှ စပြပြီ။

ဥဩသံ ကြားတော့ လွမ်းလာတယ်။

ကျွန်တော်တို့ရဲ့ ဆေးတက္ကသိုလ် (၂) က မင်္ဂလာဒုံမှာ ဆိုတော့ တောရိပ် တောင်ရိပ်လေးတွေနဲ့မို့ သာယာတယ်။

ကျွန်တော်တို့က ဆေးကျောင်းသားတွေ၊ ကျွန်တော်တို့ ဆရာတွေက ဆရာဝန်ကြီးတွေ။ ဒါပေမဲ့ ကျွန်တော်တို့အားလုံးရဲ့ နှလုံးသားမှာ ကဗျာ ရှိကြပါတယ်။

ကျွန်တော်တို့က ကျွန်တော်တို့ ဆေးတက္ကသိုလ် (၂) ကို "ပန်းခွယ်တော်တော"လို့ ခေါ်ကြတယ်။ ကုံကော်တောတို့၊ တမာတောတို့လိုပေါ့။ ကျွန်တော်တို့ တက္ကသိုလ်နယ်မြေက ထင်ရှားတဲ့ အလှပင်က ခွယ်တော်ပင်ကိုး။

ဆန်းတယ်နော်။ ဆီလည်း ဆီလျော်၊ တိုက်လည်း တိုက်ဆိုင်တယ်။

ပိုတစ်နေ့က ခွယ်တော်ရွက်လေးကို ကျွန်တော် သေသေချာချာ ကြည့်မိတယ်။

နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်ရတယ် ဆိုတဲ့ အလင်္ကာစကားကို စဉ်းစားဆင်ခြင်ကြည့်မိတယ်။ ရိုမင်းတစ်(ခ်) ရှုထောင့်က ကြည့်လည်း မှန်တာပဲ။ ဘဝရှုထောင့်က ကြည့်တော့လည်း မှန်တာပဲ။

ဪ… လူဆိုတာ ခွယ်တော်ရွက်လေးပါကလား။ ရုပ်နဲ့ နာမ် နှစ်ခုပေါင်းမှ လူဖြစ်ပါကလား။ ဘဝဆိုတာဟာ ရုပ်နဲ့ နာမ်ပဲကိုး။

ဆရာဝန် ဆိုတာဟာ အဲဒီ ဘဝခွယ်တော်ရွက်လေး ပြည့်စုံလန်းဆန်း သန်စွမ်းနေအောင် ကြိုးစား စွမ်းဆောင်ပေးနေတဲ့ ဥယျာဉ်မှူး တစ်မျိုးပါ။ အဆင့်မြင့် ဆေးပညာဟာ ရုပ်ပိုင်းကိုရော စိတ်ပိုင်းကိုပါ ဂရုပြု အာရုံထားတယ်လို့ ကျွန်တော်တို့ ဆရာဝန်ကြီးတွေက ပြောပြကြတယ်။ ကိုယ် ကျန်းမာခြင်း (physical health)၊ စိတ်ကျန်းမာခြင်း (mental health) နှစ်ပါးလုံး အရေးကြီးပြီး တစ်ပါးနှင့် တစ်ပါး အပြန်အလှန် ကျေးဇူးပြုပုံကိုလည်း အလေးအနက် ပြောကြတယ်။

ဒီတော့ ကျွန်တော်တို့ တက္ကသိုလ်ကို ပန်းခွယ်တော်တောလို့ ခေါ်တာဟာ သိပ်ဆီလျော်ပြီး သိပ်အဓိပ္ပာယ် ရှိတာပေါ့။

ပန်းခွယ်တော်တောမှာ အဓိဋ္ဌာန်ပါရမီနဲ့ ကြိုးစား ကျင်လည်ခွင့် ရနေတဲ့ ကိုယ့်ဘဝကိုလည်း ကိုယ် ကျေနပ်မိတယ်။

ဪ… ရိုမင်းတစ်(ခ်) ဖြစ်တယ်ပဲ ဆိုမလား။ ခွယ်တော်ရွက်လေးကို ကြည့်ပြီး ကြံကြံဖန်ဖန်လည်း တွေးမိတယ်။

ပါရမီ ဆိုတဲ့ စကားကို ကျွန်တော်တို့ ခဏခဏ ပြောကြတယ်နော်။ ပါရမီဖြည့်ဖက် အကြောင်းကိုတော့ ကျွန်တော်တို့ မပြောမိကြသေးဘူး။ မေမေကတော့ 'မိတ္တသန္တဝ'အကြောင်း ပြောပြဖူးတယ်။

'မြတ်နိုးစုံမက်စွာ ကမ္ဘာတစ်သိန်း၏ အထက်က တူစုံဖက်၍ ငှက်ပင်ဖြစ်လည်း သစ်တစ်ကိုင်းဖျား နားရပါကြောင်းဖြင့် ဆုယန်တောင်းကာ ကြင်နာကျွမ်းဝင်ခဲ့ကြသော မိတ္တသန္တဝအဖြစ်သည်' တဲ့။

လာလိုက်တဲ့ စာနော်။ ဓိနတ္တပကာသနီကျမ်း ရှင်မဟာကဿပ၏ ရှေးအကြောင်းအခန်းကစာ။ ကြိုက်တာမို့ ကျွန်တော် အလွတ်ကျက်ထားတာ။

ကျွန်တော် နွေကျောင်းပိတ် ပြန်လာရင်လေ၊ ပိတောက်ပွင့်တွေ ပွင့်ရင်လေ တချိုင်းလက်စ်နဲ့ ကရီးဆစ်ဒါအကြောင်း မပြောဘူး။ ရိုမီယိုနဲ့ ဂျူးလီယက် အကြောင်း မပြောဘူး။

'တစ်နှစ်တွင် ဒီတစ်လ၊ တစ်လတွင် တစ်ရက်တည်း ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း' တဲ့။

ပိတောက်ကို ဂုဏ်ပြုထားတဲ့ ဦးကြော့ရဲ့ စာလေ။

'တစ်သက်တွင် ဒီတစ်ချစ်၊ တစ်ချစ်သည် တစ်ယောက်တည်း၊ မဖောက်လွှဲပါတဲ့ နိုင်သစ္စာ၊ မေတ္တာနှစ် သကြိန်ယန်း' တဲ့။

ခေတ်စာရေးဆရာကြီးတစ်ဦးရဲ့ စာ။

အဲဒီ ကဗျာတွေ စာတွေအကြောင်း ဆွေးနွေးကြမယ်။

မမသန့်ရေ… ပါရမီဖြည့်ဖက်တွေရဲ့ မိတ္တသန္တဝ အကြောင်း ဆွေးနွေးကြည့်ကြရအောင်နော်။

ဘာဖြစ်လို့လဲ မသိဘူး။ ဒီနွေဦးမှာ ကျွန်တော့်စိတ်ထဲ မမသန့်ကို သိပ် သိပ်အောက်မေ့တာပဲ။

… … … …

♦

သိပ်အောက်မေ့ရသော မမသန့်။ သိပ်စောင့်ခဲ့ရသော အချိန်။ သိပ်လှပသော နွေဦး။

ဩော်… ခုတော့လည်း သိပ်ပျော်စရာကောင်းပါကလား။

ရေမိုးချိုးပြီး မှန်ရှေ့၌ ခေါင်းဖြီးရင်း မြတ်ထန်က သီချင်းတိုးတိုး ညည်းမိသည်။

"ပိတောက်တွေ ရွှေရည်လူးမယ့်အနေ… ပုလဲငုံ စံပယ်ဖြူ ဖူးခိုက် ဝေဝေ… ပန်းမျိုးစုံ ရာသီကူးခဲ့ပေါ့လေ… ချစ်သူကို ရည်စူး ခူးတဲ့လို့ခြွေ"

မြတ်ထန်က ပြုံးမိသည်။

စိတ်ဟူသည်က တယ်ခုန်ပါကလား။

တပေါင်းတွင်းမှာ ဖြစ်သောကြောင့် တန်ခူးက ရောက်မလာသေး။ ပိတောက်တွေလည်း ဘယ်မှာ ရွှေရည်လူးဦးမှာလဲ။

ပြုံးရင်းက မြတ်ထန်သည် မျက်မှောင်ကုတ်မိသည်။

တန်ခူး ရောက်လိုက်ပေါ့၊ ပိတောက်တွေလည်း ရွှေရည်လူးလိုက်ပေါ့။

ဘယ်ပိတောက်တွေနည်း။

စိတ္တဇဟော၊ မနောမယ ခြံကြီးတွင်းမှ ပိတောက်တွေတော့ မဖြစ်နိုင်။ အဲသည် ခြံကြီးတွင်းမှ ပိတောက်တွေကို ချစ်သူအတွက် ရည်စူး ခူးတဲ့လို့ ခြွေခွင့်မရှိ။

ပန်းမခူးရ။

မြတ်စွာဘုရား… သည်အတွေးက ဘယ်က ဝင်လာရသနည်း။

မြတ်ထန်က ပြန်ပြုံးသည်။

ဟောသည် မော်လမြိုင်မြို့က ပိတောက်ပင် အလွန်ပေါသည်။ ဤ ကောလိပ်နယ်မြေတွင်းမှာ ပိတောက်တွေ အများကြီး ရှိသည်။ မိမိတို့ ခြံတွင်း မှာပင် ပိတောက်ပင်ပျို တစ်ပင် ရှိသည်။

ကိုယ့်ခြံမှာ ဖြစ်သော ပိတောက်ပန်း၊ ကိုယ့်ရင်မှာ ပွင့်သော…

မြတ်ထန်က အတွေးစကို ဖြတ်လိုက်ပြီး အဝတ်အစား လဲသည်။

ညှို့ခန်းမှ ဖြတ်အထွက်၌ စာရေးစားပွဲတွင် ထိုင်နေသော ဖေဖေက မေးသည်။

"သား… ဘယ်လဲ"

မြတ်ထန် အနည်းငယ် အံ့သြသွား၏။

ဖေဖေက သည်လို ဘယ်တုန်းကမှ မမေးဖူး။ မိမိကို အမြဲစိတ်ချ သည်။ မိမိကလည်း မဟုတ်တာ ဘယ်တုန်းကမှ မလုပ်ဖူး။ ဖေဖေ့ကို မိမိ လိမ်ပြောစရာ မရှိ။

"မမသန့်ဆီကိုပါ ဖေဖေ"

"မင့် မမသန့်တို့ အိမ်မှာ ရှိမယ် မထင်ဘူး"

"ခင်ဗျာ…"

"ဟိုးတစ်နေ့က တိမ်မင်း ငါ့ကို လာနှုတ်ဆက်တယ်"

"နှုတ်ဆက်တယ်"

"ဟုတ်တယ်၊ အဲဒီလိုပဲ ဖေဖေ နားလည်လိုက်တယ်"

မြတ်ထန်ကမူ နားမလည်နိုင်ဘဲ ဖေဖေ့ကို ငေးကြည့်နေမိသည်။

ဖေဖေ့မျက်နှာက အလွန်တည်ငြိမ်နေသည်။ မျက်လုံးကြည်ကြည်များကသာ သိမ်သိမ်မွေ့မွေ့နှင့် တစ်စုံတစ်ရာ လေးနက်သော အဓိပ္ပာယ်ကို ဖော်ပြနေ၏။

"သား… ဖေဖေ့နား ခဏ လာထိုင်စမ်း"

မြတ်ထန်က ရိုသေလေးစားစွာဖြင့် ဖေဖေ့အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၏။

"တိမ်မင်းက သူနဲ့ သူ့မိသားစု ခရီးထွက်ကြမလို့တဲ့၊ ဘယ်ရယ်လို့တော့ သူ မပြောဘူး၊ ဖေဖေကလည်း ဘယ်လဲလို့ မမေးလိုက်ဘူး"

မြတ်ထန်က ခေါင်းညိတ်ပြ၏။

"သူ အပြန် ကားမထွက်ခင်ကလေးမှာတော့ သူက ဖေဖေ့ကို ပဟေဠိတစ်ခု ဝှက်သွားတယ်"

"ပဟေဠိ"

"ဟုတ်တယ်၊ ဒီနေ့ သားကိုလည်း ဖေဖေ ပဟေဠိလေးတွေ မေးရဦးမယ်၊ ဝှက်မှာ မဟုတ်ဘူးနော်"

မြတ်ထန်က ဖေဖေ့မျက်နှာကို ကြည့်သည်။

ဖေဖေ့ မျက်နှာက ပြန်လည် ကြည်လင်ပြုံးရွှင်နေပြီ။

မိမိ အကြိမ်ကြိမ် သတိပြုမိသော ဖေဖေ့မျက်နှာမှ သမာဓိနှင့် မေတ္တာ။

မြတ်ထန်၏ စိတ်မှာလည်း ကြည်လင်သွားပြီး ပြုံးလျက် ဖြေသည်။

"ဟုတ်ကဲ့… မေးပါ ဖေဖေ"

"သား ဝေဿန္တရာဇာတ်ကို မှတ်မိလား"

"မှတ်မိပါတယ် ဖေဖေ"

"မန္ဒိဒေဝီရဲ့ အဲ့ဖွယ်စရိုက်ကို ဖေဖေ ပြောပြမယ်၊ ကာလပေါ်ဝတ္ထုတွေက စရိုက်၊ အနောက်နိုင်ငံ အနုပညာသဘောတရား ဆရာတွေ အလေးပေးပြောနေကြတဲ့ စရိုက်၊ သူတို့က ပုထုဇဉ် အသေးစားတွေရဲ့ စရိုက်ကိုသာ အဓိကအားဖြင့် နားလည်ကြတာကိုး၊ အရင့်အမာ အလောင်းအလျာတွေရဲ့ စရိုက်မျိုးကို သူတို့ မသိဘူး၊ သူတို့ စိတ်ပညာမှာရော၊ သူတို့ ဒဿနမှာရော၊ သူတို့စာပေမှာရော ဒီစရိုက်အမျိုးအစား မရှိဘူး၊ သရုပ်မှန်မှု ဆိုတာဟာ လူ့သဘာဝနဲ့ နီးစပ်တူညီမှုလို့ ဆိုကြတယ်၊ မေးခွန်းက ဘယ်လူ့သဘာဝလဲ၊ ဘယ်အဆင့်က လူရဲ့ သဘာဝလဲ၊ အလောင်းအလျာတွေရဲ့ စရိုက်ကိုထား၊ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ် အဲဒီပုဂ္ဂိုလ်တွေအကြောင်း သိကြသလား၊ အဲဒီပုဂ္ဂိုလ်မျိုးတွေရဲ့ စရိုက်မျိုးတွေကိုကော နားလည် ကြရဲ့လား၊ နားမလည်ရင်တော့ မန္ဒိဒေဝီရဲ့ စရိုက်ကို သူတို့ နားမလည်ဘူး"

"ဟုတ်ကဲ့"

"ဝေဿန္တရာမင်းကြီးက သားတော် ဇာလီနဲ့ သမီးတော် ကဏှာဇိန်တို့ကို ဇူစကာပုဏ္ဏား လက်ထဲ လှူလိုက်ပြီ၊ သစ်သီးရှာရာက မန္ဒိဒေဝီ ပြန်လာတော့ သားတော်နဲ့ သမီးတော်တို့ မရှိတော့ဘူး၊ ဝေဿန္တရာမင်းကြီးကလည်း လူ့သဘာဝကို သိတော့ အမှန်ကို မပြောသေးဘဲ ဆိတ်ဆိတ်နေတော်မူတယ်၊ သားသမီးအတွက် မန္ဒိဒေဝီ ခံစားရတဲ့ သောကပရိဒေဝဟာ ကြီးလှပေတယ်၊ ဦးဩဘာသရဲ့ လက်စွမ်းကြောင့် ရသ ရေးရာမှာ 'မန္ဒီသားပျောက်'လို့ ဆိုစမှတ်ပြုခဲ့ရတယ်၊ စုံနံ့သာမြိုင် ရာပုံတော်ကြီးက 'မန္ဒီလဲတဲ့ သမိုမို' ဆိုတဲ့ အဖွဲ့ကလည်း စိတ်နှလုံးကို ယူကျုံးဖမ်းလှတယ်၊ ဝေဿန္တရာဇာတ်တော်က ဒီအခန်းဖတ်မိရင် ရင်မဆို့သူ၊ မျက်ရည်မဝဲသူ မရှိဘူး"

မြတ်ထန်က ခေါင်းညိတ်ပြ၏။

"နောက်ဆုံးမှာ မန္ဒိဒေဝီ မေ့မြောသွားရှာခဲ့တယ်၊ သူ သတိပြန်လည်လာမှ လှူလိုက်တဲ့အကြောင်း ဝေဿန္တရာမင်းကြီးက ပြောပြတယ်၊ အဲဒီကျတော့..."

ဖေဖေ့စကားမှာ အမေးစကား ဖြစ်သောကြောင့် မြတ်ထန်က ဖြေရ၏။

"မန္ဒိဒေဝီဟာ လုံးဝ မတုန်လှုပ်ဘူး၊ သောကပရိဒေဝတွေ ငြိမ်းသွားတဲ့အပြင် တည်ငြိမ်ကြည်လင် ရွှင်ပျနေတယ်"

"အကြောင်းမသိခင်ကတော့ မိခင် မိန်းမသားတို့ သဘာဝအတိုင်း သောကပရိဒေဝ ဖြစ်ရှာတယ်၊ အကြောင်းသိသွားတဲ့အခါမှာတော့ ကိန်းနေတဲ့ 'ပါရမီ'က စကားပြောလာတယ်"

"ခင်ဗျာ… ပါရမီ"

"မဒ္ဒီဒေဝီဟာ အလောင်းတော်မင်းကြီးရဲ့ ပါရမီဖြည့်ဖက်ပဲ၊ ဒီအဖြစ်ကိုလည်း သူ ကြည်ကြည်ဖြူဖြူ ဆုတောင်းပြီး ရွေးချယ်ခဲ့တာ၊ ပါရမီဖြည့်သူတွေဟာ စိတ်အင်အား အလွန်ကြီးတယ်၊ စွန့်လွှတ်ရမှာကို သိတယ်၊ စွန့်လွှတ်လည်း စွန့်လွှတ်ဝံ့တယ်"

မြတ်ထန်၏ ရင်မှာ တဒိတ်ဒိတ် ခုန်လာသည်။ တစ်စုံတစ်ရာသော အဓိပ္ပာယ်တွေက ဝေဝေရီရီ စိတ်မှာ ပေါ်လာသည်။

"ဖေဖေ ဘာလို့ အဲဒါ ပြောပြတာလဲ ဟင်"

"စိတ်အင်အားအကြောင်း ပြောပြချင်လို့ သား၊ မြင့်မြတ်တဲ့ ရည်ရွယ်ချက် ရှိသူတိုင်း စိတ်အင်အား ကြီးရတယ်၊ အကြီးဆုံး စိတ်အင်အားဟာ ခန္တီဆိုတဲ့ တရားပဲ သား"

"ခန္တီ"

"ဟုတ်တယ်၊ တစ်ပါးသူအပေါ်မှာ သည်းခံခြင်း သဘောကကို ခက်လှပြီ၊ မိမိကိုယ်တွင်းက တစ်ကိုယ်ကောင်းဆန်တဲ့ တောင်းဆိုမှုတွေကို ချိုးနှိမ်တဲ့ သည်းခံခြင်းကတော့ အခက်ခဲဆုံးပဲ၊ ခက်ခဲပေမယ့် ဖြည့်ကျင့်ယူရင် ရတယ် သားရေ"

ဖေဖေက စားပွဲပေါ်မှ ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိဖွာသည်။

ဖေဖေ့ အမူအရာမှာ ခါတိုင်း စာပေသဘောတရားများ၊ ဒဿနရေးရာများ ရှင်းပြနေပုံနှင့် ဘာမျှ မခြားနား။

သို့ရာတွင် ဖေဖေ့စကားက ပဟေဠိတစ်မျိုး၊ ဩော်… ပဟေဠိ မေးမည်ဟု ဖေဖေ ဝန်ခံထားခဲ့သည်။

မြတ်ထန်က စိတ်ကိုရော အသံကိုပါ အတည်ငြိမ်ဆုံး ထားပြီး မေးသည်။

"ဖေဖေ၊ ကျွန်တော့်ကို အလေးအနက် ပြောစရာ ရှိနေတယ် ဟုတ်လား ဖေဖေ"

ဖေဖေက ခေါင်းကို ဖြည်းဖြည်းလေးလေး နှစ်ကြိမ် ညိတ်ပြ၏။

"ဘာလဲ… ဖေဖေ၊ ပြောပါ"

ဖေဖေက လွင့်တက်သွားသော မီးခိုးတွေကို အတန်ကြာ မော့ကြည့်နေ၏။

"သားကို ကရီးဆစ်ဒါရဲ့ မျက်လုံး နှစ်လုံးအကြောင်း ဖေဖေ ပြောပြဖူးတယ်နော်"

"အာ… ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဖေဖေ"

"မဒ္ဒီဒေဝီမှာလည်း မျက်လုံး နှစ်လုံး ရှိတယ်၊ ပထမကတော့ မိခင်တကာမှာ ရှိတဲ့ မျက်လုံး၊ ဒုတိယကတော့ ပါရမီဖြည့်ဖက်တစ်ဦးရဲ့ မျက်လုံး၊ ကရီးဆစ်ဒါရဲ့ မျက်လုံးမျိုးတော့ မဟုတ်ဘူး၊ ရှိတ်စပီးယားစ်ကြီး မသိနိုင်တဲ့ အလွန်မြင့်မြတ်တဲ့ မျက်လုံး"

ဖေဖေက မြတ်ထန်ဘက် လှည့်လိုက်ပြီး ဆက်ပြော၏။

"တိုပရီတင် ဆိုတဲ့ စံသဏ္ဍာန်ကို ဖေဖေ ပြောနေတာ၊ မဒ္ဒီဒေဝီရဲ့ စံသဏ္ဍာန်ကို မမီတောင် သူ့နည်းသူ့ဟန်နဲ့ မြင့်မြတ်တဲ့ မျက်လုံးပိုင်ရှင် မိန်းမသားတွေ ဒီလောကမှာ ရှိနိုင်တယ်၊ ဥပမာ…"

စကားကို ခေတ္တ ဆိုင်းထားပြီးမှ မြတ်ထန်၏ မျက်လုံးများတွင်းဆီ စိုက်ကြည့်၍ ဖေဖေက ပြောသည်။

"ဥပမာ… သန့်"

"ခင်ဗျာ…"

"တိမ်မင်း ခေါ် ချာလီရဲ့ သမီး ဖြစ်ရတာ မလွယ်ဘူး၊ ဒါပေမဲ့ သမီးဟာ သမီး၊ အဖေဟာ အဖေပဲ၊ ကိုယ့်တပည့်မို့ ဖေဖေ ကောင်းကောင်း သိတယ်၊ သန့်ဟာ သူ့အစ်မ မဥ္ဇူလို ဘယ်တော့မှ မလုပ်ဘူး၊ လုပ်ရင်လည်း သန့်ကို ဖေဖေ ချီးမွမ်းနိုင်တော့မှာ မဟုတ်ဘူး၊ ပြီးတော့…"

ဖေဖေက စကားရပ်ထားပြန်သည်။ ဖေဖေ့ မျက်နှာက ချိုလည်း ချိုသာနေသည်။ တည်လည်း တည်ငြိမ်နေသည်။

"သားကို တရှိုင်းလက်စ်လည်း မဖြစ်စေချင်ဘူး၊ ရှိမီယိုလည်း မဖြစ်စေချင်ဘူး၊ သားဟာ သားပဲ၊ ဖေဖေနဲ့ မေမေရဲ့ သား မြတ်ထန်ပဲ"

ထိုအခိုက်တွင်ပင် အလွန်ပေါ့ပါးညင်သာသော ခြေလှမ်းများနှင့် မေမေလည်း ဝင်လာပြီး မြတ်ထန်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်၏။

ဖေဖေနှင့် မေမေရဲ့သား။ အို… သည့်ပြင် မိမိက တခြား ဘာဖြစ်ရဦးမည်နည်း။

"ကျွန်တော် နားလည်စပြုပြီ၊ ပြောပါ ဖေဖေ၊ ဆက်ပြောပါ"

"ဟိုနေ့က ချာလီက သူ့စီးပွားရေး တည်ဆောက်ထားပုံတွေ၊ အနာဂတ် စီမံချက်ချထားပုံတွေ၊ ဘာမဆို သူ လုပ်ရင် ဖြစ်ရမယ် ဆိုတာတွေ ဖေဖေ့ကို လာပြောသွားတယ်၊ အဲ… ပြန်ခါနီး ကားပေါ်ကျမှ ပဟေဠိကို ဝှက်သွားတယ်"

"ဘယ်လို ဝှက်သလဲ ဖေဖေ"

"ငယ်ငယ်တုန်းက ငါ့ကို မင်း အင်းမြှုပ်ခဲ့တယ်၊ ခုလည်း မင်း အင်းမြှုပ်ထားပြန်ပြီတဲ့၊ ငါ သတိလွတ်လို့ ခံရတယ်၊ ဒါပေမဲ့ မင်း မြှုပ်ထားတဲ့ အင်းကို ဖော်ပြီး မင်းဆီ ပို့လိုက်မယ်၊ မင်းဘာသာမင်း ရေမှာ မျှောတဲ့"

ဖေဖေက သဘောကျဟန် ရယ်ရင်း ညည်းသည်။

"ဩော်… ချာလီ ချာလီ… ဘဝဟောင်းက သူ့အပေါ် ဖေဖေ ဘာများ ကျူးလွန်နှိပ်စက်ခဲ့မိသလဲ မသိဘူး၊ ထားပါလေ၊ ဒါထက် သူနဲ့ ဖေဖေတို့ကြားမှာ ခြားနားထားတဲ့ စည်းတစ်ခု ရှိတာ သားကို ဖေဖေ ပြောပြဖူးတယ်၊ သား မှတ်မိလား"

"မှတ်မိပါတယ် ဖေဖေ"

"အဲဒီစည်းကို သား ကျော်မိခဲ့သလား"

"မကျော်… မကျော်မိသေးပါဘူး ဖေဖေ"

"သာဓု… သား၊ သာဓု သာဓု… ဒီလိုဆိုရင် ဟိုတုန်းကလည်း သူ့ကို ဖေဖေ အင်းမမြှုပ်ခဲ့ဘူး၊ ခုလည်း မမြှုပ်ဘူး၊ ဖေဖေ လိပ်ပြာသန့်ပြီ"

ဖေဖေက စားပွဲပေါ်မှ စာအိတ်ဖြူဖြူ တစ်ခုကို ယူလိုက်၏။

"ရော့ နှယ်… သားကို မင်း ပေးပါ"

မေမေက စာအိတ်ဖြူကို လှမ်းယူပြီး မြတ်ထန် ရှေ့သို့ ရပ်လာ၍ ပေးသည်။

မေမေ့ မျက်နှာမှာ အားယူ၍ ပြုံးထားသော အပြုံးကို မြတ်ထန် တွေ့ရသည်။

အို… မေမေ့ မျက်လုံးများတွင်လည်း မျက်ရည်တွေ ဝဲလျက်ပါတကား။

မြတ်ထန်က စာအိတ်ဖြူကို ဖွင့်လျက် အတွင်းမှ တင့်တယ်လှပလှသော အရာကို ကြည့်သည်။

ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ…

ဖိတ်ကြားစာကို ဖတ်ရင်း မြတ်ထန်၏ မျက်လုံးများက ဝေရီမှုန်ဝါးလာသည်။

**'မိုးကုတ်မြို့၊ ဦးဘနှင်းနှင့် ဒေါ်စောမြခက်တို့၏သား မောင်စိုးအောင်နှင့် မော်လမြိုင်မြို့… ဦးတိမ်မင်း၊ ဒေါ်ငွေးကြွယ်တို့၏ သမီးသန့်… သန့်… သန့်… သန့်…'**

တခြား ဘာကိုမှ မမြင်ရတော့။

အို… တခြား ဘာကိုများကော မြင်ဖို့ လိုသေးပါသနည်း။

မေမေ့ကိုတော့ မှုန်ဝါးဝါးကြားမှ မြင်နေရသည်။

မြတ်ထန်ကလည်း အားယူပြီး ပြုံးပြရသည်။

ဩော်… သည်အပြုံးကို…

သန့်… မမသန့် မြင်စေချင်သည်။

⌛

# အခန်း - ၁၁

ပိတောက်တွေ ထိန်ထိန်ဝေလာလေပြီကော…

မြတ်ထန်က မြေနီလမ်းအတိုင်း တရွေ့ရွေ့ လျှောက်လာနေသည်။

သည်တစ်ကြိမ်တော့ သိစိတ်လော၊ မသိစိတ်လောဟု ကိုယ့်စိတ်ကို ကိုယ် ပြန်မစစ်မိတော့။

စိတ်က ပင်ပန်းခဲ့သည်။ ပင်ပန်းသော စိတ်ကို အလုပ်ပိုတွေ မခိုင်းချင်ပါ။

သည်နေ့က ရန်ကုန်မှာ သင်္ကြန် လက်ထပ်မည့်နေ့။ ဤသည်ကို သိသည်။

စိတ္တဂေဟာကြီးနှင့် မနော‌မယခြံကြီးဆီ လျှောက်ချင်သည်။ ဤသည်ကိုလည်း သိသည်။

လျှောက်ချင်လျှင် လျှောက်။ ကိုယ့်ကိုယ်ကိုယ် မတားလိုပါ။

ရှိတ်စပီးယားစ်၏ စာတစ်ပိုဒ်က စိတ်တွင်းမှာ ပေါ်နေသည်။

***Troilus, methinks, mounted***

***the Trojan walls,***

***And sigh'd his soul toward***
***the Grecian tants,***
***Where Cressid lay that night.***
*တစ်ကိုယ်ပင် သူ တက်ခဲ့တယ်။*
*စစ်ဘက်တဲ့လွှင်…*
*မြေပြင်ပေါ်နိုး၊ ထရိုးဂျင် ကျောက်ကာပဲတဲ့*
*မြို့ရိုးကြီးထက်ကို။*
*မင်းလွင်ဖို့ တရွိုင်းလက်စ်*
*ပင့်သက်ကယ်ရှိုက်*
*သူ့ဝိညာဉ်နိုက်တဲ့အောင်*
*ငေးစိုက်ဖျာဝေပိုရ။*
*ခေါ်မစခေန်း၊ ဟိုတဲနန်းမှာ…*
*လှပန်းပွင့်သစ်၊ ကရီးဆစ်(ဒ်)ဟု*
*ကိုယ် ချစ်ရသူ…*
*စံပယ်ဖြူတစ်ပွင့်၊*
*သူ့စက်ရာ ကြွေကာလွှင့်ရှာပေါ့။*
*ရင်နင့်ဖွယ် သည်ညခေါ်…။*

မိမိက တရွိုင်းလက်(စ်) မဟုတ်ပါ။ အို… သန့်ကလည်း ကရီးဆစ်(ဒ်) မဟုတ်ပါ။

သို့ရာတွင် ရင်တွင်းမှာတော့ နင့်နေသည်။

သည်တော့ လျှောက်။ တရွိုင်းလက်(စ်)လိုပဲ လျှောက်လျှောက်၊ ဘယ်လိုပဲ လျှောက်လျှောက်။

ပန္နယ့်နှအလွမ်းကို အတိတ်က အလှသညာလေးတွေနှင့် ဖြေသိမ့်ကြည့်သည် ဆိုချင်သည်လည်း ဆို။

တွေ့ပါပြီ…

ပတ္တမြားတံတိုင်း၊ ရွှေတံတိုင်း၊ မြတံတိုင်းတွေနှင့် မနောမယခြံ၊ စိတြဂေဟာ။

ပန်းချီပင် တံတိုင်းအလယ်မှ ပန်းချီဆန်သော အိမ်ကြီး။

လောကမှာ ဖြစ်ချင်တာ ဘာမဆို ဖြစ်ရမည်ဟု ယုံကြည်ထားသူကြီး တစ်ဦး၏ စံအိမ်။

သြော်… လူဆိုသည်က ကိုယ့်စရိုက်နှင့် ကိုယ်၊ ကိုယ် အမြတ်ဆုံး ထင်သည်ကို ကိုယ် ကိုးကွယ်ကြသည်။ ဘာတတ်နိုင်ပါမည်နည်း။

လေရူးက လာနေတော့ သစ်ကိုင်းတွေက နွဲ့နွဲ့ယိမ်းယိုင် လှုပ်ရှား နေကြသည်။

ချူပါ… ယူပါ… ခူးလှည့်ပါ။ သည်လို ဖိတ်ခေါ်လေသလား။ ရွှေပွင့် ရွှေလွှာ… ရွှေခိုင်ညွှာတွေက လေမှာ လှလှပပ လှိုင်းထ လှုပ်ရှားပြနေ ကြသည်။

ကလေးတွေ တစ်ချိန်က ပြေးထွက်လာသော လမ်းကျဉ်းလေးထိပ်မှာ မြတ်ထန်က ရပ်လိုက်သည်။

ယနေ့တော့ ကလေးတွေ တစ်ယောက်မျှ မရှိ။ သြော်… ဘယ်လူသူ အရိပ်အယောင်မျှ မရှိ။

**'ပန်းမခူးရ'**

သည်ဆိုင်းဘုတ်လေးတွေကတော့ သူ့နေရာမှာ သူ တာဝန်ကျေစွာ ရှိနေကြသည်။

မိမိက တံချူကို မြှောက်ကိုင်ခဲ့ဖူးသည်။ ဒါပေမဲ့ တံချူကို မြေမှာ ပြန်ချထားခဲ့သည်။

မိမိက စာဖတ်တတ်သည်။

ခြားနားထားသော စည်းကို မကျော်မိခဲ့ပါ။

ဦးတိမ်မင်း ကျေနပ်ပါ၊ ဖေဖေလည်း ကျေနပ်ပါ။

ဖြေသိမ့်စရာ ရင်မှာ သည်တစ်ချက်သာ ကျန်သည်။

မြတ်ထန်၏ မျက်လုံးများတွင် မျက်ရည်တို့ ဝဲလာကြသည်။

မမသန့်ရေ…

မမသန့်လည်း ကျေနပ်ပါ။ မျက်ရည်ဝဲတယ်လေ။ အဲဒါတော့ မတတ် နိုင်ဘူး။ ဒါပေမဲ့ ကျွန်တော် ရပ်နေတယ်၊ မမေ့နိုင်တဲ့ ဒီနေရာမှာ ကျွန်တော် မျက်ရည်ဝဲရင်း ရပ်နေတယ်၊ မျက်ရည်ဝဲတာက သတ်သတ်၊ ရပ်တည်နိုင်သေး တာက သတ်သတ်၊ မမသန့် ဒါကို အလိုရှိတယ် မဟုတ်လား၊ သည်တော့ မမသန့်လည်း ကျေနပ်ပါ။

ပြန်မလှည့်ခင် မြတ်ထန်က ပိတောက်ပွင့်များကို နောက်ဆုံး ကြည့်သည်။

ယိမ်းနေ… နွဲ့နေ… ကနေတော့ ပိတောက်ပွင့်တွေက အပင်မှာ လှသည်။

ဖွဲ့ဖွဲ့ ယဲ့ယဲ့ ကြွေနေကြတော့ ပိတောက်ပွင့်လေးတွေက လေထဲမှာလည်း လှသည်။

အို… မြေပေါ်မှာလည်း လှကြပါကလား။

မြေပေါ်တွင် ပိတောက်ပွင့်လေးတွေက ရွှေရောင် ပန်းမွေ့ရာပါးပါး ခင်းထားကြသည်။ နင်းရက်စရာ မရှိပါကလား။

**'ပန်းမခူးရ'**

ဆိုင်းဘုတ်လေးတွေက တာဝန်ကျေပါသည်။ သည်ကြားထဲက ပမာမခန့် ဘယ်သူ ပန်းခူးသနည်း။

ဦးတိမ်မင်း ခင်ဗျား… ဘဘ ခင်ဗျား…

ပမာမခန့် ဘယ်သူ ပန်းခူးသနည်း။

ဍ

# အခန်း - ၁၂

ကြာခဲ့ပြီ။

မည်မျှ ကြာပြီနည်း။ ဩော်… နှစ်တွေကို အတိအကျ မမှတ်မိတော့ပါကလား။

သို့ရာတွင် ဟောသည် စကားရပ်တွေကိုတော့ မှတ်မိသည်။

"ကဗျာဆရာက အလှ ဖန်ဆင်းတယ်၊ အသက် ရှင်သန်ခြင်းထက် လှတာ လောကမှာ ဘာရှိသလဲ"

လက်အိတ် စွပ်ထားသော မိမိ၏ လက်များ အလုပ်လုပ်နေပုံကို ကြည့်ရင်း ဤစကားများကို မြတ်ထန် သတိရနေသည်။

မိမိ၏ ဆရာကြီး ဒေါက်တာဘားနဒ်က အားလပ်ချိန်များတွင် ပန်းချီဆွဲသည်။ စုတ်ချက် နုနုလေးတွေ မှုန်းရခြင်းကို အကြောမျှင်လေးတွေ၊ နာ့(ဗ်) ကြောလေးတွေကို တယုတယ ကိုင်တွယ်ရခြင်းနှင့် နှိုင်းပြောသည်။

ဆရာကြီးက မေးခဲ့သည်။

"မင်း အားလပ်ချိန် ဘာလုပ်သလဲ"

''ကဗျာစပ်ပါတယ်''

''ကဗျာစပ်တယ်''

''ဟုတ်ကဲ့ပါ၊ ကဗျာဆရာက အလှဖန်ဆင်းတယ်၊ အသက် ရှင်သန်ခြင်းထက် လှတာ လောကမှာ ဘာရှိသလဲ''

မိမိက မိမိ၏ အမြင်ကို ရှင်းပြရာ ဆရာကြီးက ပြုံးပြီး မှတ်ချက်ချ၏။

''မင်းတို့ အရှေ့တိုင်းက ဒဿနတွေက သိပ်မြင့်တယ်၊ သိပ်လည်း လှတယ်၊ မင်းစကား ငါ မှတ်ထားလိုက်မယ်''

ခွဲစိတ်ကုသခြင်းကို အင်္ဂလိပ်ဘာသာဖြင့် 'ဆားဂျရီ' (Surgery) ဟု ခေါ်သည်။ သည်စကားက ရှေးခေါ်မစကား Cheirourgia မှ ဆင်းသက်လာသည်။ လက်များနှင့် အလုပ်လုပ်သည်။ လက်မှုပညာ ကျွမ်းကျင်မှုအတတ်ဟု အဓိပ္ပာယ်တွေ ရှိသည်။

ယခု မိမိ လက်လေးများက ကျွမ်းကျွမ်းကျင်ကျင် အလုပ်လုပ်နေသည်။ ပန်းပုဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာတစ်ဦး၏ လက်လေးများကဲ့သို့ပင် ချိန်ချိန်ဆဆ၊ နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ အလုပ်လုပ်နေကြသည်။

သာမည နောက်ဆုံး အပ်ချုပ်ရာလေးသည်ပင် ပန်းထိုးပညာရှင်၏ လက်ရာကဲ့သို့ လှလှပပ သပ်သပ်ရပ်ရပ်လေး ရှိသွားမှ မြတ်ထန်က ခေါင်းမော့လာပြီး လူနာ၏ ဇီဝကမ္မလုပ်ငန်း အခြေအနေကို ဖော်ပြနေသည့် ကိရိယာများဆီ တစ်ချက် ကြည့်သည်။ မိမိက ခွဲစိတ်နေစဉ် လူနာ၏ ဇီဝကမ္မ အခြေအနေတွေကို စောင့်ကြပ် ထိန်းသိမ်းပေးနေသူ ဆရာဝန်ကြီးကလည်း ပြုံးပြုံးကြီး ခေါင်းညိတ်ပြ၏။

အဖွဲ့သားအားလုံးကို ပြီးပြီ ဖြစ်ကြောင်း အချက်ပြပြီးနောက် မြတ်ထန်က ဆိုသည်။

''ကျေးဇူးတင်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်''

မိမိ၏ နားနေခန်းဆီသို့ လျှောက်လာပြီး မြတ်ထန်က နှာခေါင်းစည်းနှင့် ဦးထုပ်ကို ချွတ်သည်။ ခွဲစိတ်ခန်းဝတ် ဝတ်စုံစိမ်းကို မလဲသေးဘဲ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်သည်။

မိမိကိုယ်မှာ ချွေးများ စို့နေသည်ကို သတိထားမိသည်။ စိတ်တွင်းမှာက တင်းအားတွေ ကျန်နေသေးသည်။

ခွဲစိတ်ခန်းတွင်း၌ ကြိုတင်စီမံချက်ချပြီး စနစ်တကျ ခွဲစိတ်ခြင်းကို 'အော်ပရေးရှင်း' (operation) ဟု ခေါ်သည်။ အော်ပရိတ် (operate) ဟူသော စကားက တစ်စုံတစ်ရာသော အကျိုးဝိပါက် ရရှိအောင် လုပ်ဆောင်ချက် မှန်သမျှကို ခေါ်သည်။ စစ်ပညာမှာတော့ မဟာဗျူဟာမြောက် စစ်ဆင်ရေး မှန်သမျှကို အော်ပရေးရှင်းဟု ခေါ်သည်။ အဂင့်(စ်) (against) ဟူသော စကားနှင့် တွဲသုံးတတ်သည်။ ဆန့်ကျင်တွန်းလှန်ပစ်ရသည့် ရန်တွေ ရှိသည်ကိုး။ မိမိတို့၏ ခွဲစိတ်ကုသခြင်း ဆိုသည်မှာလည်း အကျိုးဝိပါက်တစ်ခုကို ရအောင် အစီအစဉ် ကျကျနန ဆွဲပြီး စနစ်တကျ ကြိုးပမ်းလုပ်ဆောင်ရခြင်း ဖြစ်လေ သည်။ မမြင်သာ မထင်သာ တစ်ခါတစ်ရံ မမျှော်လင့်ထားသည့် ရန်တွေ ရှိသည်။ သြော်… မိမိတို့ ဆန့်ကျင်တွန်းလှန်ရသူက အလွန်တန်ခိုးကြီးသည့် သေခြင်းတရားပေကိုး။ သည်တော့ ချွေးစို့သည်။ မည်မျှ လေ့ကျင့်ထားလင့်ကစား စိတ်မှာတော့ တင်းအားတွေ ရှိစမြဲ။

နောက်ထပ် ခွဲစိတ်မှု ကျန်သေးလျှင်မူ ဟောသည် နားနေခန်းမှာ ခြေပစ်လက်ပစ် အတန်ကြာ နားလိုက်သည်။ ပြီးတော့ ပြန်လည်လန်းဆန်းလာ သော ကိုယ်စိတ်နှစ်ပါးဖြင့် အော်ပရေးရှင်းခန်းတွင်း ပြန်ဝင်။ ယခုက ယနေ့ အတွက် နောက်ဆုံး ခွဲစိတ်ကုသမှု ဖြစ်သည်။ အမော အတန်ပြေမှ အိမ်ပြန်ပြီး ခြေပစ်လက်ပစ် နားမည်။ မိမိ အနားယူပုံမျိုးကလည်း မိမိအိမ်၌သာ ရနိုင်သည်။

အခန်းတံခါး ပွင့်လာပြီး မိမိ၏ လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီးတစ်ဦး ဝင်လာသည်။ သူက အဝတ်အစား လဲပြီးနေပြီ။

"အား… ကိုအောင်မြင်၊ ပြန်တော့မလို့လား"

"သဒေး(စ်) အော်ပရေးရှင်း ဖစ်နစ်(ရှ်)၊ ကိုးကျင်းရနိုင်သေးတယ်၊ မရလည်း ခြောက်ကျင်းပေါ့၊ ဂေါက်ကွင်းပြေးပြီး စိတ်အညောင်း လူအညောင်း ဖြေလိုက်ဦးမယ်"

ကိုအောင်မြင် စိတ်ညောင်းဖြေပုံမှာ တစ်မျိုး။ အော်ပရေးရှင်း တစ်ခု နှင့် တစ်ခုကြား စစ်တုရင် ထိုးတတ်သည်။ ယခုလို အချိန်ရလျှင်မူ ဂေါက်ကွင်း သို့ ပြေးတတ်သည်။

မြတ်ထန်က ပြုံးပြီး သူ့ကို စိုက်ကြည့်နေသောကြောင့် ကိုအောင်မြင် က မေးသည်။

"ခင်ဗျား ဘာပြုံးနေတာလဲ"

"ဩော်… အာ… ခင်ဗျားက အော်ပရေးရှင်း ဆိုတဲ့စကား ပြောလို့ပါ၊ ခုပဲ ဒီစကားကို ကျွန်တော် စဉ်းစားနေသေးတယ်"

"အလို… ကဗျာတစ်ပိုဒ် စပ်မလို့လား"

"ဒဿနတစ်ခု"

"ဒဿနတစ်ခု"

"ဟုတ်တယ်၊ ကျွန်တော်တို့ ဘာလုပ်ကြသလဲ၊ အကျိုးဝိပါက်တစ်ခု ရရှိအောင် ကြိုးပမ်းကြတယ်၊ အသက်ကယ်ကြတယ်ပေါ့၊ ပါဠိမှာတော့ ဒီထက်လေးနက်တဲ့ စကားတစ်လုံး တွေ့ဖူးတယ်"

"ဘယ်လိုတဲ့လဲ"

"မတဝဉ္စနာဒီဃာယုကော… တဲ့"

"အဓိပ္ပာယ်က"

"သေခြင်းကို လှည့်စား၍ ရှည်သောအသက် ရှိသောတဲ့"

"ဘယ်လို… ဘယ်လို"

"သေခြင်းကိုတော့ နိဗ္ဗာန်မရမချင်း ဘယ်သူ အပြီးအောင်နိုင်မှာလဲ၊ တစ်နေ့ တစ်ချိန်မှာတော့ လူဟာ သူ့ကို အရှုံးပေးရမှာပဲ၊ ဒါပေမဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ အထူးသဖြင့် ရတနာသုံးပါး ဂုဏ်ရိပ်မှာ မြတ်သော အကျင့်နဲ့ နေပြီး သေခြင်းတရားကို တစ်စုံတစ်ရာသော ကာလအထိ မိမိထံ မဆိုက်ရောက်နိုင်အောင် တားဆီးထားနိုင်တယ်၊ သို့မဟုတ် သေခြင်းကို ရှောင်ကွင်းနေနိုင်တယ်၊ 'မတ' ဆိုတဲ့ စကားက သေခြင်းကို ပြောတာ၊ ဝဉ္စန (vaneanam) ဆိုတဲ့ စကားကို မြန်မာလိုတော့ လှည့်စားခြင်း၊ လှည့်ပတ်ခြင်းလို့ ဘာသာပြန်ကြတယ်၊ အင်္ဂလိပ်လိုတော့ deception, illusion, elusion, evasion ဆိုတဲ့ အဓိပ္ပာယ်တွေ ရှိတယ်၊ လှည့်စားခြင်း၊ မာယာ၊ လွတ်မြောက် ရှောင်ကွင်းခြင်း၊ ရှောင်ဖယ် ရှောင်တိမ်းခြင်းလို့ ဘာသာပြန်ရမယ် ထင်တယ်၊ ဒီနေရာမှာ ရှောင်ဖယ်ခြင်း၊ ရှောင်တိမ်းခြင်း၊ ရှောင်ကွင်းခြင်း ဆိုတဲ့ စကားတွေက ပိုဆီလျော်တယ်လို့ ထင်တယ်၊ သူတော်ကောင်းတရားနဲ့ နေရသူတွေ အသက်ရှည်ကြတာလည်း လောကမှာ အထင်အရှားပဲ"

"အား… ဟုတ်တယ်ဗျို့၊ 'ဆိုင်ကိုဆိုးမက်တစ်မက်ဒီဆင်' (Psycho-Somatic Medicine) က တွေ့ရှိချက်တွေနဲ့လည်း ဆီလျော်ညီညွတ်တယ်၊ အင်းလေ ခင်ဗျားတို့လို နှလုံးရောဂါပါရဂူတွေ အသိဆုံးပေါ့၊ လောဘတွေ၊

ဒေါသတွေ၊ မောဟတွေဟာ ဆေးပညာရှုထောင့်က ကြည့်လည်း မကောင်းဘူး၊ သူတော်ကောင်းတရားလို့ပဲ ခေါ်ခေါ်၊ တခြား ဘာနာမည်နဲ့ပဲ ခေါ်ခေါ် စိတ်ရဲ့ တည်ငြိမ်ခြင်း၊ ကြံ့ခိုင်ခြင်း၊ ဖြူစင်ခြင်းတွေဟာ လူအတွက် သိပ်အရေးကြီးတယ် ဗျို့၊ ဒါထက် ခင်ဗျားက ဒီစကားကို ဘာလို့ သတိရတာလဲ"

"ဩော်... သိပ်လေးနက်တဲ့ စကားမို့ပါ၊ စဉ်းစားလေ နက်နဲလေပဲ၊ တစ်နည်းဆိုရင် ကျွန်တော်တို့ ဆရာဝန်တွေဟာလည်း သေခြင်းကို လှည့်စား နေရတဲ့ သူတွေပဲ၊ အထူးသဖြင့် ကျွန်တော်တို့ နှလုံးရောဂါကုသမားတွေပေါ့၊ အကြောကျဉ်းတာ ချဲ့ပေးရတယ်၊ ကျယ်တာ ကျဉ်းပေးရတယ်၊ ပေ့(စ်)မိတ်ကား (pace-maker) တွေ တပ်ပေးရတယ်၊ ဗာ့(ဗ်) (valve) အတုတွေ ထည့်ပေး ရတယ်၊ ဘိုင်းပတ်(စ်) (by-pass) တွေ လုပ်ပေးရတယ်...

ခုဆို သူတို့ဆီမှာ နှလုံးတုတောင် စသုံးကြည့်နေကြပြီ၊ သေခြင်းကို မျက်စိလည်အောင် လှည့်စားနေကြတာပေါ့၊ သက်သာကျွန်းမာလာတဲ့ လူတွေ ကိုလည်း စိတ်အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် နေတတ်ဖို့ တရားဟော ရသေးသဗျ၊ သူတို့ဆီမှာတောင် ကမ္မဋ္ဌာန်းသဘောလို စိတ်လေ့ကျင့်ရေးတွေကို တွဲသုံးနေသဗျ"

ကိုအောင်မြင်က မျက်မှောင်တွန့်၍ စဉ်းစားနေရာမှ မေးသည်။

"ခင်ဗျား ခုနက ရွတ်လိုက်တဲ့ ပါဠိက ဘာတဲ့ ကိုမြတ်မောင်"

"မတဝဥ္စနာဒီဃာယုကော"

"မတဝဥ္စနာဒီဃာယုကော၊ ကျွန်တော် မကြားဖူးသေးဘူး၊ ဟုတ်တယ်၊ ကျွန်တော်တို့ ဘယ်ဆရာဝန်ကမှ သေခြင်းကို အပြီးသတ် အောင်နိုင်တယ်လို့ မပြောပါဘူး၊ အဲ... သေခြင်းကို မျက်စိလှည့်ရတာတွေတော့ ရှိတယ်၊ သေခြင်း တရားဆီက လူနာဟာ တစ်စုံတစ်ရာ အတိုင်းအတာအထိ ရှောင်တိမ်းနေနိုင် အောင် ကူညီကြရတာတွေ ရှိတယ်"

"ဟုတ်သဗျို့"

"ကဲ... သွားဦးမယ်၊ စကားကောင်းနေလို့ နောက်ကျနေမယ်"

"ဟုတ်ပါရဲ့၊ သင့်ခပယူ သင့်ခ်(စ်)ဖော်၊ ဖူး(ဒ်) ဖော်သော့(တ်) (food for thought)"

ကိုအောင်မြင် ထွက်သွားသောအခါ ခေတ္တ ဆက်နားပြီး မြတ်ထန်က အဝတ်အစား လဲသည်။

တစ်နေ့တာ တာဝန် ပြီးခဲ့လေသောကြောင့် အက်(စ်)အီးကားဖြူလေးကို မောင်းပြီး မြတ်ထန်က အိမ်ပြန်လာခဲ့သည်။

တစ်ချိန်က ဂိုးလ်ဒင်းဗဲလီဟု ခေါ်သော ရပ်ကွက်ရှိ ခြံတွင်းမှ တိုက်ကလေးဆီ ရောက်လာချိန်၌ ခေါက်တံခါးဝမှ မေမေက ကြိုနေသည်။

"ဖေဖေကော မေမေ"

"ထုံးစံအတိုင်း စာကြည့်ခန်းထဲမှာ"

မြတ်ထန်က ကျေနပ်စွာ ပြုံးပြီး မိမိ အခန်းတွင်း ဝင်၍ ပေါ့ပါးသော ပုဆိုးနှင့် အင်္ကျီ လဲဝတ်သည်။

ညှိခန်းသို့ ပြန်ထွက်လာသောအခါ စားပွဲလေးပေါ်၌ သံမဏိဖြူဗန်းလေးက မိမိ ကြိုက်နှစ်သက်သော အစားအသောက်တွေနှင့် အဆင်သင့်။

မြတ်ထန်က သီးမွှေး ငှက်ပျောသီးတစ်လုံး စားသည်။ သံပရာသီး အကွင်းဝါဝါ ထည့်ထားသော လက်ဖက်ရည် ညိုညို ကြည်ကြည် ချိုချို ခါးခါးလေးကို သောက်သည်။

မေမေ… ဟောသည်လို အနံ့အရသာနှင့် အစပ်တည့်သော လက်ဖက်ရည် ကြည်ကြည် ချိုချို ခါးခါးလေး ဖျော်ရာ၌ မေမေ့ကို မည်သူမျှ မီမည် မထင်။

စားသောက်ပြီးနောက် ကက်ဆက်ကို ဖွင့်လျက် ဆိုဖာ ကျယ်ကျယ် ပြန့်ပြန့် တစ်ခုပေါ်တွင် ခြေရော လက်ရော တကယ် ပစ်ပြီး မျက်စိမှိတ်၍ ပက်လက်လှန်ကာ အားရပါးရ နားသည်။

ဂီတ သယ်ဆောင်ရာ နာမ်၏ လွတ်လပ်ခြင်း နယ်မြေဆီ မြောလျက် လိုက်လျက်…

မတိုး မကျယ်သာ ဖွင့်ထားသဖြင့် စာကြည့်ခန်းမှ ဖေဖေ့ကို အနှောင့်အယှက် မဖြစ်နိုင်။ ပြီးတော့ ဖေဖေလည်း ဂီတကို ချစ်မြတ်နိုးသည်။

ဖေဖေ တွဲဖက်ပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ဖြစ်သော်လည်း စာတွေကို ဆက်ရေးနေသည်။ ပို၍ပင် စာတွေ ရေးနိုင်သည်။ ကျန်းမာရေးကလည်း ကောင်းလိုက်သည်မှာ ဒေါင်ဒေါင်မြည်နေ၏။

"စာရေးဆရာမှာ ပင်စင် မရှိဘူးကွ"

ဖေဖေက သူ့ဘဝကို သူ ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်သည်။

သြော်… ဤအိမ်နှင့် ခြံအတွက်လည်း ဖေဖေ ဂုဏ်ယူဝင့်ကြွားနိုင်သည်။

ဟိုနှစ်ပေါင်း သုံးဆယ်ခန့်ကတည်းက အရှည်မျှော်ပြီး ဤမြေကွက်ကို ခြစ်ခြစ်ခြုတ်ခြုတ် စုထားသော ငွေလေးဖြင့် ဖေဖေ ဝယ်ထားခဲ့သည်။ တိုက်လေးကိုတော့ မိမိ နိုင်ငံခြားမှ အပြန်တွင် ဖေဖေ ပင်စင်ယူခါနီးမှ ဆောက်နိုင်ခဲ့သည်။

ယခုတော့ အားလုံး အခြေကျကျ၊ ဣန္ဒြေရရ၊ သာသာယာယာ အေးအေးချမ်းချမ်း။

အတွေးတွေကို ရပ်ပစ်ပြီး မြတ်ထန်က ဂီတသံလှိုင်းများတွင် သက်သက်သာသာ ကိုယ်ဖော့ မျှောလိုက်သည်။

သီချင်းတွေက မိမိ စိတ်တိုင်းကျ ရွေးကူးထားသော ခေတ်ဟောင်းသီချင်းများသာ ဖြစ်သည်။ နားမအူ နားမဆူ၊ ပေါက်ကွဲသော ခံစားမှုမျိုး မပေး။ ငြိမ့်ငြိမ့်အေးအေး သာသာယာယာနှင့် ကြည်နူးဖွယ် လွမ်းဖွယ် ရှိသည်။

ဩော်… ကိုယ့်အကြိုက်နှင့်ကိုယ်၊ မိမိက ကြည်နူးဖွယ်ကို ကြိုက်သည်။ အင်း… လွမ်းဖွယ်ကိုလည်း ကြိုက်သည်။ မတတ်နိုင်။

ယခု ကြားနေရသည်က 'ပိတောက်လောက'ဟု မိမိ အမည်ပေးထားသော ပြည်လှဖေ၏ နတ်သျှင်နောင် သီချင်း အမှူးပြုသည့် ပိတောက်ပန်းဖွဲ့ပါသော သီချင်းများ ဖြစ်သည်။

မျက်စိမှိတ်လျက် မှိန်းနားထောင်နေရာမှ မြတ်ထန်က ပြုံးမိသည်။

မိမိက လွမ်းဖွယ်ကို ကြိုက်သည်။ ပိတောက်ကိုလည်း မမေ့နိုင်။ ဘယ်မှာ မေ့နိုင်ပါမည်နည်း။ မမေ့နိုင်ရာကို ရောဂါရအောင် ဘာကြောင့် မသိစိတ်တွင်း ပို့ပစ်ရမည်နည်း။ သိစိတ်အတွင်းမှာပဲနေ၊ လွမ်းဖွယ်ရာလေး အဖြစ်နေ။

ဩော်… ယခုလည်း လွမ်းဖွယ်တေးလေးက ပေါ်လာနေသည်။

*"ဟိုတစ်နွေက ပိတောက်ဦး ကိုယ် ခူးမယ် ကြံလာ…*

*ပန်းမခူးရတဲ့ ဥယျာဉ်မှူးရဲ့ ကမ္ဘည်းစာ…*

*ရာဇဝင်တော် မခံ့ဖွံ့ပြီမို့၊ စိုးရွံ့ရပ်နား၊ စိတ်ထား မကြည်မသာ"*

မြတ်ထန်၏ ရင်က သိမ့်သိမ့်လေး လှုပ်ရှားလာသည်။ လှုပ်ရှားပါစေ၊ ကိုယ်က နှစ်သက်သည်ကိုး။

*"ပိတောက်ဦးညွှာ၊ ပင်မြင့်မှာ ကြူကြူမွှေးပါဘိ၊ မြတ်လေးသူ ချူယူစမ်းပါ့၊ လက်ကမ်းကြို ဖြူမနောနှင့်…*

*ပြောရှာလေသလား၊ ခံစား ကိုယ့်ရင်မှာ…”*

ပိတောက်ပန်း ဆိုတော့ ခူးချင်ကြသည်။ မိမိလည်း ခူးချင်ခဲ့သည်။ မိမိက လူပါ။ ပိတောက်ကို ချစ်တတ်သော လူပါ။ ဤအတွက် ဘယ်တုန်းကမှ မိမိကိုယ်ကိုယ် အပြစ်မတင်ပါ။

**“သူမြတ်တွင်းပေမို့ လုံ့ဝင်းရယ် အယူခက်ပါဘိ၊ နီးလျက်နှင့် ဝေးကွာ…**

**တံချူကိုင်ကာ မှိုင်မှိုင်ကာငေး…**

**အရေးပြေစိမ့်ငှာ၊ အဆွေးဖြေသိမ့်ကာ…**

**ပန်းဝါဝါ၊ နန်းမှာသာ ပိဂုဏ်တင့်ရဲ့၊ လေသင့်ရာမွှေး၊**

**ကြိုင်လှိုင်အေးစွာ၊ ဖြေနှင့်ရှာရွေး၊ ကြံဖန်တွေးတာ…”**

ဟုတ်လိုက်လေ။ စိတ်ပညာကတော့ ဤစိတ်မျိုးကို ရပ်ရှင်နယ်လိုင် ဇေးရှင်း (rationalization) ဟု ခေါ်သည်။ ဖြစ်သမျှ အကြောင်းမှာ အကောင်းရှာပြီး စိတ်ဖြေသိမ့်ရခြင်း၊ ဤသို့မှ မဖြေသိမ့်တတ်လျှင် ဘဝ ဆိုတာသည် ဘယ်မှာ ခံသာမည်နည်း။

*“လာလမ်းကိုသာ၊ မချူပါ ကိုယ် ပြန်တော့မှာ ပန်းကြော့မာလာ၊ နေရစ် စိတ်တွင်း ကြံစည်ရင်းမှာ…”*

သီချင်းက ရှိုးရှိုးတေးသွားမှသည် ရတုဖွဲ့သို့ ကူးသည်။ မြတ်ထန်၏ မနောအကြည်တွင် မမေ့နိုင်သော ပုံရိပ်တို့ အသက်ဝင် လှုပ်ရှား ပေါ်လာကြသည်။

*“လေရှူးထန်လာ သိမ့်သိမ့်ခါက၊ မြလွှာကြွေပြုတ်၊ တဖြုတ်ဖြုတ်နှင့်။ လှုပ်လှုပ်ဖွဲ့ဖွဲ့၊ ပန်းခြွေပွဲတည်း၊ ဝဲဝဲညင်ညင်… ပင်လုံးစင်သည်၊ လေလျှင် စာမတတ် ဖြစ်၍လော”*

ရတု၏ နောက်ဆုံးပိုဒ်က မြတ်ထန်၏ ရင်မှာ ပဲ့တင်ဆင့်ဆင့် ထပ်သည်။ ဟုတ်သည်။ ဥယျာဉ်မှူးကြီး၏ အမိန့်ကမ္ပည်းစာကို သူ့သဘောသူ ဆောင်၍ သူ့အလုပ်သာ သူလုပ်သော လေက ဘယ်မှာ ဖတ်တတ်ပါမည်နည်း။

*“သြော်… ပန်းသီဂီ၊ ချူချင်ပါ ကိုယ် မရဲတာမို့၊ ပန်ခွင့်ရယ် လွှဲခဲ့တာ၊ ဥယျာဉ်မှူးစာ၊ ဗျာဒိတ်တော် ထိုစကား၊ ကိုယ့်ခေါင်းမှာ ဆင်ယင်မှားသလား။ ကြွေပွင့်ကို ကိုယ် သနားပါဘိ၊ သွားတော့ သွားတော့ လေလွှင့်လေရာ၊ မသောက်မချင့် မငဲ့ညာတတ်တဲ့ ကမ္ဘတံတွာ၊ အသဲညှာ အဇျာပါ၊ လေရှူးဟာ စာမတတ်ပါ”*

သီချင်း ပထမခေါက်က ဆုံးသွားပြီး ဂီတ အသွားချည်း ပြန်ကျော့ ပေါ်လာနေ၏။

'မထောက်ချင့် မငဲ့ညှာတတ်တဲ့ ကမ္ဘာတံတွာ'

ခေါ်မတွေကတော့ ကံ၏ ဤသဘာဝကို ရီမော့စ်လစ်စ် ဝတ်ကင်း အော့ဖ် ဖိတ်(တ်) (remorseless working of fate) ဟု ခေါ်သည်။ ချစ်ခြင်း၊ မုန်းခြင်း မရှိ။ ပုဂ္ဂိုလ်ကို မသိ။ မျက်နှာ မလိုက်၊ ဘာကိုမှ မသိ အသည။ နာစေ သာစေ ဘာဖြစ်စေဟု ဖောစေတနာတွေ မရှိ။ အဗျာပါဒ၊ သူ လာလျှင် မည်သူမှ တောင့်တင်းမခံနိုင်။ သူ့သဘော သူဆောင်၍ သူ့ဓမ္မတာ သူ စီရင်သည်။ အယူခံ၍ မရပါတကား။

သြော်… ကိုးခန်းပျိုကြီးတွင် အရှင်မဟာရဋ္ဌသာရကလည်း-

**'နာနာလောက၊ အနန္တကို၊ ကမ္ဘာသကာ၊ မှတ်ထင်ရာသည်၊ ယင်းသာ ဘူတဝါဒီတည်း'**

ဟု စပ်ဆိုသွားသည်။

ဟုတ်သည်။ သူ့ကို ခေတ္တလှည့်စား ယာယီ ရှောင်ကွင်းထား၍ ရတန်သမျှမျှ ရမည်။ အချိန်တန်၍ သူ တကယ်လာလျှင်ကား-

မြတ်ထန် ဂီတနှင့် မြော၍ အတွေးကောင်းနေမိက် တယ်လီဖုန်းက မြည်လာသည်။

ဘုရား ဘုရား… အသက် လုယူရမည့် အရေးပေါ်ကိစ္စ ပေါ်လာပြန်ပြီလော။

မြတ်ထန်က တယ်လီဖုန်း ကောက်ကိုင်သည်။

"မောင်မြတ်မောင်လား ဟေ့"

"ဟုတ်ကဲ့"

"ငါပါ၊ စိုးရပါ"

"သြော်… ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာကြီး"

စိုးရ… ဒေါက်တာစိုးရ၊ မိမိ၏ ကျေးဇူးရှင် ပါရဂူဆရာဝန်ကြီး။ အသက်ပေါင်းများစွာကို ကယ်ခဲ့သူ၊ မိမိကိုလည်း အောင်မြင်မှု လမ်းကြောင်း ပေါ် တင်ပေးခဲ့သူ။ ယခု အငြိမ်းစားယူခဲ့ပြီး ဖြစ်သော်လည်း အနားမယူနိုင်သေးဘဲ အားကိုးကြသူ လူများ၏ အသက်ကို ဆက်စောင့်ရှောက်နေသေးသူ။

"ငါ ဆေးရုံကြီးကို လှမ်းဆက်သေးတယ်၊ မင်း အိမ်ပြန်သွားပြီ ဆိုလို့"

"အရေးကြီးတဲ့ကိစ္စ ပေါ်လာပြန်ပြီလား ဆရာကြီး"

ဆရာကြီး၏ အသံအယာ ရယ်မောသံ ပေါ်လာသည်။

"မင်းတို့ ငါတို့ အလုပ်မှာ ဘယ်တုန်းက အရေးမကြီးတာ ရှိခဲ့ဖူးသလဲ"

'ဆင်ဖမ်းလည်း ဒီဝီရိယနှင့် စေတနာ၊ ယုန်ဖမ်းလည်း ဒီဝီရိယနှင့် စေတနာ' ဆရာကြီး၏ ဆုံးမစကားကို မြတ်ထန် ပြန်ကြားယောင်လာသည်။

"ဟုတ်ကဲ့"

ဆရာကြီးကသာ သူ့ပကတိ တည်ငြိမ်သော အသံနှင့် ရှင်းပြနေ၏။

"လူနာတစ်ယောက်ကို ဆေးရုံကြီး ပို့လွှတ်လိုက်ရတယ်၊ မျှော်လင့်ချက်တော့ နည်းတယ်၊ ဒါပေမဲ့ မင်း သိတဲ့အတိုင်းပဲ၊ နည်းနည်း များများ မျှော်လင့်ချက်က မျှော်လင့်ချက်ပဲ၊ တို့ အလွယ်စွန့်ပစ်မထားနိုင်ဘူး"

"ကျွန်တော် မမေ့ပါဘူး ဆရာကြီး"

"အသက်က ကြီးပြီ၊ ငါ့လူနာဟောင်းပဲ၊ အချက်အလက် အားလုံး ငါ့မှာ ရှိတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်က တစ်ခါ ခွဲစိတ်ရတယ်၊ ခုက ဒုတိယအကြိမ်၊ ဒါကြောင့် ငါ အထပ်ထပ် စဉ်းစားချင့်ချိန်တယ်၊ ဒါပေမဲ့ တခြား ရွေးစရာ မရှိဘူး"

"ဘာဖြစ်တာလဲ ဆရာကြီး"

"အက်ကျူ့ မိုင်အိုကားဒီယဲ အင်ဖတ်ရှင်း… (Acute Myocardial Infarction) လက္ခဏာတွေတော့ ပြနေတယ်"

"အို…"

"ကားဒီးယက်အရက်စ် (Cardiac Arrest) အချိန်မရွေး ဖြစ်နိုင်တယ်၊ ရှော့က် (Shock) ဖြစ်ပြီးပြီ၊ ဒါကြောင့် ဆေးရုံကြီးဆီ အမြန်တင်လိုက်တာ၊ အသေးစိတ်တော့ မင်းနဲ့ ငါ တိုင်ပင်မယ်၊ တစ်ခုတော့ ရှိတယ်"

"ဘာလဲ ခင်ဗျာ"

"လူနာက သိပ်စိတ်ဓာတ်ပြင်းတယ်၊ အသက်ရှင်လိုစိတ်လည်း ကြီးတယ်"

"ကောင်းတာပေါ့ ခင်ဗျာ"

"အင်း… သူ့ စိတ်ဓာတ်ပြင်းပုံက ကောင်းလည်း ကောင်း၊ ဆိုးလည်း ဆိုး၊ အေးလေ… တို့ တိုင်ပင်မယ်"

တယ်လီဖုန်း ပြောပြီးနောက် မြတ်ထန်က ဆိုဖာပေါ်တွင် ပြန်လှဲသည်။

ပစ္စုပ္ပန်မှာ စိတ်ကို ထားပြီး နားနေသော်လည်း မနက်ဖြန်၏ အရိပ်တွေက ခိုးဝင်နှောင့်ယှက်လိုသည်။

မနက်ဖြန်တွေက အများကြီး၊ ဆရာကြီး ဦးစိုးရ ပြောသကဲ့သို့ မိမိတို့၏ မနက်ဖြန်များတွင် အရေးမကြီးတာတွေက မရှိဘူး။

သည်တော့ မနက်ဖြန်၏ အရိပ်များရယ်… ခဏ သွားပါ၊ ခွင့်ပြုပါ။

မြတ်ထန်က စိတ်ကို ဂီတအလျဉ်ဆီ ပြန်မျှောသည်။

ဩော်… သီချင်းက ဒုတိယအခေါက်ပင် ဆုံးတော့မည်။

**'သွားတော့… သွားတော့… လေလွင့်လေရာ**

**မထောက်ချင့် မငဲ့ညှာတတ် ကမ္ဘာ့တွာ၊ အသည… အဗျာပါ…**

**လေရူးဟာ စာမတတ်ပါ'**

ဠ

# အခန်း - ၁၃

ဟိုးတစ်နေ့တုန်းကကဲ့သို့ပင် လက်အိတ်စွပ်ထားသော မိမိ၏ လက်ကလေးများကို မြတ်ထန်က ကြည့်သည်။ ကျေနပ်စွာ ကြည့်သည်။

ကျေနပ်စွာ...

လက်ကလေးများက မတုန်ယင်။ ဦးနှောက်မှ ပို့သမျှ ညွှန်ကြားချက်ကို ကျေကျေပွန်ပွန် သိမ်သိမ်မွေ့မွေ့ ကျွမ်းကျွမ်းကျင်ကျင် နူးနူးညံ့ညံ့ လိုက်နာ ဆောင်ရွက် လှုပ်ရှားနေကြသည်။

မိမိ၏ စိတ်ကလည်း ပန်းပွန်တည့်တည့်မှာ စူးစိုက်တည်ငြိမ်နေသည်။

အတိတ်တွေ မရှိပါ။ အနာဂတ်တွေ မရှိပါ၊ ပန်းပွန်သာ...

မိမိ၏ ပန်းပွန်ကလည်း သိမ်မွေ့နူးညံ့လွန်းလှသည်။ တစ်ချက် တိမ်းလိုက်လျှင် နောက်တစ်ဖန် ပြန်မရနိုင်သော ပန်းပွန်။ တစ်ချက် မှားလိုက်လျှင် ပြန်အစားထိုးမရသော ပန်းပွန်။

ပန်းပွန်မှာ တည်တည်ငြိမ်ငြိမ် စူးစိုက်နေနိုင်သည့် မိမိ၏ စိတ်ကို ကျေးဇူးတင်သည်။ ကျွမ်းကျွမ်းကျင်ကျင်နှင့် တာဝန်ကျေသည့် မိမိ၏ လက်လေးများကိုလည်း ကျေနပ်သည်။

အော်ပရေးရှင်း၊ ဗျူဟာမြောက် စီစဉ်ဆောင်ရွက်ရသည့် ကြီးပမ်းအားထုတ်မှု။ ဗျူဟာ ဆိုသော ပါဠိစကားက အစု၊ စုရုံးခြင်း၊ စစ်ဆင်ခြင်းဟု အဓိပ္ပာယ်တွေ ရှိသည်။

နော်မန်ဒီကမ်းခြေ တက်သည့် စစ်ဆင်ရေးမျိုးကြီးတွေက အချိန်ယူ တွက်ဆ ဆင်ခြင် ပြင်ဆင်စီစဉ်ရသည်။ ဦးနှောက်ပေါင်းများစွာ တိုင်ပင်ရသည်။ အစစအရာရာကို ကြိုတင်ခန့်မှန်း ချင့်ချိန်ရသည်။ မည်မျှ တွက်ဆ ချင့်ချိန် ပြင်ဆင်သည် ဖြစ်စေ ရစ်(စ်)ဖက်တာ (risk factor) ခေါ် စွန့်လုပ်ရမည့် အစိုးမရခြင်း အန္တရာယ်က အမြဲရှိနေသည်။ အဲဒါကိုတော့ တပ်မှူးကြီး တစ်ဦးတည်းသာ နောက်ဆုံးမှာ တာဝန်ယူ ရင်ဆိုင်ရမည်။ ဆုံးဖြတ်လိုက်ပြီ ဆိုသည်နှင့် နောက်ဆုတ်၍ မရပြီ။ ကိုယ့်သတိ၊ သမာဓိနှင့် ပညာမှတစ်ပါး အားကိုးဖွယ် အခြား ဘာမျှ မရှိပြီ။ သတိ၊ သမာဓိ၊ ပညာနှင့် ပစ္စုပ္ပန်တွင် ရဲရဲအာရုံစိုက်ထားရတော့မည်။ ကျန်တာကတော့ အင်း… ကမ္ပသကာ…။

မိမိဘေးတွင် ကိုယ့်တာဝန် ကိုယ်ယူနေကြသော ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးနှင့် ဆရာမများ၊ အခြား ကျွမ်းကျင်သူများ ရှိနေကြသည်ကို မြတ်ထန် သိသည်။ သြော်… ယနေ့ဆိုလျှင် မိမိ၏ ဆရာကြီး ဒေါက်တာ ဦးစိုးရပင် အနီးတွင် ရှိနေ၏။ ကျွမ်းကျင်သူတို့ ကျင်ကျင်လည်လည် ထိန်းချုပ်ကိုင်တွယ်ထားသည့် ကိရိယာများလည်း ရှိနေသေးသည်။ ဤသည်က ဗျူဟာသဘော၊ ဗျူဟာသဘာဝ၊ အားလုံးကို ကျေးဇူးတင်ပါသည်။

သို့ရာတွင် နောက်ဆုံးတော့ မိမိနှင့် မိမိ ပစ္စုပ္ပန်။ တစ်ချက် မှားလျှင် ပြန်အစားထိုးမရသော ပစ္စုပ္ပန်။

ပစ္စုပ္ပန် ပရမတ်စစ်စစ်တွင် အတိတ်၊ အနာဂတ်သဘောတွေ မရှိဟု ဆိုသည်။ အတိတ်၊ အနာဂတ်သဘောတွေ မရှိတော့ အချိန်သဘောဟူသည် ဘယ်မှာ ရှိနိုင်မည်နည်း။

မည်မျှ ကြာမည်ကို ကြိုတင်ခန့်မှန်း သတ်မှတ်ထားသည်တော့ ရှိသည်။ သို့ရာတွင် အဲသည်အချက်ကိုလည်း ပစ္စုပ္ပန်တွင်း၌ ရှိစဉ် သတိမပြုမိတော့။

အသက် ဟူသော ကဗျာပန်းလှလှ။ မိမိ၏ လက်တွင်းမှာ ရှိနေသည်။ အဲသည် ကဗျာပန်းလှလှကသာ ပစ္စုပ္ပန်၊ မိမိ၏ ပစ္စုပ္ပန်…။

မိမိ၏ ဝသီအတိုင်း နောက်ဆုံး ချုပ်ချက်ကို လှလှပပ သပ်သပ်ရပ်ရပ် ချုပ်ပြီးမှ မြတ်ထန်က ခေါင်းမော့လိုက်သည်။

တင်းအားကျသွားသော မျက်နှာများ၊ ဝန်ထုပ်ကြီးကို ချလိုက်ရသဖြင့် သက်သာသွားသော မျက်နှာများ၊ ပြုံးရိပ်ပြသော မျက်နှာများ။

ဪ... မိမိ၏ မျက်နှာမှာလည်း ဤသို့ပင် ရှိနေလိမ့်မည် ထင်သည်။

အားလုံးကို ကျေးဇူးတင်စကား ဆိုပြီးနောက် မြတ်ထန်က လူနာ၏ မျက်နှာကို တစ်ချက် စိုက်ကြည့်မိသည်။

အတိတ်တွေ၊ အနာဂတ်တွေ လာပါတော့... လာခွင့်ပြုပါပြီ။

အတိတ်သဘော သညာက္ခန္ဓ စလာသည်။ သူက ခံစားမှု ဝေဒနာက္ခန္ဓာ ကိုပါ တွဲခေါ်လာသည်။

အတိတ်က ခံစားမှုဝေဒနာ၊ ပစ္စုပ္ပန် ကျေနပ်မှု သုခဝေဒနာ။

ဘယ်သင်းက ပိုတန်ခိုးကြီးသနည်း။

မိမိ၏ နားနေခန်းရှိ ပက်လက်ကုလားထိုင်၌ ထိုင်မိသော မြတ်ထန်က နဖူးမှ ချွေးပေါက်ကြီးများကို သတိပြုမိသည်။

ဝတ်စုံစိမ်းကိုပင် ဝတ်ထားသော ဆရာကြီးဦးစိုးရက ဝင်လာပြီး လက်ဆွဲနှုတ်ဆက်၏။

"သား... မြတ်မောင်၊ ကျေးဇူးတင်တယ်"

"သိပ်ကျေးဇူးတင်တယ်"

ကျေးဇူးရှင် ဆရာကြီး၏ 'သား'ဟု ခေါ်သံက မြတ်ထန်၏ ရင်တွင် ပီတိကို ဖြစ်ပေါ်စေသည်။

တစ်ပြိုင်နက်မှာပင် ရိပ်ရိပ်လေး ဝမ်းနည်းမိသည်။

သား...

သူ ခေါ်မည်လား၊ ခေါ်နိုင်ပါ့မည်လား။

၆

## အခန်း - ၁၄

သူ့ကို ဆရာကြီးအိမ်မှာပင် နှုတ်ဆက်ခဲ့သည်။ မိမိ အိမ်တွင်တော့ မဟုတ်။

နှလုံးရောဂါရှင်၏ အသက်ကဗျာ ပန်းနုနုအကြောင်းကို မိမိ နားလည်သည်။ ဝေဒနာကျွန်ုပ်ကို တွဲသယ်ခေါ်ဆောင်လာတတ်သော သညာကျွန်ုပ်က ပိုးမွေးသလို မွေးထားရသော နှလုံးကို ဘာလုပ်မည်နည်း။

ဘာလုပ်လုပ် မိမိ ခွင့်မပြုနိုင်ပါ။ ခွင့်မပြုနိုင်သေးပါ။

သို့ရာတွင် သူက ကျေးဇူးတင်စကား ဆိုပြီး နှုတ်ဆက်ချင်သည်။

သည်တော့ ဆရာကြီး၏ အိမ်တွင်သာ တွေ့ကြသည်။

အမှန်ကလည်း သူက ဆရာကြီး၏ လူနာ။

သူ့အရပ်ကြီးက ရှည်တုန်းပင်။ သို့ရာတွင် ညွတ်ကိုင်းနေပြီ ဖြစ်သောကြောင့် စီးစီးမိုးမိုးမှု မဟုတ်တော့။ မှုန်ဝေနေသော သူ့မျက်လုံးများ၌လည်း မီးတောက်ညွန့်ကို မတွေ့ရတော့။ တစ်ချိန်က စူးမြသော သူ့အသံသည်ပင် ယခု တုံးတုံးခြောက်ခြောက်နှင့် ကွဲအက်နေသည်။

"ကျွန်တော်က အပြောသမား မဟုတ်ဘူး၊ အလုပ်သမား၊ ဒီတော့ စကားများများ မပြောတတ်ဘူး၊ ကျေးဇူးတင်တယ်၊ သိပ်တင်တယ်"

စရောက်ကတည်းက ဤစကားကို သူ ဆိုခဲ့သည်မှာ သုံးကြိမ်ခန့် ရှိပြီ။

အသက်လည်း ကြီးပြီး ရောဂါ အနှိပ်စက်လည်း ခံရသူတို့ အမိက ပြောလိုသော စကားကို ထပ်တလဲလဲ ပြောတတ်ကြောင်း မြတ်ထန် သိသည်။ သည်တော့ ပြောပါစေ၊ စိတ်ကျေနပ်သည်အထိ ပြောပါစေ။

"ဆရာက ပိုက်ဆံလည်း မယူဘူး၊ လက်ဆောင်လည်း မယူဘူး၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမှာလဲ"

ချီသာစွာ ပြုံးပြီး မြတ်ထန်က ပြောရ၏။

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီး ကျန်းမာအောင် နေပါ"

"ခင်ဗျာ..."

"ကျန်းမာအောင် နေပါ၊ စိတ်ကို ချမ်းချမ်းသာသာ ထားပါ"

သူက မျက်မှောင် တစ်ချက် ကုတ်သွားပြီးမှ ဆို၏။

"ကျွန်တော် ပြောတာက ဆရာက ကျေးဇူးဆပ်ခွင့် မပေးဘူး၊ ဘာမှ မယူဘူး၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ၊ အဲဒါ မေးတာ"

"ဟုတ်ကဲ့... အဲဒါပဲ ကျွန်တော် ဖြေတာ"

"ဗျာ..."

"တင်စားပြီး ကျွန်တော် ပြောပြမယ်နော်၊ ဥယျာဉ်မှူးတစ်ဦးဟာ သူ စိုက်ပျိုးထားတဲ့ ပန်းလေး ပွင့်လန်းနေရင် ဝမ်းသာတယ်"

"အင်း အင်း... ပန်းမစူးကြအောင်လည်း ကာကွယ်ရတယ်"

မြတ်ထန်၏ ပြောမည့် စကားတွေက ခေတ္တ အလျဉ်တန့်သွားသည်။ သြော်... သည်ကိစ္စမှာတော့ ယခု မိမိ၏ စေတနာနှင့် မခြားနားလွန်းလှဟု ထင်သည်။

"ဟုတ်ကဲ့... ပြီးတော့ ကဗျာဆရာ ဆိုတာ ရှိတယ်၊ သူက ကဗျာ စပ်လိုက်တဲ့အခါမှာ တခြား ဘာမှ အလိုမရှိဘူး၊ သူ့ကဗျာလေး အလှဓာတ်နဲ့ အသက်ဝင်နေရင် သူ ဝမ်းသာတယ်၊ ကျွန်တော်တို့ ဆရာဝန် ဆိုတာလည်း ကဗျာဆရာ တစ်မျိုးပါ၊ အသက်ရှင်သန်ခြင်း ဆိုတဲ့ ကဗျာတစ်မျိုးကို ဖွဲ့စပ်တယ်၊ ကိုယ် ကုသလိုက်တဲ့သူ ကျန်းမာ အသက်ရှည်နေရင် ကဗျာဆရာလိုပဲ သူ ဝမ်းသာနေပါတယ်၊ ပီတိသုခလို့ ခေါ်ပါတယ်၊ ချမ်းသာခြင်းပါ၊ ဘာနဲ့မှ မတူတဲ့ ချမ်းသာခြင်းပါ၊ ဆိုပါတော့... ခု အခိုက်အတန့်မှာ ဘ... အဲ..

ဦးနဲ့ စကားပြောနေခိုက် ကျွန်တော့် ချမ်းသာခြင်းကို ဘာကမှ မမီပါဘူး၊ ဒါကြောင့် တခြား ဘာကိုမှ ကျွန်တော် အလိုမရှိပါဘူး''

သူက ခေတ္တငြိမ်နေသည်။ ထို့နောက် ယခုအထိ စကား ဝင်မပြောသေးသော ဒေါက်တာဦးစိုးရကို လှမ်းကြည့်သည်။

ဦးစိုးရကလည်း သူ့ကို နှစ်သိမ့်စကား ဆို၏။

''ကျေနပ်နော်၊ မောင်မြတ်မောင်က သူ့စေတနာအရင်းခံကို ပြောပြနေတာ၊ ခင်ဗျား ခုလို ကျန်းမာ သက်သာလာလို့ သူ တကယ် ဝမ်းသာနေတာ၊ ကျွန်တော်လည်း ဝမ်းသာတာပဲ၊ ကျွန်တော်တို့ ဝမ်းသာတာကို မောင်မြတ်မောင် ပြောသလိုပဲ ဘာကမှ မမီဘူး၊ ခု ခင်ဗျားရဲ့ ကျေးဇူးတင်စကားကို သူ လာ နားထောင်တယ်၊ သူ့စေတနာကိုလည်း ပြောပြပြီးပြီ၊ ကျေနပ်တော့၊ ဟုတ်လား''

သူက ငြိမ်နေပြီးမှ ဆိုသည်။

''ကဗျာ... ကဗျာအကြောင်း ပြောတယ်''

''ခင်ဗျား နားလည်အောင် သူက ဥပမာ တင်စားပြောတာ''

''ကျွန်တော် နားလည်တယ်၊ ကဗျာ... ကဗျာအကြောင်း သူလည်း ပြောတယ်၊ သူတို့ ပြောကြတယ်''

သူက မြတ်ထန်ဘက် လှည့်ကြည့်ပြီး မေး၏။

''ဆရာ့နာမည်က မြတ်...''

''မြတ်မောင်ပါ''

သူက မှုန်ဝေသော မျက်လုံးများနှင့် မြတ်ထန်ကို စိုက်ကြည့်နေ၏။

''သူ့နာမည်ကတော့ မြတ်... မြတ်... ထန်၊ မြတ်ထန်၊ ကျွန်တော့် မျက်လုံးတွေက မကောင်းတော့ဘူး၊ သတိကလည်း မေ့တယ်၊ ဒါပေမဲ့...''

သူက မြတ်ထန်ကို အကြာကြီး စိုက်ကြည့်နေ၏။

''သူက ဆရာနဲ့ တူသလိုပဲ၊ ဆရာက နည်းနည်းပိုဝတယ်၊ ဆံပင် မတူဘူး၊ ဒါပေမဲ့ သူနဲ့ တူတယ်၊ ကျွန်တော့်စိတ်ထဲ ခုမှ ဝင်လာတယ်၊ တူတယ်''

''လူတူ မရှားပါဘူး''

မြတ်ထန်က တည်ငြိမ်စွာ ပြောရင်းက ဦးစိုးရကို လှမ်းကြည့်သည်။

ဦးစိုးရ၏ မျက်နှာက ဣန္ဒြေမပျက်။

သို့ရာတွင် မျက်လုံးများက မသိမသာ ကျဉ်းပြီး မြတ်ထန်ကို ကြည့်နေသည်။

“ဟုတ်ပါတယ်၊ လူတူ မရှားပါဘူး၊ ကျွန်တော်က သတိရတာကို ပြောနေတာ၊ ကျွန်တော်က ငရဲကြီးနေသူ”

“ခင်ဗျာ…”

“သူ့ကြောင့် ကျွန်တော် ငရဲကြီးနေတယ်၊ ကျွန်တော့် သမီးလေး၊ သူ့ကြောင့် ကျွန်တော်… ကျွန်တော်၊ ငရဲ ပိုကြီးတယ်”

ရှိသမျှ အင်အားတွေကို ကျုံးယူပြီး မြတ်ထန်က အတည်ငြိမ်ဆုံး ပြောရ၏။

“အဲဒါတွေကို မတွေးပါနဲ့၊ စိတ်ချမ်းသာအောင် နေပါ၊ ဪ… ဦးက ကျွန်တော့်ကို ကျေးဇူးဆပ်ချင်တယ်နော်”

သူက ပိုမိုမှုန်ဝေနေဟန်ရှိသော မျက်လုံးကြီးများနှင့် မြတ်ထန်ကို ကြည့်ပြီး ခေါင်းညိတ်ပြ၏။

“ဆရာဝန်အတွက် သူ ပြုစုစောင့်ရှောက်လိုက်တဲ့ အသက်ပန်းဟာ သူ့ကဗျာလို့ ကျွန်တော် ပြောပြီးပြီ၊ ကျွန်တော် ဝမ်းသာနေတယ်လို့လည်း ပြောပြီးပြီ၊ ကျွန်တော် ဆက်ဝမ်းသာနေပါရစေ၊ ဦးဆီက ဒါကို ကျွန်တော် တောင်းဆိုတယ်”

“ကျေးဇူးဆပ်ဖို့”

“ဟုတ်ပါတယ်”

သူက အတန်ကြာ တွေနေပြီးမှ ကတိပေး၏။

“ကျွန်တော် ကြိုးစားပါ့မယ်၊ အင်း… ကျွန်တော့်မှာလည်း လုပ်စရာ လေးတွေ ရှိသေးတယ်”

သူ ပြန်သောအခါ ဦးစိုးရနှင့်အတူ မြတ်ထန်က သူ့ကို ကားဆီ လိုက်ပို့သည်။

သူ့ကို တွဲကူလိုက်ပို့သည့် သူကို မြတ်ထန် မသိ။

ကားကြီးကလည်း မီးခိုးရောင် ကားအသစ်ကြီး။

တော်ပါသေး၏။ ဒရိုင်ဘာကလည်း လူသစ်တစ်ဦး။

သူက ကားမထွက်မီ ဆို၏။

“ကျွန်တော် မော်လမြိုင်ကို ပြန်မယ်၊ ဟိုမှာ ကျွန်တော် စိတ်… စိတ်သက်သာမယ် ထင်တယ်၊ ဟိုမှာက မဒွေးကြွယ်လည်း ရှိတယ်၊ မဥ္စူတို့ လည်း ရှိတယ်၊ ကျွန်တော် သွားမယ်”

ဆောင်းညနေ၏ နှင်းဝေဝေတွေအတွင်း သူ့ကားကြီး မျက်စိတစ်ဆုံးမှာ ပျောက်သွားသည့်အထိ မြတ်ထန်က ငေးကြည့် ကျန်ရစ်၏။

ဦးစိုးရက မှတ်ချက်ချ၏။

"ဒီပုဂ္ဂိုလ်က မိသားစု သံယောဇဉ် အလွန်ကြီးတယ် ထင်တယ်၊ မဒွေးကြွယ် ဆိုတာ သူ့ဇနီး၊ ငါ သိတယ်၊ အခု မရှိတော့ဘူး၊ မဥ္စူဆိုတာက သမီး ထင်တယ်၊ အင်းလေ... သမီးတစ်ယောက် ကျန်သေးတာ ကောင်းတာပေါ့"

"ခင်ဗျာ"

"မင်းကို ငါ အဲဒါ မပြောမိသေးဘူး၊ သူ အခု အတက်ခ်ိရတာရဲ့ အနီးကပ် အကြောင်းက ဟောင်ကောင်မှာ နေတဲ့ သူ့သမီး ကွယ်လွန်လို့၊ နှလုံးရောဂါနဲ့ပဲ၊ အလို... မောင်မြတ်မောင်... မင်း... မင်း ဘာဖြစ်သလဲ"

မိမိ၏ ဒူးများ ပျော့ညွတ်ပြီး ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းယိုင်သွားသည်ကို မြတ်ထန် သတိပြုမိ၏။

အိမ်အဝင် အုတ်တိုင်ကို လက်ဖြင့် အားပြုပြီး သူက ဦးစိုးရကို ကြည့်သည်။ အမှန်က ခေတ္တ ဘာကိုမျှ မမြင်။

"မင်း ဘာဖြစ်သလဲ မြတ်မောင်"

သူက ကြိုးစားပြီး ဖြေသည်။ သို့ရာတွင် သူ့စကားက အဓိပ္ပာယ်ရှိပါလေ၏လော။

"မဥ္စူ ဆိုတာ မရှိဘူး၊ ခု သန်... သန့်လည်း မရှိတော့ဘူး၊ ကျွန်တော့် ငယ်နာမည်က မြတ်... မြတ်ထန်"

၀

# အခန်း – ၁၅

ဆန်နီကားဝါလေးက ကျိုက်မရောလမ်းပေါ် ပြန်တက်၍ ထွက်လာချိန်၌ မြတ်ထန်က ကျောက်ရှပ်ကဲ့သို့ ငြိမ်လိုက်လာရာ မြင့်အောင်က မေး၏။

"နှလုံးဆရာဝန်ကြီး၊ နှလုံး ထိခိုက်သွားသလား"

"အင်း… ထိခိုက်တယ်၊ ကောင်းသော ထိခိုက်ခြင်း"

"ဘာရယ်… ကောင်းသော ထိခိုက်ခြင်း"

"ထရက်ဂျဒီ ဆိုတဲ့ ရင်နင့်ဖွယ် ပြဇာတ်ကြီးတွေက နှလုံးသားကို ဘာလုပ်တယ် ဆိုတာ အရစ္စတိုတယ်က ပြောပြခဲ့တယ်၊ 'ကသားဆစ်စ်' လို့ သူက ခေါ်တယ်"

"ကသားဆစ်စ်"

"ခံစားမှုတွေကို သန့်လည်း သန့်စင်ပေး၊ ထွက်လမ်းလည်း ဖွင့်ပေးတဲ့ သဘောကို ပြောတာ၊ စိတ်ကုသ ဆေးပညာကတော့ ခံစားမှုတွေ၊ စိတ်ပြဿနာတွေ၊ စိတ်အထုံးအနှောင်တွေကို မသိစိတ်ထဲ ဖုံးကွယ်မထားဘဲ သိစိတ်

ထဲ ရဲရဲပေါ်စေပြီး သဘာဝအတိုင်း သူ့မွေတာ သူ ဆောင်စေတာကို ကသားဆစ်စ် လို့ ခေါ်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမကတော့ 'မာယာ' ဆိုတဲ့ လှည့်စားမှု၊ 'သာဌေယျ' ဆိုတဲ့ ကောက်ကျစ်စဉ်းလဲမှုတွေက ကင်းပြီး စိတ်ကို ဖြောင့်ဖြောင့်တည့်တည့် ရှုရမတဲ့၊ ဩော်... ငါ အခု ကသားဆစ်စ် ပြီးပြည့်စုံ သွားတယ် ထင်တယ်''

''ဆိုလိုတာက မင်း ရင်ထဲ ဘာမှ မကျန်တော့ဘူးပေါ့''

''အို... ကျန်တာပေါ့ကွာ၊ ကျန်နေသေးတာပေါ့''

''ကျန်နေသေးတယ်''

''မဂ် မရသေးတဲ့ ပုထုဇဉ်ရဲ့ စိတ်မှာ အတိတ်သဘော၊ အနာဂတ် သဘောတွေ ဘယ်မှာ အကုန်စင်နိုင်ပါ့မလဲ၊ ဒါပေမဲ့ အားကိုးစရာ 'သမ္မပ္ပဓာန်' တရား ဆိုတာ ရှိတယ်၊ အနှစ်အချုပ် ပြောရရင် အတိတ် ဆိုတာမှာ ပြန် မအောက်မေ့ထိုက်တာတွေ ရှိသလို ပြန်အောက်မေ့ထိုက်တာတွေ ရှိတယ်၊ အနာဂတ်မှာလည်း မကြိုစည်ထိုက်တာတွေ ရှိသလို ကြိုစည်ထိုက်တာတွေ ရှိတယ်၊ သိစိတ် ပြင်ဆွဲန်းပြီး ဆောင်သင့်တာ ဆောင်၊ ရှောင်သင့်တာ ရှောင်ဖို့ ကိုယ်က လုံ့လထုတ်ရမှာ''

ကားကို မောင်းလျက် အတန်ကြာမှ မြင့်အောင်က မေးသည်။

''ဖြစ်ခဲ့သမျှမှာ မင်းအတွက် အောက်မေ့ထိုက်စရာ ဘာရှိလဲ''

''ရှိတာပေါ့ မြင့်အောင်ရယ်''

''သန့်လား''

''အင်း... သန့်၊ သန့်နေတဲ့ သန့်''

''သန့်နေတဲ့ သန့်''

''ကုမုဒြာကြာဖြူပါ မြင့်အောင်၊ သူက ပိတောက်လို လေရူးခြေလို့ မကြွေပါဘူး၊ ငါ့ရင်ထဲ လရောင်က အမြဲလင်းနေတော့ သူ အမြဲပွင့်နေတယ်၊ ဩော်... မြင့်အောင်ရေ''

''ဘာလဲ...''

''ညနေကျရင်လေ မနောမယခြံကြီးနဲ့ စိတြဂေဟာကြီးဆီ တို့ လမ်း လျှောက်ကြရအောင်''

''မနောမယခြံကြီးနဲ့ စိတြဂေဟာကြီးဆီ''

"ဟုတ်တယ်၊ စမ်းချောင်းလေးထဲကနေ လျှောက်ကြမယ်"

"စမ်းချောင်းလေးထဲက"

"ပွင့်ချောနိုင်မှာ ချောတဲ့ ပန်းတွေ ချောပါစေ၊ ဘာတတ်နိုင်မှာလဲ၊ ဒါပေမဲ့ ကမ္ဘာဦးကလို ကမ္ဘာဦးမှာ ပွင့်တဲ့ ငါ့ကုမုဒြာကို ငါ သွားကြည့်မယ်"

ဩ

ပြီးပါပြီ။

တက္ကသိုလ်ဘုန်းနိုင်

၈-၁၀-၉၄